# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ချမ်းသာကို ဆောင်ရွက်တတ်၏**

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက် | ၂၀၂၅ ခုနှစ်၊ မေ ၂၁ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၄)၊ အမှတ်(၂၂၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဒုတိယနေ့တွင် အမှာစကားပြောကြားစဉ်။

# လူငယ်များသည် နိုင်ငံတော်၏ အနာဂတ်ကို ဖန်တီးကြမည်ဖြစ်သဖြင့် စိတ်ဓာတ် စည်းကမ်းကောင်းပြီး စာပေပညာ၊ အတတ်ပညာ ပြည့်စုံသည့် လူငယ်များကို မွေးထုတ်ပေးခြင်းသည် တိုင်းပြည်၏အနာဂတ်ကို တည်ဆောက်နေခြင်းပင်ဖြစ်

နေပြည်တော် မေ ၂၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁ ✻*




❑ **မိမိတို့နိုင်ငံအနေဖြင့် လျှပ်စစ်ဓာတ်အားဖူလုံစွာရရှိရေးအတွက် လျှပ်စစ်ဓာတ်အားပေးစီမံကိန်းများကို ယခင်ကာလများကတည်းကပင် ချမှတ်ဆောင်ရွက်ခဲ့၊ သို့သော်လည်း အဆိုပါ ရှိရင်းစွဲလျှပ်စစ်ဓာတ်အားပေး စီမံကိန်းများကို အကြောင်းအမျိုးမျိုးကြောင့် ဆက်လက်အကောင်အထည်ဖော်ဆောင်နိုင်မှုမရှိခဲ့ခြင်းကြောင့် လျှပ်စစ်ဓာတ်အားဖူလုံမှုမရှိခြင်းဖြစ်၊ ထင်ရှားသည့် ဥပမာတစ်ခုကို ပြမည်ဆိုပါက မြစ်ဆုံရေအားလျှပ်စစ် စီမံကိန်း ရပ်ဆိုင်းခဲ့ရမှုမရှိပါက မဂ္ဂါဝပ် ၆၀၀၀ ရရှိမည်ဖြစ်၊ ရှိပြီးဖြစ်သည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းတို့ ပေါင်းစပ်လိုက်မည်ဆိုပါက လျှပ်စစ်ဓာတ်အား လိုအပ်ချက်ပြည့်မီရုံသာမက ကျော်လွန်သည့် အနေအထားသို့ပင် ရောက်ရှိနိုင်မည်**

*✻ ရွှေဖုံးမှ*

### လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများအား အသီးသီးရှင်းလင်းတင်ပြ

အစီအစဉ်အရ ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် ရည်မှန်းချက်တာဝန်များကို အောင်မြင်အောင် ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ လုပ်ငန်းလည်ပတ်လျက်ရှိမှုအခြေအနေများ၊ အထွေထွေ တင်ပြချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

### တင်ပြချက်များနှင့်စပ်လျဉ်း၍ ဖြည့်စွက် ဆွေးနွေးမှာကြား၊ လျှပ်စစ်စွမ်းအင်ဆိုင်ရာ

တင်ပြချက်များနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဖြည့်စွက်ပြောကြားရာတွင် လျှပ်စစ်နှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် လိုအပ်ချက်ပြည့်မီမှုမရှိသေးကြောင်း၊ လျှပ်စစ်စွမ်းအင်မရှိပါက ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ထိုက်သင့်သလောက် ဆောင်ရွက်နိုင်မည် မဟုတ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် လျှပ်စစ်ဓာတ်အား ဖူလုံစွာရရှိရေးအတွက် လျှပ်စစ်ဓာတ်အားပေးစီမံကိန်းများကို ယခင်ကာလများကတည်းကပင် ချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ သို့သော်လည်း အဆိုပါ **ရှိရင်းစွဲ လျှပ်စစ်ဓာတ်အားပေးစီမံကိန်းများကို အကြောင်းအမျိုးမျိုးကြောင့် ဆက်လက်အကောင်အထည်ဖော်ဆောင်နိုင်မှုမရှိခဲ့ခြင်းကြောင့် လျှပ်စစ်ဓာတ်အားဖူလုံမှုမရှိခြင်းဖြစ်**ကြောင်း၊ ထင်ရှားသည့် ဥပမာတစ်ခုကို ပြမည်ဆိုပါက **မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း ရပ်ဆိုင်းခဲ့ရမှုမရှိပါက မဂ္ဂါဝပ် ၆၀၀၀ ရရှိမည်ဖြစ်**ကြောင်း၊ **ရှိပြီးဖြစ်သည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းတို့ ပေါင်းစပ်လိုက်မည်ဆိုပါက လျှပ်စစ်ဓာတ်အားလိုအပ်ချက်ပြည့်မီရုံသာမက ကျော်လွန်သည့်အနေအထားသို့ပင် ရောက်ရှိနိုင်မည်**ဖြစ်ကြောင်း၊ မိမိတို့ကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ပြည့်ဖြိုးမြဲ လျှပ်စစ်စွမ်းအင်ကို ထုတ်ယူသုံးစွဲခြင်းသည် အကောင်းဆုံးဖြစ်ကြောင်း၊ ပြည့်ဖြိုးမြဲစွမ်းအင်တွင် ရေအား၊ လေအားနှင့် နေအား ဟူ၍ရှိကြောင်း၊ ရေအားလျှပ်စစ်စီမံကိန်းများကို မိမိတို့နိုင်ငံအတွင်း စီးဆင်းနေသည့် မြစ်ချောင်းများပေါ်၌ ဆောင်ရွက်၍ရနိုင်သည် ဖြစ်သော်လည်း အချို့သောနေရာများ၌ လုံခြုံရေး အခြေအနေအရ စီမံကိန်းများရပ်တန့်ထားရခြင်းများနှင့် လုပ်ငန်းဆောင်ရွက်၍မရနိုင်သည်များလည်း ရှိကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် လုပ်ဆောင်၍ ရနိုင်သည့်နေရာများကို ဖော်ထုတ်၍ ဆောင်ရွက်သွားရန်လိုကြောင်း၊ အနိမ့်တမံ Low-Head Dam များ ပြုလုပ်၍လည်း ရေအားလျှပ်စစ်ထုတ်ယူ၍ရနိုင်မည် ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် နေသာသည့်နေ့ရက် များပြားသည့် နိုင်ငံတစ်ခုဖြစ်သဖြင့် နေရောင်ခြည် စွမ်းအင်သုံး ဆိုလာလျှပ်စစ်စွမ်းအင်ထုတ်ယူခြင်းကို ဆောင်ရွက်သင့်ကြောင်း၊ ဆိုလာထုတ်လုပ်ရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်ရမည်ဖြစ်ပြီး ဆိုလာ များသည် အနာဂတ်တွင် လိုအပ်ချက်ကြီးမားလာနိုင် ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌လည်း Small Scale ဆိုလာစက်ရုံများကို ဆောင်ရွက်သင့် ကြောင်း၊ ပြည့်ဖြိုးမြဲစွမ်းအင်နှင့်ပတ်သက်၍ မဖြစ် မနေဆောင်ရွက်ရန် လိုအပ်သည်ဟူသည့် မူဝါဒကို ချမှတ်ဆောင်ရွက်သွားရန်လိုကြောင်း။

အလားတူ စက်သုံးဆီနှင့်ပတ်သက်၍လည်း နှစ်စဉ် အမေရိကန်ဒေါ်လာ ၅ ဘီလီယံခန့်တန်ဖိုးရှိ စက်သုံးဆီများကို တင်သွင်းနေရကြောင်း၊ လောင်စာဆီသုံးစွဲမှု လျှော့ချနိုင်ရေးအတွက် လျှပ်စစ်စွမ်းအင် သုံးမော်တော်ယာဉ်(EV)ကား တင်သွင်းမှုများကို ခွင့်ပြုပေးထားသော်လည်း နိုင်ငံခြားငွေလိုအပ်ချက် များရှိနေသည့်အတွက် ကန့်သတ်ချက်ရှိနေကြောင်း၊ ကုန်သွယ်မှုပို‌ငွေပြနေသော်လည်းပဲ အခြားသုံးစွဲမှု များ အနုတ်များ များပြားမှုရှိနေခြင်းကြောင့် နိုင်ငံခြား ငွေဈေးမြင့်တက်နေကြောင်း၊ ဥပမာအားဖြင့် ပြည်ပသို့ အကြောင်းအမျိုးမျိုးဖြင့် ထွက်ခွာမှုများနှင့် နိုင်ငံခြားငွေသုံးစွဲမှု များပြားလျက်ရှိကြောင်း၊ နိုင်ငံခြား ငွေလိုအပ်ချက်များရှိနေသဖြင့် လျှပ်စစ်စွမ်းအင်သုံး မော်တော်ယာဉ်(EV) ကား တင်သွင်းမှုများတွင် ကန့်သတ်ချက်များ ဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း၊ ယခင်နေ့အစည်းအဝေးတွင် ရှင်းပြခဲ့ပြီးဖြစ်သည့် စိုက်ပျိုးသီးနှံများ ပန်းတိုင်ရည်မှန်းချက် ပြည့်မီ အောင်နှင့် သီးထပ်စွမ်းအားများ ရာနှုန်းပြည့်ပြည့်မီ အောင် ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ့ဝင်ငွေပိုမို ရရှိလာမည်ဖြစ်ကြောင်း၊ အများပြည်သူသုံးသယ်ယူ ပို့ဆောင်ရေး (Public Transportation) များကို ပိုမို အားပေးဆောင်ရွက်ပြီး အသုံးပြုမှုများပြားလာမည် ဆိုပါက နှစ်စဉ်ပြည်ပမှ လောင်စာဆီတင်သွင်းနေရမှု များကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ပို့ဆောင်ရေးနှင့် ပတ်သက်၍လည်း လျှပ်စစ်စွမ်းအင်သုံးပို့ဆောင်ရေး စနစ်သို့သွားနိုင်ရေး ဆက်လက်အကောင်အထည် ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့ အစိုးရအနေဖြင့် တတ်နိုင်သရွေ့ ဆောင်ရွက်သွားမည် ဖြစ်ပြီး မကြာမီကာလအတွင်း ဘက်ထရီစနစ်သုံး မီးရထားစက်ခေါင်းများလည်း ရောက်ရှိတော့မည် ဖြစ်ပြီး စတင်အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း။

### မြန်မာနိုင်ငံရဲ့တပ်ဖွဲ့ဝင်များ၏ စွမ်းရည်မြှင့်တင်ရေး၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးနှင့် လိုင်စင်မဲ့ယာဉ်များ ဖော်ထုတ်ရေး

မြန်မာနိုင်ငံရဲ့တပ်ဖွဲ့ဝင်များနှင့် ပတ်သက်၍ တပ်ဖွဲ့ဝင်များ အရည်အသွေးပြည့်မီစေရေးအတွက် လေ့ကျင့်ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ တပ်ဖွဲ့ဝင်များ၏ သက်သာချောင်ချိရေး၊ နေရေးထိုင်ရေးနှင့် ဝတ်စားဆင်ယင်မှုများနှင့်ပတ်သက်၍ ဖြည့်ဆည်း ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ စည်းကမ်းစနစ် တကျဖြင့် နေထိုင်သွားလာစားသောက်မှုရှိစေရေး၊ လုံခြုံရေးအသိ၊ လုံခြုံရေးသတိ အမြဲရှိစေရေးအတွက် လည်း ကြပ်မတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လူထုနှင့်ထိတွေ့ဆက်ဆံနေရသည့် လုံခြုံရေးတပ်ဖွဲ့ ဝင်များဖြစ်သဖြင့် ၎င်းတို့၏ သက်သာချောင်ချိရေး ဆိုင်ရာကိစ္စရပ်များကို ကြည့်ရှုဆောင်ရွက်ပေးသွား ရမည်ဖြစ်ကြောင်း။

လိုင်စင်မဲ့မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ် များ စီးနင်းနေမှုများကိုလည်း ဖော်ထုတ်သွားရန် လိုကြောင်း၊ နံပါတ်ပြားများအတုပြုလုပ်ခြင်း၊ လိုင်စင် များအတုပြုလုပ်ခြင်းများ လုပ်ဆောင်နေမှုများကို တွေ့ရှိရပြီး တာဝန်ရှိသူများအနေဖြင့် ပါဝင်ပတ်သက် နေသူများအားလုံးကို စိစစ်ဖော်ထုတ် အရေးယူ ဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့စီးနင်းနေမှုများ ကြောင့် နိုင်ငံတော်အနေဖြင့် အခွန်အခများစွာနစ်နာမှု ရှိမည်ဖြစ်သကဲ့သို့ လုံခြုံရေးဆိုင်ရာကိစ္စရပ်များ တွင်လည်း အခက်အခဲများ ဖြစ်ပေါ်နိုင်မည်ဖြစ် ကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ အလိုက်တွင် လိုင်စင်မဲ့မော်တော်ယာဉ်နှင့် မော်တော် ဆိုင်ကယ်များ စီးနင်းမှုမရှိစေရေး ကြပ်မတ်ဆောင် ရွက်သွားရန် လိုကြောင်း။

### နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နယ်စပ် ဒေသရှိ တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်ဖြစ်ပြီး သက်ဆိုင်ရာပြည်နယ်၊ ဦးစီးအဖွဲ့များနှင့်ပေါင်းစပ် ဆောင်ရွက်ရန်လိုကြောင်း၊ တိုင်းရင်းသားဒေသများ အနေဖြင့် ဖွံ့ဖြိုးတိုးတက်မှုမြန်ဆန်စေရေး ပညာ ရေးကို အားပေးမြှင့်တင်ရမည်ဖြစ်သဖြင့် နိုင်ငံတော် အနေဖြင့် ခေတ်အဆက်ဆက်အားပေးဆောင်ရွက် ခဲ့ကြကြောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုး များ ဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် ဒီဂရီကောလိပ်များကို လည်း သီးခြားအနေဖြင့် ဖွင့်လှစ်ပေးထားပြီး ဘွဲ့ရရှိ သူများအနေဖြင့် မိမိတို့ဒေသ၏ ပညာရေး၊ ကျန်းမာ ရေး၊ စိုက်ပျိုးမွေးမြူရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုး တိုးတက်ရေးတို့တွင် ပြန်လည်ထမ်းဆောင်နိုင်ရမည် ဖြစ်ကြောင်း၊ နယ်စပ်ဒေသများ၌ စည်းစနစ်ကျသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို နယ်စပ်ရေးရာ ဝန်ကြီးဌာနမှဦးဆောင်၍ လက်တွေ့ကျသည့်ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများကို ဖော်ဆောင်ပေးရန် လိုကြောင်း၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဘွဲ့ရ များအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်၊ နိုင်ငံတော်အဆင့်တာဝန်များကို ထမ်းဆောင်၍ နိုင်ငံတော်ကို အကျိုးပြုနိုင်ရမည်ဖြစ်ကြောင်း။

### အားကစားနှင့် လူငယ်ရေးရာကဏ္ဍ

အားကစားနှင့် လူငယ်ရေးရာကဏ္ဍနှင့်ပတ်သက် ၍ **အားကစားသည်နိုင်ငံတော်ကို ချစ်သည့်စိတ်နှင့် စည်းလုံးညီညွတ်မှုကိုဖြစ်ပေါ်စေပြီး အားကစား မြှင့်တင်ခြင်းသည် နိုင်ငံတော်၏ဂုဏ်ကို မြှင့်တင် ခြင်းပင်ဖြစ်**ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အားကစားပြိုင်ပွဲများကို မြို့ကြီးများတွင်သာမက လုပ်ဆောင်၍ရနိုင်သည့်နေရာများ၌ လုပ်ဆောင်ရ မည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ အားလုံး၌ မီတာ ၄၀၀ ပြေးလမ်းနှင့် အထူးတန်း ပွဲကြည့်စင်ပါရှိသည့် အားကစားကွင်းရှိရမည်ဖြစ် ကြောင်း၊ Indoor Game အားကစားများဆောင်ရွက် နိုင်သည့် မိုးလုံလေလုံအားကစားရုံနှင့် ရေကူးကန် များလည်းရှိရမည်ဖြစ်ကြောင်း၊ အားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်ရာတွင် အဆင့်မီသည့်ပြိုင်ပွဲများဖြစ်ရန် လိုသကဲ့သို့ အားကစားသမားများသည် အားကစား စိတ်ဓာတ်အပြည့်ဖြင့် ယှဉ်ပြိုင်ကစားကြရန်လိုကြောင်း၊ အားကစားမြှင့်တင်ရာတွင် အခြေခံအဆောက်အအုံ နှင့် အထောက်အကူပြုပစ္စည်းများ ဖြည့်ဆည်းပေးရ မည်ဖြစ်သကဲ့သို့ အရည်အချင်းပြည့်ဝသည့် နည်းပြ များကိုလည်း စနစ်တကျဖြင့် ခန့်အပ်ဆောင်ရွက်ရ မည်ဖြစ်ကြောင်း၊ အားကစားသမားများရွေးချယ်ရာ၌ လည်း စနစ်တကျဖြင့် စိစစ်ရွေးချယ်သွားရန်လိုအပ် မည်ဖြစ်ကြောင်း၊ လူငယ်လူရွယ်များကို အခြေခံပညာ ကျောင်းများကတည်းကပင် စနစ်တကျစိစစ်မွေးထုတ် သွားရန်လိုကြောင်း၊ **လူငယ်များသည် နိုင်ငံတော်၏ အနာဂတ်ကို ဖန်တီးကြမည်ဖြစ်သဖြင့် စိတ်ဓာတ် စည်းကမ်းကောင်းပြီး စာပေပညာ၊ အတတ်ပညာ ပြည့်စုံသည့် လူငယ်များကို မွေးထုတ်ပေးခြင်းသည် တိုင်းပြည်၏ အနာဂတ်ကို တည်ဆောက်နေခြင်းပင် ဖြစ်**ကြောင်း။

### လျှောင်သဘာဝဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုများအပေါ် သင်ခန်းစာယူ ဆောင်ရွက်သွားကြရန်

မတ် ၂၈ ရက်တွင်ဖြစ်ပေါ်ခဲ့သည့် မန္တလေးငလျင် ကြီးကြောင့် ထိခိုက်ပျက်စီးမှုများနှင့်ပတ်သက်၍ လည်း မိမိတို့အနေဖြင့် သင်ခန်းစာရရှိခဲ့ပြီးဖြစ်ကြောင်း၊ ထိခိုက်ပျက်စီးခဲ့ရမှုများနှင့်ပတ်သက်၍ ဆုံးရှုံးမှု ပမာဏအလိုက်တွက်ချက်၍ ထောက်ပံ့မှုများပြုလုပ် သွားမည်ဖြစ်ကြောင်း၊ အမှန်တကယ် နစ်နာသူများ ထံသို့ရောက်ရှိစေရေး တာဝန်ရှိသူများက ကြပ်ကြပ် မတ်မတ်ဖြင့် စိစစ်ထုတ်ပေးသွားရန်လိုကြောင်း၊ ပြည်ပနိုင်ငံများမှ လက်ခံရရှိသည့် ကူညီကယ်ဆယ် ရေးပစ္စည်းများကိုလည်း လိုအပ်နေသူများထံသို့ အမြန်ဆုံးရောက်ရှိနိုင်ရေး ဆောင်ရွက်သွားရန်လို ကြောင်း၊ ဖြစ်ပေါ်ကြုံတွေ့ခဲ့ရသည့် ဆုံးရှုံးမှုတို့ကို သင်ခန်းစာယူ၍ နောင်တွင် အဆောက်အအုံများ ဆောက်လုပ်ရာ၌ သတ်မှတ်စံချိန်စံညွှန်းများပြည့်မီ အောင် ဆောင်ရွက်သွားရန်နှင့် အနာဂတ်ကိုမျှော်တွေး ၍ တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ တာဝန်ရှိသူများအနေဖြင့် စနစ်တကျစိစစ်ပြီးမှသာ ခွင့်ပြုပေးသွားရန်လိုကြောင်း၊ လမ်း၊ တံတားများ တည်ဆောက်မှုနှင့်ပတ်သက်၍လည်း သတ်မှတ်ချက် များနှင့် ကိုက်ညီမှုမရှိသည်ကို တွေ့မြင်ရကြောင်း၊ အင်ဂျင်နီယာရှုထောင့်မှ ရှုမြင်၍ ဘေးအန္တရာယ် ကင်းရှင်းစေရေး၊ ရေရှည်တည်တံ့ခိုင်မြဲစေရေး စနစ် တကျဖြင့် တည်ဆောက်သွားကြရန်လိုအပ်မည်ဖြစ် ကြောင်း၊ ကားလမ်းများလမ်းဘေးဝဲယာ၌ စိမ်းလန်း စိုပြည်မှုရှိစေရေးနှင့် သဘာဝပတ်ဝန်းကျင်ကို အထောက်အကူဖြစ်စေရေးအတွက် သစ်ပင်စိုက်ပျိုး ခြင်းများကို သတ်မှတ်အကွာအဝေးများအလိုက်၊

*စာမျက်နှာ ၄ သို့*

❑ **အများပြည်သူသုံးသယ်ယူပို့ဆောင်ရေး (Public Transportation) များကို ပိုမိုအားပေးဆောင်ရွက်ပြီး အသုံးပြုမှုများပြားလာမည်ဆိုပါက နှစ်စဉ်ပြည်ပမှ လောင်စာဆီတင်သွင်းနေရမှုများကို လျှော့ချနိုင်မည်ဖြစ်၊ ပို့ဆောင်ရေးနှင့် ပတ်သက်၍လည်း လျှပ်စစ်စွမ်းအင်သုံးပို့ဆောင်ရေး စနစ်သို့သွားနိုင်ရေး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွား ရမည်ဖြစ်၊ မိမိတို့အစိုးရအနေဖြင့် တတ်နိုင်သရွေ့ ဆောင်ရွက်သွားမည် ဖြစ်ပြီး မကြာမီကာလအတွင်း ဘက်ထရီစနစ်သုံး မီးရထားစက်ခေါင်းများ လည်း ရောက်ရှိတော့မည်ဖြစ်ပြီး စတင်အသုံးပြုနိုင်တော့မည်ဖြစ်**

**❑ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်ရှိ မြို့ကြီးများကို Green City၊ Clean City ၊ Smart City ဖြစ်စေရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်ကြရန်လို၊ မိုးရာသီကာလသို့ ရောက်ရှိတော့မည်ဖြစ်သဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများပြုလုပ်၍ ဆောင်ရွက်ကြရာတွင် တစ်ပင်စိုက် တစ်ပင်ရှင်အောင် ဆောင်ရွက်**

*စာမျက်နှာ ၃ မှ*

အပင်အတန်းအခြားအလိုက် စိုက်ပျိုးသွားရန်လိုအပ်မည်ဖြစ်ကြောင်း၊ ကားလမ်းဘေးများအပြင် ရထားလမ်းဘေးများ၌လည်း သတ်မှတ်ချက်များနှင့်အညီ သစ်ပင်များ စိုက်ပျိုးသွားမည်ဆိုပါက ခရီးသွားပြည်သူများအတွက် မျက်စိပသာဒ ဖြစ်စေနိုင်မည့်အပြင် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်မှုကိုလည်း ဖြစ်ပေါ်စေနိုင်မည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြောကြားသည်။ ထို့နောက် လမ်းမကြီးများကို စံချိန်စံညွှန်းများနှင့်အညီ ဖောက်လုပ်ရေး၊ စနစ်တကျတွက်ချက်၍ အရိပ်ရပင်များစိုက်ပျိုးရေးအတွက် စံပြပုံစံ Video Clip ကို ပြသသည်။

ထို့နောက် တက်ရောက်လာကြသူများက အထွေထွေဆွေးနွေးတင်ပြရာတွင် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးက နိုင်ငံတော်အနေဖြင့် ပညာရေးမြှင့်တင်မှုလုပ်ငန်းများ ဆောင်ရွက်နေချိန်တွင် အကြမ်းဖက်အဖျက်သမားများအနေဖြင့် အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိသဖြင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ပြန်လည်ဖြေဆိုရမည့် ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းအပ်နှံရေးရက်သတ္တပတ်အတွင်း လာရောက်အပ်နှံကြမည့် ကျောင်းသား၊ ကျောင်းသူများ၊ မိဘပြည်သူများ ဘေးကင်းလုံခြုံမှုရှိစေရေးအတွက် အထူးအလေးထား ဆောင်ရွက်သွားကြရန်လိုအပ်မှု၊ ဘာသာသာသနာ ညှိုးနွမ်းစေမည့်အပြုအမူများနှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးဆိုင်ရာများအပေါ် ထိခိုက်ပျက်စီးစေမည့်အပြုအမူများအပေါ် နိုင်ငံတော်အနေဖြင့် အရေးယူဆောင်ရွက်လျက်ရှိမှု၊ ယခုနှစ်ဆန်းပိုင်းကာလအတွင်း မူးယစ်ဆေးဝါးနှင့် လက်နက်၊ ခဲယမ်းများ ဖမ်းဆီးရမိမှုများရှိခဲ့ပြီး စစ်ဆေးရေးဂိတ်များအနေဖြင့် စစ်ဆေးမှုများကို စနစ်တကျ ဆက်လက်ဆောင်ရွက်သွားရန်နှင့် ယာဉ်ကြောပိတ်ဆို့မှုနှင့် ကုန်စည်စီးဆင်းမှုများကိုလည်း ထိခိုက်မှုမရှိအောင် ဆောင်ရွက်သွားရန်လိုအပ်မှုနှင့် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးဆိုင်ရာများနှင့် ပတ်သက်၍ တင်ပြဆွေးနွေးရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ဆွေးနွေးပြောကြားရာတွင် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတစ်ရပ်ကို ယခုနှစ်လကုန်ပိုင်းတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်သဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ရွေးကောက်ပွဲ အောင်မြင်မှုရှိစေရေး လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ရွေးကောက်ပွဲဆိုင်ရာ အချက်အလက်များကို ပြည့်စုံစွာဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုံခြုံရေးနှင့်တည်ငြိမ်အေးချမ်းရေးသည် အဓိကကျခြင်းကြောင့် ရွေးကောက်ပွဲဆောင်ရွက်၍ ရနိုင်သည့် နေရာများအားလုံး၌ တည်ငြိမ်အေးချမ်းမှုရှိအောင် ဆောင်ရွက်သွားရန်လိုကြောင်း။

ရွေးကောက်ပွဲကျင်းပပြီးစီးချိန်၌ အနိုင်ရရှိသည့် ပါတီအား အာဏာလွှဲပြောင်းပေးအပ်ချိန်၌ စနစ်တကျဖြင့် လွှဲပြောင်းပေးအပ်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန်လိုကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံ့အရေးကိုဆောင်ရွက်ခြင်းဖြစ်သဖြင့် မိမိတို့အစိုးရအဖွဲ့ တာဝန်ယူဆောင်ရွက်ချိန်မှစ၍ အာဏာရပါတီအား လွှဲပြောင်းချိန်အထိ ပြည်သူများအထင်အမြင်လွဲမှားမှုမရှိစေရေး မိမိတို့ကိုယ်တိုင်နှင့် မိမိတို့လက်အောက် ဝန်ထမ်းများအား စနစ်တကျ ဆောင်ရွက်စေရေး ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း။

အကြောင်းအမျိုးမျိုးကြောင့် ခေတ္တနေရပ်စွန့်ခွာနေရသူများအနေဖြင့်လည်း တည်ငြိမ်အေးချမ်းသည့်အချိန်တွင် မိမိတို့နေရပ်သို့ ပြန်လည်နေထိုင်နိုင်ရေး တာဝန်ရှိသူများအနေဖြင့်လည်း ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ လုံခြုံရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံ၏ အရှေ့ဘက်နယ်စပ်ဒေသတွင် ဖြစ်ပေါ်ခဲ့သည့် တရားမဝင်လောင်းကစားမှုများ၊ အွန်လိုင်းငွေကြေးလိမ်လည်မှုများ၊ တရားမဝင်လူကုန်ကူးမှုများနှင့် အကြမ်းဖက်မှုများကိုလည်း မိမိတို့အနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့်ပူးပေါင်း၍ ဖြေရှင်းဆောင်ရွက်ခဲ့ကြောင်း၊ အဆိုပါတရားမဝင်လုပ်ငန်းများနှင့် အကြမ်းဖက်မှုများမှ ဖမ်းဆီးရမိသည့် အိမ်နီးချင်းနိုင်ငံများနှင့် အခြားနိုင်ငံစုံမှ ဖမ်းဆီးရမိသူများကိုလည်း ပြန်လည်လွှဲပြောင်းပေးလျက်ရှိကြောင်း၊ နယ်မြေဒေသအလိုက် အဆိုပါ တရားမဝင်လုပ်ငန်းများ လုပ်ဆောင်မှုမရှိစေရေး သတင်းရရှိပါက အချိန်နှင့်တစ်ပြေးညီ အရေးယူဆောင်ရွက်သွားရန်လိုကြောင်း။

စီးပွားရေးဆိုင်ရာများနှင့်ပတ်သက်၍ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ထိခိုက်စေသည့် နယ်စပ်ဒေသများမှ တရားမဝင်ကုန်သွယ်မှုများ မရှိစေရေးအတွက်လည်း ဒေသအလိုက် ဖိဖိစီးစီးကြပ်မတ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ တရားမဝင် ကုန်သွယ်မှုနှင့်ပတ်သက်၍ မှန်ကန်သည့် သတင်းပေးတိုင်ကြားမှုများရရှိစေရေး နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထိုသို့တရားမဝင်ကုန်သွယ်မှုများအား သတင်းပေးတိုင်ကြားမှုများကြောင့် ယနေ့အထိ အမှုတွဲပေါင်း ၄၀၀၀ ကျော် ဖမ်းဆီးရမိခဲ့ပြီး သတင်းပေးတိုင်ကြားသည့် တာဝန်သိပြည်သူများကိုလည်း ထိုက်တန်သည့်ချီးမြှင့်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း။

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်စေရေး၊ ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိစေရေး၊ စိုက်ပျိုးရေးစွမ်းအား၊ ကုန်ထုတ်စွမ်းအားနှင့် ကုန်သွယ်မှုကူးသန်းရောင်းဝယ်မှုများ တိုးတက်ကောင်းမွန်စေရေး၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများအား သက်ဆိုင်ရာအစိုးရများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများအနေဖြင့် အမျိုးသားရေးတာဝန်အဖြစ်ခံယူ၍ ဟန်ချက်ညီညီဖြင့် ဆက်လက်ပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လိုကြောင်း။

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအကောက်အကူပြုနိုင်သည့် အင်အားများမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများဖြစ်ကြောင်း၊ ယနေ့အချိန်အထိ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် MSME လုပ်ငန်းပေါင်း ၈ သောင်းကျော်ရှိပြီး ၄၃၀၀ ကျော်အား SME Member ကတ်များထုတ်ပေးပြီးဖြစ်ကြောင်း၊ အဆိုပါ MSME လုပ်ငန်းများတွင် လုပ်သားဦးရေ ၄၆၄၀၀၀ ကျော် လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ မန္တလေးငလျင်ကြီးကြောင့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီနယ်မြေနှင့် ရှမ်းပြည်နယ်တို့၌ MSME လုပ်ငန်းများ ထိခိုက်မှုရှိခဲ့ကြောင်း၊ အဆိုပါထိခိုက်မှုဖြစ်ပေါ်ခဲ့သည့် MSME လုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ရေး မိမိတို့အနေဖြင့် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း။

မကြာမီကာလအတွင်း ကျောင်းဖွင့်ရာသီသို့ ရောက်ရှိတော့မည်ဖြစ်ပြီး အခြေခံပညာကျောင်းများနှင့် အဆင့်မြင့်ပညာကျောင်းများ ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း၊ မေလ ၂၂ ရက်နေ့မှစတင်၍ ကျောင်းအပ်နှံရေး ရက်သတ္တပတ်စတင်တော့မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသအလိုက်ရှိ ကျောင်းသား၊ ကျောင်းသူများအားလုံး ကျောင်းတက်ရောက်၍ ပညာသင်ကြားနိုင်ရေးနှင့် တန်းစဉ်ကူးပြောင်းမှုများ လျော့နည်းမှုမရှိစေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်ရှိသူများအနေဖြင့် စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မကြာမီ မိုးရာသီသို့ရောက်ရှိတော့မည်ဖြစ်ပြီး ရေကြီးရေလျှံမှုအပါအဝင် သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်မှုများ အနည်းဆုံးဖြစ်စေရေး ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ထားကြရန်လိုကြောင်း၊ အလားတူ မိုးရာသီသစ်ပင်စိုက်ပျိုးမှုများကိုလည်း တစ်ပင်စိုက် တစ်ပင်ရှင်စနစ်ဖြင့် ရှင်သန်ဖြစ်ထွန်းအောင်မြင်အောင် ဆောင်ရွက်သွားရန်လိုကြောင်း ဆွေးနွေးပြောကြားသည်။

### နိဂုံးချုပ်အမှာစကားပြောကြား

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ရွေးကောက်ပွဲပြီးဆုံးချိန်တွင် အနိုင်ရသည့်ပါတီအား မိမိတို့အနေဖြင့် နိုင်ငံတော်၏ တာဝန်များကို ပြန်လည်အပ်နှင်းပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရတာဝန်ထမ်းဆောင်ခဲ့သည့် အချိန်မှစ၍ တာဝန်များပြန်လည်လွှဲပြောင်းပေးသည်အထိ ဆောင်ရွက်ခဲ့မှု မှတ်တမ်းများကို စနစ်တကျဖြင့် ပြုစုထိန်းသိမ်း ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် သမိုင်းမှတ်တမ်းများနှင့် ပတ်သက်ပါက ပြုစုခြင်း၊ ထိန်းသိမ်းခြင်းတို့တွင် အားနည်းမှုများရှိခဲ့သည်ကို သမိုင်းကြောင်းအချက်အလက်များအရ တွေ့ရှိရကြောင်း၊ ထို့ကြောင့် မိမိတို့အစိုးရအဖွဲ့အနေဖြင့် လုပ်ဆောင်ခဲ့သည်များ၊ ဆောင်ရွက်ခဲ့သည်များ၊ ပြောဆိုခဲ့သည်များကို စနစ်တကျဖြင့် မှတ်တမ်းပြုစုဆောင်ရွက်သွားရန်လိုကြောင်း၊ ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းရပ်များကို စနစ်တကျ မှတ်တမ်းပြုစုထားခြင်းဖြင့် လုပ်ဆောင်ရန်ကျန်ရှိသည်များကို ပြီးပြတ်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ Check၊ Recheck၊ Counter Check ဖြင့် ဆောင်ရွက်ပါက ကောင်းမွန်သည့်အရွေ့တစ်ခုကိုလည်း ရရှိစေနိုင်မည်ဖြစ်ကြောင်း။

ရှေ့ဆက်လက်ဆောင်ရွက်ရန်လိုအပ်သည်များကို မှာကြားနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့ခြင်းဖြစ်ပြီး တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ပြည်ထောင်စုဝန်ကြီးများအနေဖြင့် မိမိတို့၏တင်ပြချက်များသည် အချက်အလက်များ မှန်ကန်မှုရှိရန်နှင့် မြေပြင်အချက်အလက်များနှင့် ကိုက်ညီမှုရှိရန်လိုကြောင်း၊ အချက်အလက်များ မှန်ကန်မှုရှိမှသာလျှင် နောင်တွင်ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းရပ်များအတွက် မှန်ကန်သည့်ဆုံးဖြတ်ချက်များကို ချမှတ်နိုင်မည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများတွင် ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီရေးအတွက် လိုအပ်သည့် သွင်းအားစုများကို မှန်မှန်ကန်ကန်ဖြည့်သွင်းပေးနိုင်ရန် လိုအပ်




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဆွေးနွေးပြောကြားစဉ်။**

မည်ဖြစ်ပြီး စိုက်နည်းစနစ်များလည်း မှန်ကန်မှုရှိရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးကို အခြေခံသည့် မွေးမြူရေးလုပ်ငန်းများကိုလည်း အောင်မြင်စွာဆောင်ရွက်နိုင်သည့်အခြေခံကောင်းများကို ပိုင်ဆိုင်ထားရှိပြီးဖြစ်ကြောင်း၊ ကမ္ဘာပေါ်တွင် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များဖြင့် ဖွံ့ဖြိုးတိုးတက်နေသည့်နိုင်ငံများစွာရှိကြောင်း၊ ဥပမာအားဖြင့် ကမ္ဘာ့စတုတ္ထစီးပွားရေးအင်အားကြီးနိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံသည် ကမ္ဘာ့ဆန်တင်ပို့မှု အများဆုံးနိုင်ငံဖြစ်ကြောင်း၊ ဘရာဇီးနိုင်ငံသည် ပဲပုပ်တင်ပို့မှု များပြားကြောင်း၊ ယင်းနိုင်ငံများ၏ လုပ်ဆောင်မှုများ၊ အောင်မြင်မှုများကို အတုယူ၍ ဆောင်ရွက်မည်ဆိုပါက မိမိတို့အနေဖြင့်လည်း ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အမှန်တကယ် အလုပ်မလုပ်၍သာ အောင်မြင်မှုမရရှိခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးရေးကို အခြေခံသည့် Agro-Base Industry ကို သွားနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ပြီး ဥပမာအားဖြင့် ဝါစိုက်ပျိုးမှုကို အောင်မြင်အောင်ဆောင်ရွက်ပြီး ဝါကိုအခြေခံသည့် စက်မှုလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်ကြောင်း၊ ဝါမှချည်ထည်၊ ၎င်းမှ ပိတ်စ အထည်အလိပ်လုပ်ငန်းစဉ်တစ်ခုလုံး ဆောင်ရွက်၍ ရကြောင်း။

အလားတူ ဝါးကိုအခြေခံသည့် စက်မှုလုပ်ငန်းများကိုလည်း ဆောင်ရွက်၍ရနိုင်ကြောင်း၊ ဝါးပျော့ဖတ်ထုတ်လုပ်ခြင်းမှစ၍ ဝါးကြိတ်သားဖြင့် ပြုလုပ်ထားသည့် အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ကုန်များ စသည်ဖြင့် များစွာပြုလုပ်၍ရနိုင်ကြောင်း၊ မိမိတို့နိုင်ငံတွင် ဝါးအရင်းအမြစ်များစွာရှိပြီးဖြစ်သဖြင့် ဆောင်ရွက်သွားကြရန်လိုကြောင်း။

နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်ရှိ မြို့ကြီးများကို Green City၊ Clean City ၊ Smart City ဖြစ်စေရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ မိုးရာသီကာလသို့ရောက်ရှိတော့မည်ဖြစ်သဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများပြုလုပ်၍ ဆောင်ရွက်ကြရာတွင် တစ်ပင်စိုက် တစ်ပင်ရှင်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ပြည်ထောင်စုဝန်ကြီးများအနေဖြင့် မိမိတို့ တာဝန်ယူထားသည့် ဝန်ကြီးဌာနအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဖွံ့ဖြိုးတိုးတက်မှုရှိစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း ပြောကြားပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## မန္တလေးလျှောင်ကြီးကြောင့်ထိခိုက်ခဲ့သော သာသနိကအဆောက်အအုံများနှင့် ရှေးဟောင်းအမွေအနှစ်အဆောက်အအုံများ ပြန်လည်ပြုပြင်ထိန်းသိမ်းရေးအတွက် ဖွဲ့စည်းထားသောနည်းပညာဆိုင်ရာပညာရှင်အဖွဲ့နှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မေ ၂၀

**မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သာသနိကအဆောက်အအုံများနှင့် ရှေးဟောင်းအမွေအနှစ်အဆောက်အအုံများ ပြန်လည်ပြုပြင်ထိန်းသိမ်းနိုင်ရေးအတွက် ဘာသာရပ်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ပညာရှင်များနှင့် ဖွဲ့စည်းထားသော နည်းပညာဆိုင်ရာပညာရှင်အဖွဲ့နှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ ညနေ ၆ နာရီတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန လောကနတ်ခန်းမ၌ ကျင်းပသည်။**



အစည်းအဝေးသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်နှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ အမြဲတမ်းအတွင်းဝန်နှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံဗိသုကာကောင်စီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံငလျင်ကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် ပညာရှင်များ၊ သမိုင်းပညာရှင်၊ နည်းပညာဆိုင်ရာပညာရှင်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အင်အားပြင်းထန်သည့် ငလျင်လှုပ်ခတ်ခဲ့သည့်အတွက် ရှေးဟောင်းအဆောက်အအုံ၊ ဘုရား ၊ စေတီ၊ ဘုန်းကြီးကျောင်း၊ သိမ်၊ ဇရပ်နှင့် မြို့ရိုး၊ ပြအိုးပြာသာဒ် စသည်ဖြင့် ၁၇၈၁ လုံးနှင့် ဘုရား ၊ စေတီ၊ သာသနိကအဆောက်အအုံ ၄၉၉၈ လုံး စုစုပေါင်း ၆၇၇၉ လုံး ထိခိုက်ပျက်စီးခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ပျက်စီးခဲ့သည့် နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်များရှိ ငလျင်ဒဏ်သင့်နေရာများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ကိုယ်တိုင်ကွင်းဆင်းစစ်ဆေးကြည့်ရှုပြီး နောင်ဖြစ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကိုလည်း ကြိုတင်တွက်ဆပြီး ပြုပြင်ရန်လိုအပ်ကြောင်းကို လမ်းညွှန်မှာကြားခဲ့ပါကြောင်း၊ ထို့ကြောင့် ပြန်လည်ပြုပြင်ထိန်းသိမ်းရာတွင် နိုင်ငံတော်အကြီးအကဲ ခရီးစဉ်လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြုပြင်ရမည့် အဆောက်အအုံများပြားသည့်အတွက် ပြုပြင်ရာတွင် ရှေးဟောင်းလက်ရာ တန်ဖိုးကျန်ရှိနေသေးသည့် ရှေးဟောင်းအဆောက်အအုံများကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ကြီးကြပ်ပေးပြီး ကျွမ်းကျင်အဖွဲ့များကိုပါ ပူးပေါင်းဆောင်ရွက်စေမည်ဖြစ်ကာ ပြည်သူလူထု ကိုးကွယ်လျက်ရှိသည့် ရှေးဟောင်းစေတီ၊ ပုထိုး၊ ဂူဘုရားများကိုရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနကကြီးကြပ်ပြီး သက်ဆိုင်ရာဂေါပကအဖွဲ့များ၊ လုပ်ငန်းအတွေ့အကြုံရှိသူများကို ခွင့်ပြုဆောင်ရွက်စေမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးများ၊ နည်းပညာဆိုင်ရာ ပညာရှင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံဗိသုကာကောင်စီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်နှင့် ပညာရှင်များကသက်ဆိုင်ရာနယ်ပယ်များအလိုက် ဆွေးနွေးကြသည်။

ရှေးဟောင်းအမွေအနှစ် စေတီ၊ ပုထိုး၊ ဂူဘုရားများကို ပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်ရာတွင် ပထမဦးစားပေးအနေဖြင့် ယဉ်ကျေးမှုအမွေအနှစ်တန်ဖိုးနည်းပါးသော (သို့မဟုတ်) ပျက်စီးမှုနည်းပါးသော ရှေးဟောင်းအဆောက်အအုံများ၊ ရွှေဆေးသုတ်ထားသည့်စေတီပုထိုးများကိုပြန်လည်ပြုပြင်လိုသော အလှူရှင်များ၊ ဂေါပကများ၊ အဖွဲ့အစည်းများအနေဖြင့် ဦးစီးဌာနသို့ ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေနှင့်အညီ ကြိုတင်ခွင့်ပြုချက်တင်ပြပြီး ခွင့်ပြုချက်အတိုင်း အတွေ့အကြုံရှိသော ကန်ထရိုက်များဖြင့် ပြင်ဆင်ခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဆိုချီမြို့၌ကျင်းပသည့် The Open International Biology Olympic (OIBO)2025 ပြိုင်ပွဲ၌ ဒဂုံ(၁) မှ ကျောင်းသားကျောင်းသူများ ပြိုင်ပွဲတွင် တစ်ဦးချင်းတတိယဆုများ ဆွတ်ခူးခဲ့

**ရန်ကုန် မေ ၂၀**
ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဆိုချီ (Sochi) မြို့ ဖက်ဒရယ်နယ်မြေ ဆိုင်ရပ်စ် (Sirius) ၌ ကျင်းပသော The Open International Biology Olympic (OIBO) 2025 ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ ပြိုင်ပွဲအတွင်း တစ်ဦးချင်းတတိယဆုများ ဆွတ်ခူးခဲ့ကြပြီး ယမန်နေ့ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိကြရာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာစန္ဒာမြငြိမ်းနှင့် ဆရာမများ၊ တာဝန်ရှိသူများနှင့် ကျောင်းသားမိဘများက နိုင်ငံတော်အလံများ၊ ဗီနိုင်းပိုစတာနှင့် ပန်းစည်းများကိုင်ဆောင်၍ ကြိုဆိုခဲ့ကြသည်။



အဆိုပါ The Open International Biology Olympic (OIBO) 2025 ပြိုင်ပွဲသည် စက်မှုလုပ်ဖော်ကိုင်ဖက်များနှင့် ပူးပေါင်းကာ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုနှင့် အတွေ့အကြုံဖလှယ်ခြင်းတို့ကို ဖွံ့ဖြိုးတိုးတက်စေမည့် ကျောင်းသား လူငယ်များအား လက်ရှိဇီဝဗေဒနှင့် ဇီဝနည်းပညာဆိုင်ရာ ပြဿနာများကို လေ့လာရန်နှင့် ဖြေရှင်းရန်အတွက် ရည်ရွယ်သည့် နိုင်ငံတကာဇီဝဗေဒ ပြိုင်ပွဲတစ်ခုဖြစ်ပြီး နိုင်ငံတစ်နိုင်ငံစီကို အသင်းတစ်သင်းအဖြစ် ကိုယ်စားပြုပါဝင် ယှဉ်ပြိုင်ကြခြင်းဖြစ်ကာ မေ ၁၀ ရက်မှ ၁၇ အထိ ပြိုင်ပွဲကာလတစ်လျှောက် Zoology၊ Botany၊ Practical ပြိုင်ပွဲများမှ တစ်ဦးချင်း တတိယဆုများ ဆွတ်ခူးရရှိခဲ့ကြသည်။

ယင်းပြိုင်ပွဲကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဆိုချီ (Sochi) မြို့တွင် ခုနစ်ရက်တာ ကျင်းပခြင်းဖြစ်ပြီး မြန်မာနိုင်ငံ ကိုယ်စားပြုအနေဖြင့် အခြေခံပညာအဆင့်တွင် ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ အခြေခံပညာ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ခြောက်ဦး လိုက်ပါယှဉ်ပြိုင်ခဲ့ကြရာ တစ်ဦးချင်းအလိုက် တတိယဆုများကို ရရှိခဲ့ကြောင်း သိရသည်။

**ကျော်ဆန်းမြင့်(ပြန်/ဆက်)**

# ပြန်လည်နေထိုင်လျက်ရှိသည့် ဝန်ထမ်းအိမ်ရာများစစ်ဆေး၊ စားသောက်ဖွယ်ရာများနှင့် အိမ်သုံးဆေးဝါးများ ထောက်ပံ့ပေးအပ်



**နေပြည်တော် မေ ၂၀**

မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ခဲ့သည့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဝန်ထမ်းအိမ်ရာများမှ အပြာရောင်အဆင့်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လူနေတိုက်ခန်းများ၌ ဝန်ထမ်းမိသားစုများ ပြန်လည်နေထိုင်လျက်ရှိရာ ယမန်နေ့ညနေပိုင်းတွင် ဝန်ကြီးဌာနတာဝန်ရှိသူများက ဝန်ထမ်းအိမ်ရာအလိုက် ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ဝန်ထမ်းမိသားစုများ၏ ကျန်းမာရေး၊ စားသောက်နေထိုင်ရေးဆိုင်ရာများကို စီမံဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**ထောက်ပံ့ပေးအပ်**

ဝန်ထမ်းအိမ်ရာများ စစ်ဆေးရာတွင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် အဖွဲ့သည် ဝဏ္ဏသိဒ္ဓိရပ်ကွက်နှင့် သပြေ ၂၊ သပြေ ၄ အဆောင်များကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့်အဖွဲ့သည် ဘောဂသိဒ္ဓိရပ်ကွက်၊ မင်္ဂလာသိဒ္ဓိရပ်ကွက်နှင့် သဇင် ၅၊ သဇင် ၆၊ သဇင် ၇ အဆောင်များကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့် အဖွဲ့သည် ဥဏ္ဏာသိဒ္ဓိရပ်ကွက်၊ သုခသိဒ္ဓိရပ်ကွက် နှင့် သဇင် ၁၊ သဇင် ၂ အဆောင်များကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများကို ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကား ပြောကြားကာ စားသောက်ဖွယ်ရာများနှင့် အိမ်သုံးဆေးဝါးများ ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ပဏာမမြန်မာ့လက်ရွေးစင်ဘော်လီဘောအသင်းအား ထောက်ပံ့ငွေပေးအပ်



ရန်ကုန် မေ ၂၀

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ပဏာမမြန်မာ့လက်ရွေးစင် ဘော်လီဘောအသင်းအား ထောက်ပံ့ငွေနှင့် အာဟာရပြည့် စားသောက်ဖွယ်ရာများ ပေးအပ်ခြင်းကို ယနေ့နံနက် ၈ နာရီက ရန်ကုန်မြို့ အောင်ဆန်းကွင်း မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

အဆိုပါထောက်ပံ့ငွေနှင့် အာဟာရပြည့် စားသောက်ဖွယ်ရာများ ပေးအပ်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးဦးဌေးအောင်၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရဲနိုင်နှင့် တာဝန်ရှိသူများနှင့် ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးကော်မတီဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက ပဏာမမြန်မာ့လက်ရွေးစင် ဘော်လီဘောအသင်းမှ အားကစားသမားများအား တွေ့ဆုံနှုတ်ဆက်ပြီး ထောက်ပံငွေများပေးအပ်ရာ အသင်းအုပ်ချုပ်သူနှင့် အသင်းသားများက လက်ခံရယူသည်။

ယင်းနောက် လူမှုရေးရာဝန်ကြီး၊ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပဏာမမြန်မာ့လက်ရွေးစင်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး လက်ရွေးစင်ဘော်လီဘောအသင်းတို့၏ လက်ရည်စမ်းယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုဆုငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

## သတင်းရေးသားရိုက်ကူးတည်းဖြတ်နည်းသင်တန်း (၁/၂၀၂၅) ဖွင့်ပွဲသန်လျင်၌ကျင်းပ



**ရန်ကုန် မေ ၂၀**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တောင်ပိုင်းခရိုင်ရုံး (သန်လျင်)မှ ကြီးမှူးဖွင့်လှစ်သော သတင်းရေးသားရိုက်ကူးတည်းဖြတ်နည်း သင်တန်း (၁/၂၀၂၅) ဖွင့်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် သန်လျင်မြို့ရှိ လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံး ညွှန်ကြားရေးမှူးဒေါ်ခင်စောလင်းက အချိန်နှင့်အမျှ တိုးတက်ပြောင်းလဲနေသော နည်းပညာရပ်များနှင့်အတူ သတင်းရေးသား ရိုက်ကူးတည်းဖြတ်ခြင်း အတတ်ပညာသည်လည်း အရေးပါလျက်ရှိကြောင်း၊ မိမိတို့ဝန်ထမ်းများသည် ပြည်သူကို အသိပညာပေးရသော၊ ဝန်ဆောင်မှုပေးရသော ဝန်ထမ်းများဖြစ်သည်နှင့်အညီ အရည်အသွေးနှင့် အရည်အချင်းများ တိုးတက်စေရန် အမြဲလေ့လာသင်ယူနေရမည် ဖြစ်ကြောင်း၊ သင်တန်းက ပို့ချလိုက်သော နည်းပညာများကို လက်တွေ့နယ်ပယ်တွင် ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်ရေး ကြိုးစားသင်ယူသွားရန် ဆွေးနွေးမှာကြားသည်။

သတင်းရေးသား ရိုက်ကူးတည်းဖြတ်နည်း သင်တန်း ဖွင့်ပွဲသို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်လှပိုပို၊ မြို့နယ်ဦးစီးအရာရှိများ တက်ရောက်ကြသည်။

အဆိုပါ သတင်းရေးသား ရိုက်ကူး တည်းဖြတ်နည်း သင်တန်းသို့ ရန်ကုန်တောင်ပိုင်း ခရိုင်အတွင်း သတင်းလက်တွေ့လုပ်ကိုင်နေသူ သင်တန်းသားသင်တန်းသူ ၁၇ ဦးတို့ တက်ရောက်လျက်ရှိပြီး မေ ၂၀ ရက်မှ ၂၂ ရက်အထိ နည်းပြများက စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းဝင်း (သန်လျင်)**

## ပင်လုံမြို့ မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော်၌ ခရိုင်အဆင့်မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ပင်လုံ မေ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လုံမြို့ မဟာရဋ္ဌာဘိသာမဂ္ဂီ စေတီတော်၌ ခရိုင်အဆင့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါစေတီတော်ဧရိယာအတွင်း ကျင်းပသည်။

ခရိုင်အဆင့် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲသို့ ပင်လုံမြို့ မေတ္တာအေးရိပ်ပရဟိတကျောင်း နာယကဆရာတော် ဒေါက်တာဘဒ္ဒန္တပုညနန္ဒ (လားရှိုးမြို့ မန်ဆူကျောင်းဆရာတော်) အမှူးပြုသည့် အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်မှူးနှင့်ဇနီး၊ ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးစိုင်းလိတ်၊ ဌာနေပြည်သူ့စစ်အဖွဲ့များ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်သစ်တောဦးစီးမှူး ဦးတင်မျိုးအောင်နှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။ ဦးစွာ သစ်ပင်စိုက်ပျိုးပွဲတွင် စိုက်ပျိုးမည့် ပျိုးပင်များကို တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိသူများကပေးအပ်ရာ ဌာနဆိုင်ရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး မန်ဆူဆရာတော်၊ တိုင်းမှူးနှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးတို့က ဦးဆောင်၍ ချယ်ရီပင်များ စိုက်ပျိုးပေးကြသည်။

ယင်းနောက် စုပေါင်းသစ်ပင် စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးကြသည်။

ယနေ့ ကျင်းပပြုလုပ်သည့် ခရိုင်အဆင့် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲတွင် ထင်းရှူး ၉၄ ပင်၊ စိန်ပန်းပြာ ၇၅ ပင်၊ ခရေ ၄၀ ပင်နှင့် ချယ်ရီ ၁၄၁ ပင် စုစုပေါင်း သစ်ပင် ၃၅၀ တို့ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **လှိုင်လင်းမိုး**



## သံဖြူဇရပ်မြို့နယ်၌ သမဝါယမအသင်းသားတောင်သူများအား အထွက်တိုးမျိုးစပါးများ ပေးအပ်



**သံဖြူဇရပ် မေ ၂၀**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၌ မြို့နယ်သမဝါယမအသင်းစုလီမိတက်မှ မိုးစပါးစိုက်ပျိုးမည့် အခြေခံသမဝါယမ အသင်းသားတောင်သူများသို့ အထွက်တိုးမျိုးစပါး ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်သမဝါယမအသင်းစုလီမိတက်ရုံး၌ ကျင်းပသည်။

**အထွက်တိုးမျိုးစပါး ပေးအပ်**

အဆိုပါပေးအပ်ပွဲတွင် သံဖြူဇရပ်မြို့နယ် သမဝါယမဦးစီးဌာန ဦးစီးမှူး ဦးရဲမြင့်သူက တောင်သူများကို အထွက်တိုးမျိုးစပါး ပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မိုးစပါးစိုက်ဧက ၄၆၃ ဧကအတွက် တစ်ဧကလျှင် တစ်တင်းနှုန်းဖြင့် အထွက်တိုးစပါး ၄၆၃ တင်းကို မြို့နယ်အတွင်းရှိ အခြေခံသမဝါယမအသင်း သုံးသင်းမှ အသင်းသား တောင်သူ ၆၀ သို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့။**




## ၂၀ - ၅ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု (ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ၅၇၃၀၀၀၀ ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## လှူဒါန်းနိုင်ရန် နှိုးဆော်ချက်

၂၈.၃.၂၀၂၅ ရက်နေ့တွင် လှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်ကြောင့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေတို့တွင် ရှေးဟောင်းစေတီ၊ ပုထိုး၊ ဂူဘုရားနှင့် ယဉ်ကျေးမှုအမွေအနှစ်အဆောက်အအုံ (၁၇၈၁) ဆူနှင့် ဘုရားစေတီ၊ သာသနိကအဆောက်အအုံ (၄၉၉၈) ခု၊ စုစုပေါင်း (၆၇၇၉)ဆူ ထိခိုက်ပျက်စီးခဲ့ပါသည်။ ပြန်လည်ပြုပြင်မွမ်းမံရန်အတွက် ဘုရား၊ စေတီတစ်ဆူလုံးကိုဖြစ်စေ သဒ္ဓါတရားနည်းများမဆို ပါဝင်လှူဒါန်းနိုင်ပါကြောင်းနှင့် စေတီ၊ ဘုရားများပြုပြင်ရန် လှူဒါန်းလိုပါက နေပြည်တော်တွင် ဦးထွန်းမြင့်အောင်၊ ညွှန်ကြားရေးမှူး၊ နေပြည်တော်သာသနာရေးမှူးရုံး၊ ဖုန်း- ၀၆၇ ၃၅၅၀၁၈၃၊ ၀၉၄၂၀၇၀၁၄၆၉ နှင့် ဒေါ်နီလာအေး၊ ဒုတိယညွှန်ကြားရေးမှူး၊ ဖုန်း - ၀၉၄၂၀၇၁၄၇၆၀ တို့သို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် ဦးဖြိုးဇော်ဇော်၊ ညွှန်ကြားရေးမှူး၊ မန္တလေးတိုင်းဒေသကြီးသာသနာရေးမှူးရုံး၊ ဖုန်း- ၀၉၄၂၁၂၂၂၂၅၁ နှင့် ဒေါ်မျိုးပပကျော်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဖုန်း- ၀၉၄၂၀၇၀၀၇၉၀ တို့သို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ဦးဇော်ဦး၊ ညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီးသာသနာရေးမှူးရုံး၊ ဖုန်း-၀၉၂၀၃၈၅၆၃နှင့် ဒေါက်တာဝတ်ရည်ဝင်းသန့်၊ ဒုတိယညွှန်ကြားရေးမှူး၊ ဖုန်း-၀၉၅၁၉၄၀၈၂ တို့သို့လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ဦးလှမင်းနိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဖုန်း- ၀၉၄၀၂၆၁၀၁၃၄၊ ၀၉၆၆၄၆၉၀၆၇၅ နှင့် ဦးဖြိုးနောင်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ စစ်ကိုင်းတိုင်းဒေသကြီးသာသနာရေးမှူးရုံး၊ ဖုန်း-၀၉၄၂၀၇၂၆၄၉၀၊ ၀၉၇၈၈၉၁၁၂၁၁ တို့သို့လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးတွင် ဦးစိုးမိုးကျော်၊ ညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီးသာသနာရေးမှူးရုံး၊ ဖုန်း - ၀၉ ၂၅၉၂၀၉၄၄၈ နှင့် ဦးထွန်းထွန်းလွင်၊ ဒုတိယညွှန်ကြားရေးမှူး၊ ဖုန်း - ၀၉၄၃၀၁၉၁၆၈ တို့သို့လည်းကောင်း၊ ရှမ်းပြည်နယ်တွင် ဦးသိန်းငွေ၊ ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်သာသနာရေးမှူးရုံး၊ ဖုန်း - ၀၉၄၂၀၇၃၀၈၃၉ နှင့် ဒေါ်ခက်ခက်လှ၊ ဒုတိယညွှန်ကြားရေးမှူး၊ ဖုန်း - ၀၉၄၃၀၄၁၃၀၇ တို့သို့လည်းကောင်း ဆက်သွယ်၍ လှူဒါန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

## အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေး ဓာတ်ခွဲဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၂၀**

ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျာသည် ယမန်နေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ရှိ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန၌ မဲခေါင် - လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေစီမံကိန်း (၂၀၂၂) ဖြင့် ပူးပေါင်းဆောင်ရွက်သော အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေး ဓာတ်ခွဲခန်းစင်တာ၌ စားသောက်ကုန်များ၏ ကုန်ကြမ်းနှင့် ကုန်ချောပစ္စည်းများကို ဓာတ်ခွဲစမ်းသပ်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် ဓာတ်ခွဲခန်းအသီးသီးတွင် ဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်မှ ချမှတ်ထားသော အမျိုးသားရေးလုပ်ငန်းစဉ်များနှင့် တိုက်ရိုက်ပတ်သက်လျက်ရှိသော ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ရသည်ဖြစ်ပြီး တိုင်းတာမှုရလဒ်များ၏ သက်ရောက်မှုသည် ကြီးမားသည်ဖြစ်ရာ ပြည်သူလူထုတစ်ရပ်လုံး၏ အကျိုးစီးပွားကို အစဉ်ရှေးရှုကာ အရည်အသွေးစံနှုန်းများနှင့်အညီ အထူးဂရုပြုတိုင်းတာဆောင်ရွက်ရန်နှင့် လိုအပ်သည်များ မှာကြားသည်။

ယင်းစင်တာတွင် စားသောက်ကုန်များ၏ အရည်အသွေးများဖြစ်သည့် အသားဓာတ်၊ အဆီဓာတ်၊ အမျှင်ဓာတ်၊ ကဆီဓာတ်များ၊ လူကိုအကျိုးပြုသည့် သတ္တုဓာတ်များနှင့် အန္တရာယ်ဖြစ်စေနိုင်သည့် သတ္တုဓာတ်များကို Protein analyzer၊ Fat Analyzer၊ Fiber analyzer စသည့် အဆင့်မြင့်နည်းပညာသုံး စက်ကိရိယာပစ္စည်းများဖြင့် ဓာတ်ခွဲတိုင်းတာပေးသည့်အပြင် စားသုံးဆီအမျိုးမျိုးတို့၏ အရည်အသွေးများ၊ သောက်ရေ၊ သုံးရေနှင့် စွန့်ပစ်ရေများ၏ အရည်အသွေးများ၊ ရေများတွင် ပျော်ဝင်နေသော သတ္တုဓာတ်များနှင့် အန္တရာယ်ဖြစ်စေနိုင်သည့် သတ္တုဓာတ်များကို Atomic Absorption Spectrometer စက်များဖြင့် တိုင်းတာစစ်ဆေးပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



## နေပြည်တော်ကောင်စီဝင်များ လယ်ဝေးမြို့နယ်အတွင်း ငလျင်ဘေးကြောင့် ပြိုကျပျက်စီးသွားသည့် နေအိမ်များအား အိမ်ဆောက်ပစ္စည်းဖိုးနှင့်ကယ်ဆယ်ရေးပစ္စည်းပုံးများ ပေးအပ်

**လယ်ဝေး မေ ၂၀**

နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုးနှင့် ဦးမြင့်စိုးတို့သည် ယနေ့မွန်းလွဲပိုင်းက လယ်ဝေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပသည့် မန္တလေးငလျင်ဘေးကြောင့်နေအိမ်ပြိုကျပျက်စီးဆုံးရှုံးခဲ့သည့် မိသားစုများအား ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ကယ်ဆယ်ရေးပစ္စည်းပုံးနှင့် အိမ်ဆောက်ပစ္စည်းဖိုးပေးအပ်သည့် အခမ်းအနားသို့ တက်ရောက်သည်။




ဦးစွာ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုးက အားပေးစကား ပြောကြားပြီး နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက ငလျင်ဘေးကြောင့် ပြိုကျပျက်စီးသွားသည့် နေအိမ်များအတွက် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ကယ်ဆယ်ရေးပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းဖိုးများ ပေးအပ်ရခြင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုး၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ နေပြည်တော်တိုင်းရုံးမှ ညွှန်ကြားရေးမှူး ဦးစဝီလီဖရန့်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူရနှင့် အဖွဲ့ဝင်များက ငလျင်ဘေးကြောင့်နေအိမ်ပျက်စီးသည့် မိသားစု ၁၂၃ စုအား အိမ်ဆောက်ပစ္စည်းဖိုး ငွေကျပ်တစ်သိန်းစီနှင့်ပစ္စည်း ၁၆ မျိုးပါဝင်သည့် ကယ်ဆယ်ရေးပစ္စည်းပုံး တစ်ပုံးစီ ပေးအပ်ခဲ့သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်များသည် တာဝန်ရှိသူများနှင့်အတူ လယ်ဝေးမြို့နယ် ထိန်အင်းကျေးရွာ အနီးတွင် ခန့်ညားကုမ္ပဏီမှ မွေးမြူရေးနှင့် လူသုံးကုန်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်း၊ အမဲသားအေးခဲသားထုတ်လုပ်မှု စက်ရုံတည်ဆောက်ရန်အတွက် လုပ်ငန်းစတင်ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

အဆိုပါ မွေးမြူရေးနှင့် လူသုံးကုန်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်းနှင့် အမဲသားအေးခဲသား ထုတ်လုပ်မှုစက်ရုံကို မွေးမြူရေးနှင့် အသားထုတ်လုပ်ရေးကဏ္ဍ ဖွံ့ဖြိုး တိုးတက်စေရန်အတွက် နွားကောင်ရေတစ်သောင်း စတင်မွေးမြူကာ အေးခဲအသားထုတ်လုပ်ခြင်းလုပ်ငန်း၊ အစာစနစ်ဆောင်ရွက်ခြင်း လုပ်ငန်းတို့ကို ထပ်မံဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်( ပြန်/ဆက်)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၂၀**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံအလယ်ပိုင်း ဒေသများသို့ ဝင်ရောက်နိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# လှိုင်လင်မြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား တွေ့ဆုံ၊ စားသောက်ဖွယ်ရာများပေးအပ်

**နေပြည်တော် မေ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) လှိုင်လင်မြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များက ယနေ့နံနက်ပိုင်းတွင် နယ်မြေခံတပ်ရင်းခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းမှူးက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်ပြီး(ယာပုံ) စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့ပြင် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးကြရာ တိုင်းမှူးနှင့်အဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများကို နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသနိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ရှမ်းပြည်နယ်ကျောင်းအပ်နှံရေး သီတင်းပတ် မြေစိုက်ပိုစတာ စိုက်ထူ

**နေပြည်တော် မေ ၂၀**

၂၀၂၅-၂၀၂၆ ပညာသင်နှစ် ရှမ်းပြည်နယ်ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာ စိုက်ထူခြင်းကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ သစ်တောရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်ရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် တာဝန်ရှိသူများ၊ ပြည်နယ်ဝန်ကြီးများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဘင်ခရာအဖွဲ့၊ ပန်းဖွားအကအဖွဲ့များနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ရှမ်းပြည်နယ် ကျောင်းအပ်နှံရေး သီတင်းပတ် မြေစိုက်ပိုစတာအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး နံ့သာရည်များဖြင့် ပက်ဖျန်းကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဘင်ခရာအဖွဲ့နှင့် ပန်းဖွား အကအဖွဲ့တို့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရေကြောင်းလူငယ်မောင်မယ်များ နေပြည်တော်ကောင်စီနယ်မြေရှိ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်သို့ သွားရောက်လေ့လာ

**နေပြည်တော် မေ ၂၀**

နေပြည်တော်ကောင်စီနယ်မြေ၌ ရောက်ရှိနေသည့် ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းအမှတ်စဉ် (၁/၂၀၂၅) သင်တန်းစခန်း ၁၁ ခုမှ သင်တန်းသားများနှင့် နည်းပြ/အုပ်ချုပ်သူ ၈၂၃ ဦးတို့သည် နေပြည်တော်ကောင်စီနယ်မြေအတွင်း လေ့လာရေးခရီးစဉ်များ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့မွန်းလွဲပိုင်းတွင် အမျိုးသားအထိမ်းအမှတ် ဥယျာဉ်ရှိ မြန်မာနိုင်ငံ တစ်ဝန်းလုံးမှ တန်ခိုးကြီးဘုရား၊ စေတီ၊ ပုထိုးများ၏ ပုံစံငယ်များ၊ အထင်ကရနေရာများနှင့် တိုင်းရင်းသားလူမျိုးတို့၏ ရိုးရာအထိမ်းအမှတ် ပြယုဂ်များကို သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်းရှိ လျှောင်ဒဏ်သင့်၍ ပြိုကျပျက်စီးခဲ့သော အဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများ ဆက်လက်ရောင်းချပေးလျက်ရှိ

**မန္တလေး မေ ၂၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်ရှိ ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပျက်စီးသွားသော အဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရာတွင် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့်အထပ်သားပြားများကို ယနေ့တွင် စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် မြစ်သားမြို့နယ် ကူမဲမြို့ရှိ အမှတ်(၅)ရပ်ကွက်၌ ပြည်သူများလက်ဝယ်သို့ ဆက်လက်ရောင်းချပေးလျက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

◆ *ကျောဖုံးမှ*

တောင်ဒဂုံကွင်း၌ ကျင်းပသည့်ပွဲတွင် သစ္စာအားမာန်အသင်းနှင့် ရောဝတီယူနိုက်တက်အသင်း တစ်ဂိုးစီသရေကျခဲ့သည်။ ပွဲအစ ၇မိနစ်တွင် ဘုန်းမြတ်သူက သစ္စာအားမာန်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူသော်လည်း ရောဝတီအသင်းအတွက် ချေပဂိုးကို ၅၈ မိနစ်တွင် အောင်ချစ်က သွင်းယူခဲ့သည်။

ပဒုမ္မာကွင်း၌ကျင်းပသည့်ပွဲတွင် ဒဂုံစတားယူနိုက်တက်အသင်းက ရခိုင်ယူနိုက်တက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ ဒဂုံစတားယူနိုက်တက်အသင်းသည် ပထမပိုင်းပြီးခါနီးတွင် သွင်းယူသည့် တစ်လုံးတည်းသောအနိုင်ဂိုးဖြင့် လေးပွဲဆက်အနိုင်ရပြီး ထိပ်ဆုံးမှ ရန်ကုန်ယူနိုက်တက်အသင်းကို ရမှတ်တူ ဖိအားပေးလျက်ရှိသည်။ ဒဂုံစတားယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးကို ၄၅ မိနစ်တွင် ခန့်ဇော်ဟိန်းက သွင်းယူသည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MNL**

# ကျိုက်လတ်မြို့နယ်၌ ၂၀၂၅ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေး

**ကျိုက်လတ် မေ ၂၀**

ဧရာဝတီ တိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်၌ ၂၀၂၅ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများ ထုတ်ချေးပေးခြင်း အခမ်းအနားကို မေ ၁၉ ရက်တွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်ခွဲ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျိုက်လတ်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်ခွဲ မန်နေဂျာ ဒေါ်နွယ်နွယ်ဝင်းက မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေကို ကျေးရွာအုပ်စုအလိုက် ထုတ်ချေးမည်ဖြစ်ပြီး အချိန်စေ့ ကြွေးပြေကျေသည့် တောင်သူများကိုသာ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်းနှင့် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးသော တောင်သူများကို ချေးငွေထုတ်ချေးသည့် စာချုပ်ပါ စည်းကမ်းချက်များအား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်)မှ အထွေထွေမန်နေဂျာ ဦးအောင်ကျော်ဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ ဥက္ကဋ္ဌ ဦးမင်းအောင်တို့က ဒေါပုံကျေးရွာနေ တောင်သူ ၉၇ ဦး၊ ဧက ၆၄၄ ဧက၊ ချေးငွေကျပ် ၉၆၆ သိန်းအား တောင်သူများထံ လက်ဝယ်အရောက် ထုတ်ချေးပေးသည်။



**မြို့နယ်(ပြန်/ဆက်)**

# ၂၀၂၅ ခုနှစ် မေလအတွင်း (၁-၅-၂၀၂၅ ရက်နေ့မှ ၁၅-၅-၂၀၂၅ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထု အရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner၊ Air Quality Monitoring Station (AQM–65)၊ Scentroid (SL – 50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

<table>
<tr><th rowspan="2">စဉ်</th><th rowspan="2" colspan="2">ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုင်းတာသည့်နေရာ</th><th colspan="6">တိုင်းတာသည့် Parameter များ</th></tr>
<tr><th>၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ</th><th>၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ</th><th>ဆာလဖာဒိုင်အောက်ဆိုက်</th><th>နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်</th><th>အိုဇုန်း</th><th>ကာဗွန်မိုနောက်ဆိုက်</th></tr>
<tr><td>၁</td><td colspan="8">နေပြည်တော်</td></tr>
<tr><td></td><td>၁</td><td>ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်</td><td colspan="2">လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td>၂</td><td colspan="8">ရန်ကုန်တိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ ရန်ကုန်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>International Business Center (IBC)၊ ရန်ကုန်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၃</td><td colspan="8">မန္တလေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>အမရပူရမြို့နယ်၊ မန္တလေးမြို့</td><td>ခံနိုင်ရည်နည်းပါးသူများသာ ထိခိုက်နိုင်</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>အောင်မြေသာစံမြို့နယ်</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>ပုသိမ်ကြီးမြို့နယ်</td><td>ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့်</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>ညောင်ဦးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၅</td><td>ကျောက်ဆည်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၆</td><td>ပြင်ဦးလွင်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၇</td><td>မိတ္ထီလာမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၈</td><td>မတ္တရာမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၄</td><td colspan="8">စစ်ကိုင်းတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မုံရွာမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ဟုမ္မလင်းမြို့</td><td colspan="2">လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>စစ်ကိုင်းမြို့</td><td colspan="2">လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td>၅</td><td colspan="8">တနင်္သာရီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ထားဝယ်မြို့</td><td>–</td><td colspan="3">ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td></tr>
<tr><td>၆</td><td colspan="8">ပဲခူးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပဲခူးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၇</td><td colspan="8">မကွေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မကွေးမြို့</td><td colspan="2">ကောင်းမွန်</td><td>–</td><td colspan="3">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သရက်မြို့</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td></tr>
<tr><td>၈</td><td colspan="8">ဧရာဝတီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပုသိမ်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၉</td><td colspan="8">ကရင်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>ဘားအံမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၁၀</td><td colspan="8">မွန်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>မော်လမြိုင်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>သထုံမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၁၁</td><td colspan="8">ရှမ်းပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>တောင်ကြီးမြို့</td><td>–</td><td>–</td><td colspan="2">ကောင်းမွန်</td><td>–</td><td>–</td></tr>
<tr><td></td><td>၂</td><td>ကျိုင်းတုံမြို့</td><td>လက်ခံနိုင်သော</td><td>–</td><td>–</td><td>–</td><td>–</td><td>–</td></tr>
<tr><td></td><td>၃</td><td>တာချီလိတ်မြို့</td><td>လက်ခံနိုင်သော</td><td>–</td><td>–</td><td>–</td><td>–</td><td>–</td></tr>
<tr><td></td><td>၄</td><td>မိုင်းဆတ်မြို့</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td></tr>
</table>

### လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထု အရည်အသွေး တိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ် မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေး ရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

---

❖ *ကျောဖုံးမှ*

၃၆ လမ်းတွင် နေရာချထားပေးပြီး မြေညှိခြင်းနှင့် တပ်ဆင်တည်ဆောက်ခြင်းများ ဆောင်ရွက်လျက်ရှိရာ မေ ၂၀ ရက်အထိ Container House အလုံး ၂၀ ပြီးစီးပြီဖြစ်သည်ဟု မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

“Container House တွေကို တရုတ်ပြည်သူ့သမ္မတနိုင်ငံက လှူဒါန်းတာဖြစ်ပါတယ်။ တပ်ဆင်ရာမှာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ အဆောက်အအုံနဲ့ကုန်ဌာနအပြင် ဆက်စပ်တဲ့ဌာနတွေ ပူးပေါင်းပြီး စက်ယန္တရားများ အကူအညီနဲ့ ဆောင်ရွက်နေပါတယ်။ လျှပ်စစ်မီး ရရှိရေး၊ သောက်ရေရရှိရေးနဲ့ မိလ္လာစွန့်ပစ်ဖို့ကစလို့ ဆောင်ရွက်ပေးမှာပါ”ဟု ၎င်းက ပြောသည်။

Container House များကို ၃၅ လမ်းနှင့် ၃၆ လမ်းကြား၊ ၆၆ လမ်းအရှေ့ဘက်တွင် အရာထမ်းများအတွက် ၆၄ လုံး၊ လမ်းအနောက်ဘက်တွင် အမှုထမ်းများအတွက် ၈၆ လုံး စုစုပေါင်းအလုံး ၁၅၀ တပ်ဆင်တည်ဆောက်ပေးနေပြီး အဆောက်အအုံများကြား သွားလာနိုင်ရန် လမ်းများဖောက်လုပ်ခြင်းလုပ်ငန်းလည်း ပါဝင်၍ Container တစ်လုံးလျှင် အလျားပေ ၂၀၊ အနံ ၁၀ ပေ၊ အမြင့် ၈ ပေခွဲခန့်ရှိကြောင်း သိရသည်။

“Container House တစ်ခုစီရဲ့ အမိုးအကာ၊ အခင်း၊ တံခါးစတဲ့ လိုအပ်တာတွေက Packing နဲ့ ရောက်လာတာကို ဒီမှာ ပြန်လည်တပ်ဆင်တည်ဆောက်ရတယ်။ ပထမတစ်လုံး နှစ်လုံး တပ်ဆင်တုန်းက မကျွမ်းကျင်သေးလို့ တည်ဆောက်ချိန်ကြာပေမယ့် နောက်တော့ ကျွမ်းကျင်ပြီး မြန်လာတယ်”ဟု ဆက်လက် ပြောကြားသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းညွှန်မှုဖြင့် ငလျင်ဒဏ်သင့် အဆောက်အအုံများ ရှင်းလင်းဖယ်ရှားရေး၊ ငလျင်ဘေးကြောင့် နေထိုင်ရန်အခက်အခဲရှိသူများအား ယာယီအဆောက်အအုံများ တည်ဆောက်နေရာချထားရေး၊ သောက်သုံးရေရရှိရေး၊ သန့်ရှင်းရေး စသည်တို့ကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မောင်အေးချမ်း**

# ထေရဝါဒ ဗုဒ္ဓဘာသာ တည်တံ့ထွန်းကား ပြန့်ပွားရေး (၈)

ကေကေ (မဟာဝိဇ္ဇာ)

သုဝဏ္ဏဘူမိမှ ထေရဝါဒ ရဟန်းတော်တစ်ပါးနှင့် ပိဋကတ်သုံးပုံ ရရှိလိုက်သဖြင့် ပုဂံသည် ထေရဝါဒ ဗုဒ္ဓဘာသာ၏ အချက်အချာ ဘူမိနက်သန် ဖြစ်ခဲ့သည်။ ခေတ်ပြိုင်သထုံတွင် ထေရဝါဒ ဗုဒ္ဓဘာသာ ရှိနှင့်ပြီးဖြစ်သည်။ ယနေ့ခေတ် သထုံမြို့တွင်းနေရာ အနှံ့မှ တူးဖော်ရရှိသော အုတ်ခွက် ဘုရား သုံး၊ လေးထောင် (အကောင်းနှင့်အကျိုးအပဲ့အပါအဝင်) က ခိုင်မာသော အထောက်အထား ဖြစ်၏။

ဘာသာဆီမီးထွန်းညှိပေးသော အနော်ရထာသည် ပုဂံမင်းဆက် ၅၅ ဆက်တွင် ၄၂ ဆက်မြောက် ဖြစ်၏။ သူ့ရှေ့က ၄၁ ဆက်သော မင်းတို့လက်ထက်နှင့် ပုဂံထက်စောသော ပျူခေတ်တွင် မည်သို့သော ယုံကြည်ကိုးကွယ်မှုတွေ ရှိနေပါသနည်း။

ခရစ်နှစ်မတိုင်မီကပင် အိန္ဒိယကုန်သည်များနှင့် သာသနာပြုများသည် မြန်မာနိုင်ငံသို့ လမ်းကြောင်း နှစ်သွယ်မှ ဝင်လာ၏။ တစ်ကြောင်းမှာ အာသံမှ တစ်ဆင့် မြောက်ပိုင်းသို့ ကုန်းကြောင်းလမ်းဖြစ်၍၊ တစ်ကြောင်းမှာ တောင်ပိုင်း အောက်မြန်မာနိုင်ငံသို့ ပင်လယ်ရေကြောင်းဖြစ်သည်။ သူတို့နှင့်အတူ ဟိန္ဒူဘာသာအပြင် ထေရဝါဒနှင့် မဟာယာန ဗုဒ္ဓဘာသာတို့လည်း ရောက်ရှိလာ၏။ ထို့ကြောင့် မြောက်ပိုင်း၊ တောင်ပိုင်း ဗုဒ္ဓဘာသာနှစ်ခုလုံးသည် အနော်ရထာအရင် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့ပြီး ဖြစ်၏။

သီရိခေတ္တရာတွင် ရှေးဟောင်းပစ္စည်းများစွာ တူးဖော်ရရှိခဲ့၏။ မောင်ကန်ရွာမှ ရွှေပြားနှစ်ချပ်နှင့် မှော်ဇာရွာ ခင်ဘကုန်းမှ ရွှေပေအချပ် ၂၀ ကို ၁၈၉၇ နှင့် ၁၉၆၂ ခုနှစ်တို့တွင် ရရှိခဲ့၏။ မောင်ကန် ပထမရွှေချပ်တွင် ယေဓမ္မာဂါထာကို ဖြာဟ္မီအက္ခရာဖြင့် ရေးထားသည်။ ဒုတိယအချပ်တွင် ဗုဒ္ဓ၏ ဂုဏ်တော်ကိုးပါးကို ရေးထားသည်။ မောင်ခင်ဘ၏ ယာကုန်းမှရသော ရွှေပြားအချပ် ၂၀ တွင် ပဋိစ္စသမုပ္ပာဒ် အနုလုံ ပဋိလုံရေးထားပြီး မဂ်အဆင့်ဆင့်၊ ဗောဓိပက္ခိယ တရားများလည်းပါသည်။ ထေရဝါဒ ပိဋကလာ စာသားများဖြစ်ပြီး တောင်ပိုင်းအိန္ဒိယမှ ရောက်လာသည်ဟု ယူဆရသည်။ အိန္ဒိယ တောင်ပိုင်းသည် ထေရဝါဒီတို့၏ ဗဟိုချက်ဖြစ်၍ ဓမ္မပါလ၊ ဗုဒ္ဓဒတ္တနှင့် ကဿပ စသော ကျမ်းပြုအကျော်များ ထွက်ရာဒေသ ဖြစ်သည်။ ဤတွေ့ရှိချက်များက ခရစ်နှစ် ငါးရာစုမှာပင် သီရိခေတ္တရာ (ပျူနိုင်ငံ) သို့ ထေရဝါဒဗုဒ္ဓဘာသာ ရောက်နေပြီဖြစ်ကြောင်း အထောက်အထားဖြစ်သည်။




အပယ်ရတနာဘုရားမှ နံရံဆေးရေးပန်းချီအား မြတ်ရွှေတိဂုံစာစောင်၌ မျက်နှာဖုံးအဖြစ် အသုံးပြုထားစဉ်။

သီရိခေတ္တရာမြို့ပေါက်တွင် မင်္ဂလသုတ်၊ မောရသုတ်နှင့် ရတနသုတ်မှ ဂါထာများ ရေးထိုးထားသော ကျောက်စာနှစ်ချပ် ရရှိသေးသည်။ ထိုသုတ်များကို ထေရဝါဒ ဗုဒ္ဓဘာသာ ကိုးကွယ်သူတို့က ဘေးအန္တရာယ်ကင်းအောင် ရွတ်ဆိုလေ့ရှိကြ၏။

ဗိဿနိုးနှင့် ဟန်လင်းတွင်လည်း ဟိန္ဒူဘာသာဆိုင်ရာပစ္စည်းများ တွေ့ရ၏။ ခေတ်ပြိုင်ရခိုင်သည် ပထဝီအနေအထားအရ အိန္ဒိယနှင့် နီးသောကြောင့် ဟိန္ဒူဘာသာလွှမ်းမိုးမှု အားကောင်းသည်။ ပျူနှင့် ရခိုင်တွင် ထေရဝါဒ၊ မဟာယာနနှင့်ဟိန္ဒူတို့ ယှဉ်တွဲနေကြသည်။

စောစောပိုင်းက ပျူခေတ်တွင် ဗုဒ္ဓရုပ်ပွားဆင်းတုတော်မတွေ့ချေ။ အိန္ဒိယနိုင်ငံ နာဂါရ်ဇုနကုဏ္ဍာမြို့ဟောင်းရှိ ကျောက်စာအထောက်အထားအရ ယင်းမြို့တွင် ဗုဒ္ဓဘာသာဂိုဏ်းလေးဂိုဏ်းရှိခဲ့ရာ အပရမဟာဝိနသေလိယဂိုဏ်းနှင့် မဟာသာသကဂိုဏ်းတို့သည် ဗုဒ္ဓရုပ်ပွားဆင်းတုတော် ကိုးကွယ်ခြင်းကို လက်မခံချေ။ ပျူမြို့များတွင် ၎င်းဂိုဏ်းဝင်တို့ ရောက်ရှိကြီးစိုးသောကြောင့် ဗုဒ္ဓဆင်းတုမတွေ့ခြင်းဟု ယူဆခဲ့ကြ၏။ တစ်နည်းမှာ ဗုဒ္ဓဘုရားရှင်က "ချစ်သားအာနန္ဒာ၊ သာရီရိကစေတီ၊ ပရိဘောဂစေတီ၊ ဥဒ္ဒိဿစေတီ ဟူ၍ သုံးမျိုးရှိသည်တွင် ငါဘုရားသက်တော်ထင်ရှားရှိစဉ် သာရီရိကစေတီပြုလုပ်ခြင်းငှာ မတတ်ကောင်း။ ပရိဘောဂစေတီ၊ ဥဒ္ဒိဿစေတီတို့ကို ပြုလုပ်ခြင်းငှာတတ်ကောင်း၏" ဟု အရှင်အာနန္ဒာကို ဟောတော်မူကြောင်း တေရသိနိပါတ်၊ ကလိင်္ဂဗောဓိဇာတ်တော်၌ တွေ့ရ၏။ ဤအချက်ကြောင့်လည်း ဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီး၍ အချိန်ကာလအတန်ကြာသည်အထိ ရုပ်ပွားဆင်းတု ထုလုပ်ကိုးကွယ်မှု နှေးကွေးခြင်းဖြစ်တန်ရာသည်။ ဘုရားရှင်သက်တော်ထင်ရှားရှိစဉ်မှာပင် ကိုယ်ပွားရုပ်ပွားတော် ထုလုပ်ကိုးကွယ်သည်ဆိုသော ဇာတ်ရာဇဝင်များ ရှိခဲ့သော်လည်း ပိဋကတ်တော်များတွင် ဖော်ပြမထားကြောင်း၊ သင်္ဂါယနာကျမ်းဝင်ကျမ်းစု မဟုတ်ကြောင်း မှတ်သားရသည်။

၂၀၀၃ ခုနှစ် ဗိဿနိုး ကုန်းအမှတ်-၁၃မှ ဉာဏ်တော် ငါးလက်မခွဲ၊ ကိုယ်လုံးတော်အကျယ် နှစ်လက်မခွဲရှိသော ကြေးဗုဒ္ဓဆင်းတုတော်တစ်ဆူကို မထင်မှတ်ဘဲ တွေ့ခဲ့ရ၏။ ပုစွန်တုပ်ကွေးပါသော အမြင့် သုံးလက်မရှိ ကြေးခေါင်းလောင်းငယ် တစ်ခုနှင့် အရွယ်အစားမျိုးစုံသော ကြေးဆီမီးခွက် လေးခုလည်းပါ၏။ ပျူတို့၏ ရှားရှားပါးပါး ဗုဒ္ဓဘာသာဆိုင်ရာ သာသနိကပစ္စည်းများ ဖြစ်သောကြောင့် ထိုခေတ်ကိုးကွယ်မှု ကောက်ချက်အတွက် သမိုင်းတန်ဖိုးကြီးလှပေသည်။

ယင်းနှစ်ထဲမှာပင် ဗိဿနိုး ကုန်းအမှတ်-၁၆ မှ စက်ဝိုင်းပုံ ပန္နက်ရှိသော အုတ်အဆောက်အအုံကို စတုရန်းပုံ အုတ်ရိုးပတ်လျက် အနောက်ဘက်တွင် အဆောက်အအုံအတွင်းသို့ ဝင်ရောက်နိုင်ရန် အုတ်ခုံစွန်း လက်တံထွက်ထားသော ဝင်ပေါက်ပါသည့် ပန္နက်ပုံကြီးကို တွေ့ရသည်။ ထိုကဲ့သို့သော အုတ်ပန္နက်ပုံ အဆောက်အအုံမျိုးကို ယခင်ကလည်း ဗိဿနိုး ကုန်းအမှတ်-၅၊ ၆၊ ၁၄၊ ၁၈ နှင့် ဟန်လင်း ကုန်းအမှတ်-၁၃၊ မိုင်းမော ကုန်းအမှတ်-၇ တို့၌ တွေ့ရှိခဲ့ပြီးဖြစ်သည်။ ယင်းတို့မှာ ဝင်ပေါက်လက်တံ တစ်ခုသာပါသည်။ ယင်းပန္နက်ပုံမျိုးပင် မိုင်းမော ကုန်းအမှတ်-၈ ၌ တောင်နှင့် မြောက်ဘက်တွင် ဝင်ပေါက်လက်တံနှစ်ခု ထွက်၍လည်းကောင်း၊ သီရိခေတ္တရာ ကုန်းအမှတ်-၅ (မသီးကျကုန်း)၌ အရပ်လေးမျက်နှာသို့ ဝင်ပေါက်လက်တံလေးခု ထွက်၍လည်းကောင်း ထူးထူးခြားခြား တွေ့ရပြန်သည်။ အဆောက်အအုံအထက်ပိုင်း ပြိုပျက်ကာ လုံးဝမရှိတော့သော်လည်း ကျန်ရှိသော ပန္နက်ပုံစံအရ လေးထောင့်ပစ္စယံအထက်၌ စေတီလုံး တည်ထားသော ဥဒ္ဒိဿစေတီ အမျိုးအစားဟု ယူဆကြ၏ ။ ပျူခေတ်မြို့များတွင် ဤစေတီပန္နက်များ တွေ့ရသောကြောင့် ထေရဝါဒ ဗုဒ္ဓဘာသာရှိနေကြောင်း ပြောနိုင်သည်။

ထူးခြားမှုမှာ ယင်းပန္နက်ပုံများသည် အိန္ဒိယနိုင်ငံ မြောက်ပိုင်းနှင့်တောင်ပိုင်းရှိ ရှေးဟောင်းစေတီပန္နက်ပုံများနှင့် တူနေခြင်းဖြစ်သည်။ ထို့ကြောင့် ၁၅- ၅- ၂၀၂၃ ရက် မှ ၂၂- ၅- ၂၀၂၃ ရက်အထိ ရှေးဟောင်းသုတေသနအဖွဲ့ တစ်ဖွဲ့ကို အိန္ဒိယနိုင်ငံသို့ လေ့လာရေးစေလွှတ်ခဲ့သည်။ အိန္ဒိယအစိုးရက အရေးတယူလက်ခံ၍ လိုက်လံပြသပေးသည်။ ပျူခေတ်၊ ဗုဒ္ဓဘာသာသည် အိန္ဒိယ တောင်ပိုင်း၊ မြောက်ပိုင်းတို့နှင့် ဆက်နွှယ်နေကြောင်း တွေ့ရှိခဲ့ရသည်။

အနော်ရထာမတိုင်မီ ၄၁ ဆက်သော မင်းတို့လက်ထက်နှင့် ပုဂံခေတ်ထက်စောသော ပျူမြို့ပြနိုင်ငံများခေတ်တွင် မြန်မာနိုင်ငံ၌ ဟိန္ဒူ၊ ထေရဝါဒ၊ မဟာယာန ဗုဒ္ဓဘာသာများ ရောက်ရှိနေကြပြီ ဖြစ်သကဲ့သို့ သမိုင်းဦးခေတ် ကိုးကွယ်ယုံကြည်မှုဟု ဆိုအပ်သော နတ်ကိုးကွယ်မှုလည်း ရှိနေပါသည်။ တကောင်းပြည်နှင့် ပုဂံအစောပိုင်းတွင် နဂါးကိုးကွယ်မှုလည်းရှိခဲ့သည်။ ညောင်ဦးစောရဟန်းမင်းသည် နတ် နဂါးကိုးကွယ်သူဟု ဆိုကြ၏။ နတ်ကိုးကွယ်မှုသည် မြန်မာတို့၏ ပြည်တွင်းဖြစ်ကိုးကွယ်မှုဖြစ်၏ ။

*စာမျက်နှာ ၁၁ သို့*

- ❖ **ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်မှာပင် ကိုယ်ပွားရုပ်ပွားတော် ထုလုပ်ကိုးကွယ်သည်ဆိုသော ဇာတ်ရာဇဝင်များရှိခဲ့သော်လည်း ပိဋကတ်တော်များတွင် ဖော်ပြမထားကြောင်း၊ သင်္ဂါယနာကျမ်းဝင်ကျမ်းစု မဟုတ်ကြောင်း မှတ်သားရ**
- ❖ **၂၀၀၃ ခုနှစ် ဗိဿနိုး ကုန်းအမှတ်-၁၃မှ ဉာဏ်တော် ငါးလက်မခွဲ၊ ကိုယ်လုံးတော်အကျယ် နှစ်လက်မခွဲရှိသော ကြေးဗုဒ္ဓဆင်းတုတော်တစ်ဆူကို မထင်မှတ်ဘဲ တွေ့ခဲ့ရ**
- ❖ **ပျူတို့၏ ရှားရှားပါးပါး ဗုဒ္ဓဘာသာဆိုင်ရာ သာသနိကပစ္စည်းများဖြစ်သောကြောင့် ထိုခေတ်ကိုးကွယ်မှုကောက်ချက်အတွက် သမိုင်းတန်ဖိုးကြီးလှပေ**
- ❖ **ပျူခေတ်၊ ဗုဒ္ဓဘာသာသည် အိန္ဒိယတောင်ပိုင်း၊ မြောက်ပိုင်းတို့နှင့် ဆက်နွှယ်နေကြောင်း တွေ့ရှိခဲ့ရ**

# မျက်မမြင်ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ခေါ်ယူ

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန ကြည့်မြင်တိုင်မျက်မမြင်ကျောင်းနှင့် စစ်ကိုင်းမျက်မမြင်ကျောင်းတို့တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်သည်-

**သတ်မှတ်ချက်များ**

၁။ လက်ခံနိုင်သည့် မျက်မမြင်အမျိုးအစား
- (က) လုံးဝမမြင်သူများ
- (ခ) အနည်းငယ်မြင်သူများ (အမြင်အားဖြင့် ၁/၁၀ ထက်မပိုရ)
- (ဂ) ကုသ၍ မရနိုင်သည့် မျက်မမြင်များ

၂။ စာပေနှင့်အသက်မွေးဝမ်းကျောင်းပညာများကို သင်ယူလိုစိတ်ရှိသူဖြစ်ရမည်။

၃။ အသက် (၆) နှစ်မှ (၁၈) နှစ်အတွင်းရှိသူဖြစ်ရမည်။

၄။ အမြင်အာရုံမသန်စွမ်းမှုမှလွဲ၍ ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

၅။ မိဘ (သို့မဟုတ်) အုပ်ထိန်းသူရှိရမည်။

၆။ အိမ်ထောင်မရှိဘူးသူ (လူပျို/အပျို) ဖြစ်ရမည်။

၇။ ကျား/မ၊ လူမျိုးနှင့် ကိုးကွယ်ရာဘာသာမရွေး လျှောက်ထားနိုင်သည်။

**ကျောင်းအပ်နှံရာတွင် လိုအပ်သည့်အချက်များ**

၁။ ကလေး၏ ပတ်စပို့ဓာတ်ပုံ လေးပုံ၊ ဖွားစာရင်း မူရင်းနှင့် မိတ္တူ

၂။ မိဘနှစ်ဦး မှတ်ပုံတင် မူရင်းနှင့် မိတ္တူ

၃။ အိမ်ထောင်စုဇယား မူရင်းနှင့် မိတ္တူ

၄။ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူး၏ရပ်ကွက်တွင်နေထိုင်ကြောင်း ထောက်ခံချက်

၅။ သက်ဆိုင်ရာ မြို့နယ်ကျန်းမာရေးဌာန၏ ကူးစက်ရောဂါကင်းရှင်းကြောင်း ထောက်ခံချက်

လျှောက်ထားလိုသူများသည် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနလက်အောက်ရှိ ကြည့်မြင်တိုင်မျက်မမြင်ကျောင်း (အမှတ်-၁၃၂၊ ပန်းပင်ကြီးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့) သို့လည်းကောင်း၊ စစ်ကိုင်းမျက်မမြင်ကျောင်း (အမှတ် ၆/၂၈ မြို့သစ်ရပ်ကွက်၊ မရှိခဏဘုရားအနီး၊ စစ်ကိုင်းမြို့) သို့လည်းကောင်း တိုက်ရိုက်ဖြစ်စေ၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ လူမှုဝန်ထမ်းရုံးများမှ တစ်ဆင့်ဖြစ်စေ စုံစမ်းနိုင်ပါသည်။ စာပေပညာရပ်၊ အသက်မွေးဝမ်းကျောင်းပညာရပ် တက်ရောက်ခွင့်ရရှိပါက ကျောင်းသား ကျောင်းသူများ၏ စားသောက်နေထိုင်ရေးကို နိုင်ငံတော်ကတာဝန်ယူမည်ဖြစ်ပြီး ကျောင်းဝင်ကြေးနှင့် ကျောင်းလခပေးသွင်းရန်မလိုပါ။

အသေးစိတ်သိလိုပါက လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသူများဖွံ့ဖြိုးတိုးတက်ရေးဌာနစု၊ ဖုန်း-၀၆၇-၄၀၄၂၅၂၊ ကြည့်မြင်တိုင်မျက်မမြင်ကျောင်း ဖုန်း-၀၁-၈၃၁၇၀၇၀၊၀၁-၈၃၁၇၁၂၆၊ ၀၉-၄၂၀၁၃၈၆၆၀ နှင့် စစ်ကိုင်းမျက်မမြင်ကျောင်း ဖုန်း-၀၇၂-၂၂၂၃၇၊ ၀၉-၄၀၂၆၄၅၁၇၃ တို့ကို (ရုံးချိန်အတွင်း) ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လူမှုဝန်ထမ်းဦးစီးဌာန**

## ရမည်းသင်းမြို့နယ် အခြေခံပညာကျောင်းများတွင် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်

ရမည်းသင်း မေ ၂၀

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့၏ ဦးဆောင်မှုဖြင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ခရိုင်/မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့များ ပူးပေါင်းအဖွဲ့သည် ယနေ့နံနက် ၇ နာရီမှစ၍ ရမည်းသင်းမြို့နယ်အတွင်း ကျောင်းမဖွင့်မီအကြိုလုပ်ငန်းအနေဖြင့် မိုးဦးကျကာလရောဂါနှိမ်နင်းရေးလုပ်ငန်းစဉ်ဖြစ်သည့် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသေဆုံးမှုလျော့နည်းစေရန်၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုလျော့နည်းစေရန်ရည်ရွယ်၍ ကွင်းဆင်းဆောင်ရွက်ကြသည်။



မြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသေဆုံးမှုလျော့နည်းလာစေရန်၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုလျော့နည်းစေရန် ခြင်ဆေးမှုတ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်ခြင်း၊ အဘိတ်ဆေးခပ်ခြင်း၊ ကလိုရင်းဆေးခပ်ခြင်း၊ ရေသန့်ဆေးပြားဖြန့်ဝေခြင်း၊ ရေမလိုလက်သန့်ဆေးရည်ဖြန့်ဝေခြင်းများ ဆောင်ရွက်ကြသည်။ အဆိုပါခြင်ဆေးမှုတ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်ခြင်းကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိန်မြင့်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ရွှေသိန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြင့်မြင့်မော်နှင့် ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာနှင့် မိခင်ကလေးစောင့်ရှောက် ရေး အသင်းအဖွဲ့ဝင်များပူးပေါင်းကာ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း၁၀ကျောင်းတို့တွင်ကွင်းဆင်းဆောင်ရွက်ကြောင်း သိရသည်။

ဇော်ဝင်းအောင်

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်၌ မေ ၂၀ ရက်တွင် ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်မျိုးမြင့်ဦးဆောင်၍ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိမ်းကိုကိုနှင့်တပ်ဖွဲ့ဝင်များက တည်းခိုခန်းများ၌ မီးဘေးလုံခြုံရေး စစ်ဆေးထောက်ခံချက်ရရှိရေး၊ မီးသတ်ဆေးဘူးများ စနစ်တကျထားရှိစေရေး၊ မီးလန့်မှုများဖြစ်ပွားလာပါက အမြန်ဆုံးငြိမ်းသတ်နိုင်ရေး စသည့်စစ်ဆေးမှုများ ကွင်းဆင်းဆောင်ရွက်စဉ်။

ခရိုင်(ပြန်/ဆက်)



စာမျက်နှာ ၁၀ မှ

သီရိခေတ္တရာ၊ ဗိဿနိုးနှင့် ဟန်လင်းတို့တွင် တွေ့ရသော ဟိန္ဒူဘာသာအယူအဆသည် ပုဂံခေတ်ထိအောင် ပါလာကြောင်း မဟာပိန္နဲဘုရားနှင့် နတ်လှောင်ကျောင်းတို့က ပြသနေသည်။ မဟာပိန္နဲဘုရားတွင် ဟိန္ဒူဘာသာနှင့် ဗုဒ္ဓဘာသာပေါင်းစပ်မှုကို တွေ့ရ၏။ ဂနေရှ (မြန်မာအမည် မဟာပိန္နဲ) အပါအဝင် ဟိန္ဒူဘာသာဆိုင်ရာ ရုပ်တု၊ ဆင်းတုများကို ထိုဘုရားတွင်တွေ့ရသည်။ ပုဂံဘုရင် ညောင်ဦးစောရဟန်းကို နတ်တော်ကျောင်းဒကာဟု ရာဇဝင်တွင် တွေ့ရသည်။ သူ့ကျောင်းကို နတ်လှောင်ကျောင်းခေါ် မဟာပိန္နဲဘုရားဖြစ်သည်ဟုဆိုကြသည်။ အနော်ရထာနှင့် စောလူးနောက်နန်းစံသည့် ကျန်စစ်မင်းတည်ခဲ့သည့် အပယ်ရတနာဘုရားမှာပင် ဝေဒခေတ်နှင့် ဝေဒခေတ်နှောင်း နတ်ဘုရားများဖြစ်ကြသော ဗြဟ္မာ၊ ဗိဿနိုး၊ သီဝ၊ သူရဿတီ၊ ဒေဝီ၊ ယမုံနာ၊ အိန္ဒြာ စသော ရုပ်တုများရှိနေသည်။

အပယ်ရတနာဘုရား၏ ထူးခြားမှုတစ်ခုမှာ တဖုဿနှင့် ဘလ္လိကတို့ ဆံတော်ခံယူပုံ နံရံဆေးရေးပန်းချီလည်း ရှိနေခြင်းဖြစ်၏။ ၂၀၂၃ ခုနှစ်ထဲမှာ ဝန်ကြီးဌာန၏ တာဝန်ပေးချက်အရ စာရေးဆရာ ခင်ဉာဏက ရှာဖွေတွေ့ရှိခဲ့သည်။ မြတ်ရွှေတိဂုံ ဓမ္မစာစောင် အတွဲ(၃)၊ အမှတ်(၁၀)၏ ရှေ့မျက်နှာဖုံးပုံအဖြစ် ဖော်ပြထားပြီး အယ်ဒီတာအမှာစကားတွင် တွေ့ရှိပုံကို မှတ်တမ်းတင်ထားသည်။

မွန်-မြန်မာတို့ လှူခဲ့ကြသော အုတ်ခွက်ဘုရားစာများတွင်လည်းကောင်း၊ ကျောက်စာပါမင်းတို့၏ ဆုတောင်းစာများတွင်လည်းကောင်း ဘုရားဆုပန်ခြင်း၊ နောင်ပွင့်မည့် အရိမေတ္တေယျဘုရားကို ဖူးတွေ့ရန် ဆုတောင်းခြင်းများမှာ မဟာယာနတို့၏ ဆုတောင်းနည်းဖြစ်သည်။ ထေရဝါဒီတို့က နိဗ္ဗာန်ကိုသာ ဆုတောင်းလေ့ရှိပါသည်။ ထိုအချိန်အထိ ပုဂံတွင် ဗိဿနိုးဂိုဏ်း၊ သီဝဂိုဏ်း စသည့် ဟိန္ဒူဘာသာ အယူအဆများနှင့် မဟာယာန၊ ထေရဝါဒတို့ ရောနေပုံရသည်။ အနော်ရထာနှင့် ကျန်စစ်သားတို့၏ ဆုတောင်းစာများတွင် ဘုရားလောင်း အယူအဆ၊ စကြဝတေးမင်း အယူအဆ၊ ဗိဿနိုးနတ်-သီရိနတ်နှင့် နဂါးကိုးကွယ်မှု၊ ဗိဿနိုးဝင်စားခြင်း အယူအဆများကို တွေ့ရသည်။

အနော်ရထာမတိုင်မီက မင်းနှင့် ပြည်သူတို့သည် "အရည်း"တို့ကို ကိုးကွယ်ကြ၏။ စင်စစ် အရည်းများသည် တန္တရနှင့် မဟာယာနဘုန်းကြီးများသာဖြစ်ကြောင်း ပါမောက္ခဦးဖေမောင်တင်နှင့် ပါမောက္ခလုစ်တို့ကဆိုသည်။ တန္တရ ဗုဒ္ဓဘာသာမှာ နာလန္ဒမှ ပုဂံသို့ ရောက်လာသည်။ တန္တရသည် ဟိန္ဒူနှင့် မဟာယာနတို့ကို ပေါင်းစပ်ထားခြင်းဖြစ်၏။ တန္တရရဟန်းတို့သည် ဂါထာ၊ မန္တန်၊ မှော်၊ အင်္ဂယတ်များကို လိုက်စားကြ၏။ ထိုအရည်းတို့သည် တန်ခိုးရှိသည်ဟု လူများယုံကြည်ကြသည်။ ထေရဝါဒနှင့် ဆန့်ကျင်သော အရည်းတို့၏ လုပ်ဆောင်မှုနှစ်ခုမှာ ဗုဒ္ဓကျမ်းစာများကို သူတို့အလိုအတိုင်း ဖွင့်ဆိုခြင်းနှင့်အပြစ်ပြုမိလျှင် သင့်လျော်သောဂါထာကို ရွတ်ဆိုက ပျောက်နိုင်သည်ဟု ဟောပြောခြင်းဖြစ်သည်။

အနော်ရထာသည် အရှင်အရဟံ ဟောကြားသော တရားတော်ကို နာယူရသောအခါ အသစ်တွေ့ရှိသော ထေရဝါဒဗုဒ္ဓဘာသာကို ကြည်ညိုလွန်းအားကြီးသဖြင့် တရားစစ်၊ တရားမှန် တွေ့ရှိပြီဟု ယုံကြည်ကာ အရည်းများကို လူဝတ်လဲစေတော့၏။ နှင်ထုတ်တော့၏။ ဘုရင်၏ ဆင်ချေးကျုံး၊ မြင်းချေးကျုံးထည့်၏။ အရည်းဘာသာ ပပျောက်အောင် အာဏာစက်ကိုသုံး၏။ အရှင်အရဟံ၏ ဓမ္မစက်ကို အနော်ရထာက အာဏာစက်ဖြင့် ကူ၏။

❝ အပယ်ရတနာဘုရား၏ ထူးခြားမှုတစ်ခုမှာ တဖုဿနှင့် ဘလ္လိကတို့ ဆံတော်ခံယူပုံ နံရံဆေးရေး ပန်းချီလည်းရှိနေခြင်းဖြစ်၏။ ၂၀၂၃ ခုနှစ်ထဲမှာ ဝန်ကြီးဌာန၏ တာဝန်ပေးချက်အရ စာရေးဆရာ ခင်ဉာဏက ရှာဖွေတွေ့ရှိခဲ့သည်။ မြတ်ရွှေတိဂုံဓမ္မစာစောင် အတွဲ(၃)၊ အမှတ်(၁၀)၏ ရှေ့မျက်နှာဖုံးပုံအဖြစ် ဖော်ပြထားပြီး အယ်ဒီတာအမှာစကားတွင် တွေ့ရှိပုံကို မှတ်တမ်းတင်ထား ❞

တကယ်တော့ ဗုဒ္ဓဘာသာသည် ပုဂံမတိုင်မီ ပျူ၊ မွန်၊ ရခိုင်တို့တွင် ဟိန္ဒူ၊ မဟာယာန၊ ဘာသာများ၊ အင်္ဂယတ်၊ နတ်ကွတ်ဗေဒင်၊ နတ်စသော သမိုင်းဦးခေတ် ကိုးကွယ်ယုံကြည်မှုများနှင့် အတူရှိနေပြီဖြစ်သည်။ သို့ရာတွင် သာသနာပြု၏ အားနည်းမှု၊ ထေရဝါဒ၏ လောကီကိုစွန့်ခွာမှု၊ မင်း၏ အထောက်အပံ့ကို မရရှိမှုတို့ကြောင့် ရာစုပေါင်းများစွာ မထင်ပေါ်ခဲ့ချေ။ ဤအချက်ကို ဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ်၊ ယခင်ဒုညွှန်ချုပ်ဟောင်း ဦးအောင်သိန်းညွှန့်က သူ၏ဆောင်းပါးတစ်ပုဒ်တွင် "ပျူလူမျိုးများသည် အေဒီ- ၂ ရာစုခန့်ကပင် နက်နဲသိမ်မွေ့သော ဗုဒ္ဓဘာသာဆိုင်ရာ အတွေးအခေါ် အယူအဆတို့ကို စူးစူးနစ်နစ် နားလည်သိမြင် ခံစားကျင့်သုံးနေသူများ ဖြစ်ကြောင်း၊ ထို့ကြောင့် သိရှိနားလည်ကျင့်သုံးရန် ခက်ခဲသော ယင်းအဘိဓမ္မာသဘောတရားတို့ကို မြတ်မြတ်နိုးနိုး တန်ဖိုးထားလျက် ထိန်းသိမ်းမှတ်တမ်းထားကြကြောင်း၊ ယင်းကာလမှ စတင်၍ ထေရဝါဒဗုဒ္ဓဘာသာသည် မြန်မာနိုင်ငံတွင် ခိုင်ခိုင်မာမာ အမြစ်တွယ်နေပြီဖြစ်ကြောင်း၊ အခြားသော လောကီချမ်းသာရေးအတွက် ကျင့်သုံးရန် လွယ်ကူသော အယူဝါဒများက ပုထုဇဉ်လူသားတို့၏ စရိုက်၊ အကြိုက်နှင့်ကိုက်ညီသဖြင့် အင်အားတကြီး လွှမ်းမိုးနေရာယူလျက် ရှိနေသေးသောကြောင့် ထေရဝါဒဗုဒ္ဓဘာသာသည် ငုပ်လျှိုးမှေးမှိန်နေခဲ့ရပြီး အေဒီ- ၁၁ ရာစုခန့် ပုဂံအနော်ရထာမင်းက အာဏာစက်ဖြင့် ကြိုးပမ်းဖော်ထုတ်ခဲ့သောကြောင့်သာလျှင် ထေရဝါဒ ဗုဒ္ဓဘာသာ ဦးမော့ထွန်းလင်းစည်ပင်ပြန့်ပွားလာခဲ့ရပြီး ယနေ့ထက်တိုင် မြန်မာနိုင်ငံတွင် အမြစ်တွယ် ရှင်သန်ကြီးထွားစည်ပင်နေရခြင်းဖြစ်ကြောင်း သုံးသပ်ထားသည်။

**ဘာသာတစ်ခုထွန်းကား၊ ပြန့်ပွား၊ တည်တံ့ရန်မှာ ဝီရိယရှိသော သာသနာပြုမှုနှင့် ထိရောက်သော သာသနာကာကွယ်မှုတို့ လိုအပ်ပါသည်။** ။

## အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ရရှိတော်မူသော ကျိုင်းတုံမြို့ ဓမ္မသုခတောရ ဝိပဿနာဓမ္မရိပ်သာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝဏ္ဏိတအား ဂုဏဝိသိဋ္ဌ ဂုဏ်ပြုပူဇော်



**ကျိုင်းတုံ မေ ၂၀**

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရရှိတော်မူသော ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့ဓမ္မသုခတောရ ဝိပဿနာဓမ္မရိပ်သာ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝဏ္ဏိတအား ဂုဏဝိသိဋ္ဌ ဂုဏ်ပြုပူဇော်ပွဲကို မေ ၁၈ ရက်က အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။

ဂုဏ်ပြုပူဇော်ပွဲတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်စိုးလှိုင်နှင့် အဖွဲ့ဝင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး တက်ရောက်လာကြသူများက သံသရာအေးကျောင်းတိုက် ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်များထံမှ မေတ္တာသုတ်တရားတော် နာယူကြည်ညိုကြသည်။ ထို့နောက် ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့) ဥက္ကဋ္ဌ ဦးဇော်လွင်ဦးနှင့် ဇနီး ဒေါ်သီတာကြိုင်၊ ရှမ်းပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးချိုနိုင်ထွန်းနှင့် တာဝန်ရှိသူများက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော် ရရှိတော်မူသော ကျိုင်းတုံမြို့ ဓမ္မသုခတောရ ဝိပဿနာဓမ္မရိပ်သာ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝဏ္ဏိတအား ဂုဏဝိသိဋ္ဌ ဂုဏ်ပြုလွှာ ဆက်ကပ်၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရရှိတော်မူသော ဆရာတော်ဘဒ္ဒန္တဝဏ္ဏိတနှင့် ကြွရောက်ချီးမြှင့်ပေးကြသော သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်းကြသည်။ ယင်းနောက် တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက ရန်ကုန်တိုင်းဒေသကြီး သကေတမြို့နယ် သုညတဓမ္မ မိုးကုတ်ရိပ်သာ ကျောင်းဆရာတော်ဘဒ္ဒန္တစန္ဒသေနထံမှ အနုမောဒနာ တရားနာယူ၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့) ဥက္ကဋ္ဌ ဦးဇော်လွင်ဦးနှင့် တာဝန်ရှိသူများက ဂုဏဝိသိဋ္ဌဂုဏ်ပြုပူဇော်ပွဲအတွက် ပါဝင်လှူဒါန်းပေးကြသည့်အလှူရှင်များအား ဂုဏ်ပြုလွှာများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်းသိရသည်။ **အောင်ဇင်မြင့်(ပြန်/ဆက်)**

## သထုံမြို့နယ်၌ ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာစိုက်ထူ




**သထုံ မေ ၂၀**

မွန်ပြည်နယ် သထုံမြို့နယ်၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေး သီတင်းပတ် အသိပညာပေး မြေစိုက်ပိုစတာစိုက်ထူခြင်းကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်ပညာရေးမှူးရုံးနှင့် အထက(၁)ကျောင်းအနီးတို့၌ စုပေါင်းပြုလုပ်ကြသည်။

မြေစိုက်ပိုစတာစိုက်ထူရာတွင် မြို့နယ်ပညာရေးမှူး ဦးမြင့်ထွေးနှင့် အခြခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ တာဝန်ရှိသူများက ၂၀၂၅-၂၀၂၆ ပညာသင်နှစ် "ကျောင်းနေအရွယ်ကလေးအားလုံး စဉ်ဆက်မပြတ်ပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့" စာသားပါ ဗွီနိုင်းမြေစိုက်ပိုစတာကို စုပေါင်းစိုက်ထူကြသည်။

ခရိုင်(ပြန်/ဆက်)

## တောင်ကြီးမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ၆၃၁ သိန်း ထုတ်ချေး

**တောင်ကြီး မေ ၂၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ် ကက္ကူကျေးရွာအုပ်စု ဆောင်းဖိုး (တောင်) ကျေးရွာ၌ မိသားစုဝင်ငွေတိုး လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရန် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ထုတ်ချေးပေးခြင်းကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက အဆိုပါကျေးရွာ၌ ထုတ်ချေးပေးသည်။

ဦးစွာ တောင်ကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်နိုင်ဝင်းက ဆောင်းဖိုး (တောင်) ကျေးရွာရှိ ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးလုပ်ငန်းများ ယခင်ကထက် တိုးချဲ့လုပ်ကိုင်ရန်အတွက် လိုအပ်သည့် ငွေကြေးအရင်းအနှီးများ ရရှိစေရန်နှင့် စီမံကိန်းမှ တိုးပွားလာသော အတိုးရငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ထုတ်ချေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ စီမံကိန်းတာဝန်ခံက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံသို့ အရင်းမပျောက်လည်ပတ်ရန်ပုံငွေများကို လွှဲပြောင်း ပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဆောင်းဖိုး(တောင်) ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်မည့်သူ စုစုပေါင်း အသင်းသား အသင်းသူ ၉၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၆၃၁ သိန်းကို အတိုးနှုန်း သက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရှိရသည်။ **မောင်ခိုင်**

## အပေါင်း၏အနှုတ်

❖ ခေတ်ရေစီးတွင်၊ မျောပြီးလိုက်ရာ
ထင်မှတ်ပါဘဲ၊ တစ်ခါမြုပ်မိ
ထပ်ငုပ်ကြည့်ခဲ့၊ သိသူ မသိ
လူမသိ အို၊ ဟန်ဆောင်ပျို၍
ရင်ဖိုစိုးထိတ်၊ တိုးတိတ်တိတ်နှင့်
ကြိတ်မျောပါဆဲ… သိပ်မောတာပဲ။

❖ သူ့လိုမည်မျှ၊ ရှိနေကြလိမ့်
မြန်မာ့တန်ဖိုး၊ သိနိုးမထင်
ဖန်သားပြင်မှ၊ ရုပ်သွင်စရိုက်
နှစ်ခြိုက်လွဲမှား၊ ကြောင်းတရားထင့်
စားဝတ်နေဖို့၊ ဘယ်မချို့လျက်
သို့လျှင် ဖြစ်နေ… ညှို့ငင်နစ်ပေ။

❖ ကျဉ်းကျုံ့သေးလာ၊ ကမ္ဘာရွာ၏
နှစ်ဖြာကောင်းဆိုး၊ ဗွတ်ဝင်တိုး၍
အရိုးမထွင်၊ စူးမိအင်သို့
ယဉ်ကျေးမှုပျောက်၊ အရှက်ကြောက်မဲ့
တစ်ယောက်မှသည်၊ ပြည်နှင့်ချီသော်
ဂုဏ်ရည်ညစ်ညှိုး… ကြုံမည်ဖြစ်ဆိုး။

ကို(တက္ကသိုလ်)

## လက်ပံတန်းမြို့၌ ကျောင်းအပ်နှံရေးနေ့ ပိုစတာစိုက်ထူ

**ပဲခူး မေ ၂၀**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် (၁)လမ်းအဝိုင်းအနီး၌ ယနေ့နံနက်ပိုင်းတွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေး အထိမ်းအမှတ် "ကျောင်းနေအရွယ် ကလေးအားလုံး စဉ်ဆက်မပြတ် ပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့" မြေစိုက်ပိုစတာစိုက်ထူပွဲကို ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေလင်းအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဝင်းကျော်ကျော်လွင်၊ မြို့နယ်ပညာရေးမှူး ဒေါ်ဥမ္မာဦးနှင့် ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများက စုပေါင်းပိုစတာစိုက်ထူကြသည်။ **အောင်ဆင့်**



**ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။**

## ပညာရေးဝန်ကြီးဌာန

၂၀၂၅-၂၀၂၆ ပညာသင်နှစ်

"ကျောင်းနေအရွယ်ကလေးအားလုံး
စဉ်ဆက်မပြတ်ပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့"

ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၂၅ ခုနှစ်၊ မေလ (၂၂) ရက်နေ့မှ ဇွန်လ (၁) ရက်နေ့

## ပညာရေးဝန်ကြီးဌာန

၂၀၂၅-၂၀၂၆ ပညာသင်နှစ်

"အသိပေးကြေညာချက်"

❖ ၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း (KG) သို့ အပ်နှံရန်။

❖ ၆ နှစ်အရွယ် ကလေးများကို ပထမတန်း (Grade 1) သို့ အပ်နှံရန်။

## ပညာရေးဝန်ကြီးဌာန

## "၂၀၂၅-၂၀၂၆ ပညာသင်နှစ်"

## အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံရေး အစီအစဉ်ဆိုင်ရာသိရှိရန်အချက်များ

၁။ ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာကြေးနှင့် စာကြည့်တိုက်ကြေးအပါအဝင် မည်သည့်အခကြေးငွေကိုမျှ လုံးဝမကောက်ခံပါ။

၂။ အခမဲ့ထောက်ပံ့မှုများမှာ

(က) သူငယ်တန်း (KG) သင်ရိုးသစ်
၁။ သင်္ချာအခြေခံ ၂။ ပုံဆွဲခြင်းနှင့် ဆေးခြယ်ခြင်း ၃။ သင်ယူမှုရလဒ်မှတ်တမ်း ၄။ ဗျည်းအက္ခရာ၊ ကိန်းဂဏန်းတွေအရေးကျင့်ကြမယ်စာအုပ် ၅။ ခဲတံ (၄)ချောင်း၊ ၆။ ကျောင်းဝတ်စုံ(၁)စုံ

(ခ) ပထမတန်း (Grade 1) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့် ပြည်သူ့နီတိ ၇။ ဗလာစာအုပ်(၁)ဒါဇင် ၈။ ခဲတံ (၄)ချောင်း ၉။ ကျောင်းဝတ်စုံ (၁)စုံ

(ဂ) ဒုတိယတန်း (Grdae 2) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့် ပြည်သူ့နီတိ ၇။ ဗလာစာအုပ်(၁)ဒါဇင် ၈။ ခဲတံ(၄)ချောင်း ၉။ ကျောင်းဝတ်စုံ (၁)စုံ

(ဃ) တတိယတန်း (Grade 3) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့် ပြည်သူ့နီတိ ၇။ ဗလာစာအုပ် (၁)ဒါဇင် ၈။ ခဲတံ (၄)ချောင်း ၉။ ကျောင်းဝတ်စုံ (၁)စုံ

(င) စတုတ္ထတန်း (Grade 4) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့် ပြည်သူ့နီတိ ၇။ ဘဝတွက်တာကျွမ်းကျင်စရာ ၈။ ကာယပညာ ၉။ အနုပညာ(ပန်းချီ) ၁၀။ အနုပညာ(ဂီတ) ၁၁။ ဗလာစာအုပ် (၁)ဒါဇင် ၁၂။ ခဲတံ (၄)ချောင်း ၁၃။ ကျောင်းဝတ်စုံ (၁)စုံ

(စ) ပဉ္စမတန်း (Grade 5) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့် ပြည်သူ့နီတိ ၇။ ဘဝတွက်တာကျွမ်းကျင်စရာ ၈။ ကာယပညာ ၉။ အနုပညာ(ပန်းချီ) ၁၀။ အနုပညာ(ဂီတ) ၁၁။ ဗလာစာအုပ် (၁)ဒါဇင် ၁၂။ ခဲတံ (၄)ချောင်း ၁၃။ ကျောင်းဝတ်စုံ (၁)စုံ

(ဆ) ဆဋ္ဌမတန်း (Grade 6) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့် ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ (ပန်းချီ) ၁၁။ အနုပညာ(ဂီတ) ၁၂။ ဗလာစာအုပ် (၁)ဒါဇင် ၁၃။ ဘောပင်(၂)ချောင်း ၁၄။ ခဲတံ (၂)ချောင်း

(ဇ) သတ္တမတန်း (Grade 7) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့် ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ(ပန်းချီ) ၁၁။ အနုပညာ(ဂီတ) ၁၂။ ဗလာစာအုပ် (၁)ဒါဇင် ၁၃။ ဘောပင်(၂)ချောင်း ၁၄။ ခဲတံ (၂)ချောင်း

(ဈ) အဋ္ဌမတန်း (Grade 8) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့် ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ (ပန်းချီ) ၁၁။ အနုပညာ(ဂီတ) ၁၂။ ဗလာစာအုပ် (၁)ဒါဇင် ၁၃။ ဘောပင် (၂)ချောင်း ၁၄။ ခဲတံ (၂)ချောင်း

(ည) နဝမတန်း (Grade 9) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့်ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ (ပန်းချီ) ၁၁။ အနုပညာ(ဂီတ) ၁၂။ ဗလာစာအုပ် (၁)ဒါဇင် ၁၃။ ဘောပင် (၂)ချောင်း ၁၄။ ခဲတံ (၂) ချောင်း

(ဋ) ဒသမတန်း (Grade 10) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ဓာတုဗေဒ ၅။ ဓာတုဗေဒလက်တွေ့ ၆။ ရူပဗေဒ ၇။ ရူပဗေဒလက်တွေ့ ၈။ ဇီဝဗေဒ ၉။ ဇီဝဗေဒလက်တွေ့ ၁၀။ ပထဝီဝင် ၁၁။ သမိုင်း ၁၂။ ဘောဂဗေဒ ၁၃။ သိပ္ပံ(ဓာတု+ရူပ+ဇီဝ) ၁၄။ လူမှုရေးသိပ္ပံ(ပထဝီဝင်+သမိုင်း+ဘောဂဗေဒ) ၁၅။ လူမှုရေးသိပ္ပံ(ပထဝီဝင်+ သမိုင်း)(ဓာတု+ရူပ+ဘောဂ) ဘာသာတွဲ ၁၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၁၇။ ဘဝတွက်တာကျွမ်းကျင်စရာ ၁၈။ ကာယပညာ(သို့မဟုတ်)အနုပညာ (ပန်းချီ)(သို့မဟုတ်)အနုပညာ(ဂီတ) ၁၉။ ဗလာစာအုပ် (၁)ဒါဇင် ၂၀။ ဘောပင် (၂)ချောင်း ၂၁။ ခဲတံ(၂)ချောင်း

(ဌ) ဧကာဒသမတန်း (Grade 11) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ဓာတုဗေဒ ၅။ ဓာတုဗေဒလက်တွေ့ ၆။ ရူပဗေဒ ၇။ ရူပဗေဒလက်တွေ့ ၈။ ဇီဝဗေဒ ၉။ ဇီဝဗေဒလက်တွေ့ ၁၀။ ပထဝီဝင် ၁၁။ သမိုင်း ၁၂။ ဘောဂဗေဒ ၁၃။ သိပ္ပံ (ဓာတု+ရူပ+ဇီဝ) ၁၄။ လူမှုရေးသိပ္ပံ(ပထဝီဝင်+သမိုင်း+ဘောဂဗေဒ) ၁၅။ လူမှုရေးသိပ္ပံ(ပထဝီဝင်+ သမိုင်း)(ဓာတု+ရူပ+ဘောဂ) ဘာသာတွဲ ၁၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၁၇။ ဘဝတွက်တာကျွမ်းကျင်စရာ ၁၈။ ကာယပညာ(သို့မဟုတ်)အနုပညာ (ပန်းချီ)(သို့မဟုတ်) အနုပညာ(ဂီတ) ၁၉။ ဗလာစာအုပ် (၁)ဒါဇင် ၂၀။ ဘောပင် (၂)ချောင်း ၂၁။ ခဲတံ(၂)ချောင်း

(ဍ) ဒွါဒသမတန်း(Grade 12) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ဓာတုဗေဒ ၅။ ဓာတုဗေဒလက်တွေ့ ၆။ ရူပဗေဒ ၇။ ရူပဗေဒလက်တွေ့ ၈။ ဇီဝဗေဒ ၉။ ဇီဝဗေဒလက်တွေ့ ၁၀။ ပထဝီဝင် ၁၁။ သမိုင်း ၁၂။ ဘောဂဗေဒ ၁၃။ သိပ္ပံ(ဓာတု+ရူပ+ဇီဝ) ၁၄။ လူမှုရေးသိပ္ပံ(ပထဝီဝင်+သမိုင်း+ဘောဂဗေဒ) ၁၅။ လူမှုရေးသိပ္ပံ(ပထဝီဝင်+ သမိုင်း) (ဓာတု+ရူပ+ဘောဂ) ဘာသာတွဲ ၁၆။ ဗလာစာအုပ် (၁)ဒါဇင် ၁၇။ ဘောပင်(၂)ချောင်း ၁၈။ ခဲတံ (၂) ချောင်း

## တောင်ဥက္ကလာပမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးလုပ်ငန်းများ ဆက်လက်ကွင်းဆင်းဆောင်ရွက်



ရန်ကုန် မေ ၂၀

တောင်ဥက္ကလာပမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခြင်းကို ယနေ့နံနက် ၁၀ နာရီခွဲက မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနနှင့် ပူးပေါင်းအဖွဲ့ဝင်များက အမှတ်(၈)ရပ်ကွက်သို့ ကွင်းဆင်း၍ ဆောင်ရွက်ခဲ့သည်။

အဆိုပါသွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးလုပ်ငန်းများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးအေးမိုးက ကြီးကြပ်၍ မြို့နယ်ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက မြို့နယ်စည်ပင်သာပြည်သူ့ကျန်းမာရေးဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်ပရဟိတအဖွဲ့တို့နှင့် ပူးပေါင်း၍ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခင်ဆွေနှင်း(ပြန်/ဆက်)

## နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် မေ ၂၀

မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး မကွေးတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မိုး/ဇလ

# ဂရိနိုင်ငံ အီဗီးယားကျွန်းဒေသ၌ ငလျင်လှုပ်ခတ်မှုကြောင့် စာသင်ကျောင်းများ ပိတ်ထားရ



ငလျင်ဆက်တိုက်လှုပ်ခတ်မှုကြောင့်ဘေးလွတ်ရာ တိမ်းရှောင်ရန် ကမ်းနားသို့ ထွက်ခွာလာကြသူများကို တွေ့ရစဉ်။

**အေသင် မေ ၂၀**

ပြီးခဲ့သည့် သီတင်းပတ်က ငလျင်ဆက်တိုက်လှုပ်ခတ်မှုဖြစ်ပွားပြီးနောက် ကြိုတင်ကာကွယ်မှုများ ပြုလုပ်သည့်အနေဖြင့် ဂရိနိုင်ငံ အီဗီးယားကျွန်းဒေသရှိ စာသင်ကျောင်းများ မေ ၁၉ ရက်တွင် ပိတ်ထားခဲ့ရကြောင်း သိရသည်။

ဂရိနိုင်ငံ အေသင်မြို့၏ အမျိုးသား နတ္တဗေဒ စောင့်ကြည့်လေ့လာရေးဌာန၏ ထုတ်ပြန်ချက်အရ မေ ၁၈ ရက်မှစတင်ကာ ပြင်းအား ၄ ဒသမ ၁ မှ ၄ ဒသမ ၅ အဆင့်ရှိ ငလျင်သုံးကြိမ်ထက်မနည်း လှုပ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ ငလျင်မှာ အီဗီးယားကျွန်းအလယ်ပိုင်းဒေသရှိ ပရိုကိုပီရွာအနီးကို ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းဖြစ်သည်။

မေ ၁၉ ရက်အစောပိုင်းက ပြင်းအား ၄ ဒသမ ၅ အဆင့်ရှိ ငလျင်လှုပ်ခတ်မှုကို တောင်ဘက် ၈၀ ကီလိုမီတာခန့်အကွာတွင်ရှိသည့် အေသင်မြို့၌ သိရှိခံစားခဲ့ကြရကြောင်း သိရသည်။ ယင်းငလျင်လှုပ်ခတ်မှုကြောင့် နေအိမ်၊ ဈေးဆိုင်နှင့် ဘုန်းကြီးကျောင်း ၂၀ ခန့် ထိခိုက်ပျက်စီးမှုဖြစ်ပွားခဲ့သည်။

အဆောက်အအုံဘေးကင်းလုံခြုံမှုနှင့် ပတ်သက်၍ စစ်ဆေးရေးအဖွဲ့က ဆန်းစစ်အကဲဖြတ်နေသည့်အတွက် ဒေသအတွင်းရှိ စာသင်ကျောင်းအားလုံးကို ပိတ်ထားခဲ့ရသည်။ အဆိုပါ ဒေသတွင် ၂၀၂၃ ခုနှစ်ကလည်း ပြင်းအား ၅ ဒသမ ၁ အဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့ကြောင်း သိရသည်။

ဂရိနိုင်ငံသည် ဥရောပဒေသတွင် ငလျင်လှုပ်ခတ်မှုအများဆုံး နိုင်ငံထဲမှ တစ်နိုင်ငံဖြစ်သည်။

**ဆင်ဟွာ**

## လာအိုနိုင်ငံ၌ အဆိပ်သင့်မှို စားသုံးမိခြင်းကြောင့် ခုနစ်ဦးသေဆုံး

**ဗီယင်ကျန်း မေ ၂၀**

လာအိုနိုင်ငံမြောက်ပိုင်း ဖိုင်ယာဘူရီပြည်နယ်ရှိ ကျန်းမာရေးအာဏာပိုင်များက အဆိပ်သင့်မှိုရိုင်းများ စားသုံးမိခြင်းကြောင့် လူခုနစ်ဦး သေဆုံးမှုဖြစ်ပွားခဲ့သည့်အတွက် အရေးပေါ်သတိပေးချက်ထုတ်ပြန်ကာ ပြည်သူလူထုအနေဖြင့် သတိကြီးစွာထားရန်နှင့် နောက်ထပ်သေဆုံးမှုများ မဖြစ်ပွားရန် ကြိုတင်ကာကွယ်မှုများ လုပ်ဆောင်ကြရန် တိုက်တွန်းထားသည်။

ဖိုင်ယာဘူရီပြည်နယ်တွင် အဆိပ်သင့်မှိုစားသုံးမိခြင်းကြောင့် လူပေါင်း ခုနစ်ဦး သေဆုံးပြီး ၃၂ ဦး အော့အန်မှု ဖြစ်ပွားသည်ဟု မေ ၁၆ ရက်က ပြည်နယ်ကျန်းမာရေးရုံး၏ သတိပေးထုတ်ပြန်ချက်၌ ဖော်ပြထားသည်။ ကျန်းမာရေးဝန်ထမ်းများနှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်ရန်၊ မှိုအဆိပ်သင့်ဖြစ်ပွားမှုများကို အမြန်ဆုံးသတင်းပို့ရန် ဒေသအာဏာပိုင်များအား ညွှန်ကြားထားကြောင်း သိရသည်။

မှိုရိုင်းစားသုံးခြင်း အန္တရာယ်များနှင့်ပတ်သက်ပြီး အသိပညာပေးရန်အတွက် လူထုပညာပေးလှုပ်ရှားမှုများ ဆောင်ရွက်ကြရန်လည်း တိုက်တွန်းထားသည်။

**ဆင်ဟွာ**

## အစ္စရေးက ဂါဇာကို ထိုးစစ်ဆင်တိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်




အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟု။

**ဂါဇာ မေ ၂၀**

အစ္စရေးတပ်မတော်သည် ဂါဇာကမ်းမြောင်ကို ပြင်းထန်သည့် ထိုးစစ်ဆင်တိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်လျက်ရှိသည်။ ဗြိတိန်၊ ပြင်သစ်နှင့် ကနေဒါနိုင်ငံ ခေါင်းဆောင်များက စစ်ရေးဆောင်ရွက်မှုများကို ရပ်တန့်ရန် အစ္စရေးကို တောင်းဆိုထားသော်လည်း အစ္စရေးဝန်ကြီးချုပ်ဘင်ဂျမင်နေတန်ယာဟုက ထိုကဲ့သို့ တောင်းဆိုမှုကို လိုက်နာခြင်းမရှိဘဲ ဆက်လက်တိုက်ခိုက်မှု လုပ်ဆောင်နေခြင်းဖြစ်သည်။

အစ္စရေး တပ်မတော်သည် မေ ၂၀ ရက်တွင် ဂါဇာဒေသအများအပြားကိုလေကြောင်းတိုက်ခိုက်မှုများနှင့် အခြားစစ်ရေးလှုပ်ရှားမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ထိုကဲ့သို့ တိုက်ခိုက်မှုများကြောင့် နေအိမ်အများအပြား ထိခိုက်ပျက်စီးကာ အရပ်သား ၆၀ ကျော် သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း ပါလက်စတိုင်းမီဒီယာများက ပြောသည်။

နေတန်ယာဟု အစိုးရ၏ ထိုကဲ့သို့ ဆိုးရွားလှသည့် လုပ်ရပ်များ ဆက်လက်လုပ်ဆောင်နေမှုကို ဗြိတိန်၊ ပြင်သစ်နှင့် ကနေဒါနိုင်ငံက လျစ်လျူရှုထားတော့မည်မဟုတ်ဟုဆိုကာ မေ ၁၉ ရက်တွင် ပူးတွဲကြေညာချက်တစ်ရပ် ထုတ်ပြန်ထားသည်။

ထို့အပြင် အစ္စရေး၏ လုပ်ရပ်များအပေါ် တုံ့ပြန်သည့်အနေဖြင့် ပိတ်ဆို့မှုများအပါအဝင် အရေးယူမှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အဆိုပါ သုံးနိုင်ငံခေါင်းဆောင်များက ပြောသည်။ အစ္စရေးတပ်မတော်သည် ဟားမားစ်အဖွဲ့က ကျန်ရှိနေသော ဓားစာခံများကို မလွှတ်ပေးမချင်း၊ လက်နက်ကိုင်လမ်းစဉ်ကို မစွန့်လွှတ်မချင်း ၎င်းတို့၏ ထိုးစစ်ဆင်တိုက်ခိုက်မှုများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း နေတန်ယာဟုက ပြောသည်။

**အင်န်အိတ်ချ်ကေ**

## သီရိလင်္ကာ၌ ယခုနှစ်တွင် ယာဉ်မတော်တဆမှုကြောင့် လူပေါင်း ၁၀၀၇ ဦး သေဆုံး

**ကိုလံဘို မေ ၂၀**

သီရိလင်္ကာနိုင်ငံ၌ ယခုနှစ်အတွင်း လက်ရှိအချိန်အထိ ယာဉ်မတော်တဆမှုများကြောင့် လူပေါင်း ၁၀၀၇ ဦး အသက်ဆုံးရှုံးမှု ဖြစ်ပွားကြောင်း ရဲတပ်ဖွဲ့မီဒီယာ ပြောရေးဆိုခွင့်ရှိသူ ရဲမှူးကြီး မာနာထွန်းဂါက မေ ၁၉ ရက်တွင် ပြောသည်။

အဆိုပါ သေဆုံးမှုမှာ ဇန်နဝါရီ ၁ ရက်မှ မေ ၁၈ ရက်အထိ ဖြစ်ပွားခဲ့သော ယာဉ်မတော်တဆမှု ၉၄၄ မှုအတွင်း ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ယာဉ်မတော်တဆမှုဖြစ်ပွားရခြင်း၏ အဓိကအကြောင်းရင်းများမှာ ပေါ့ဆမှု၊ အရက်သေစာသောက်စားကာ မောင်းနှင်မှု၊ မဆင်မခြင်မောင်းနှင်မှု၊ ယာဉ်များကို ပြုပြင်ထိန်းသိမ်းမှု အားနည်းခြင်းတို့ကြောင့် ဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

**ဆင်ဟွာ**

## အမေရိကန်နှင့် အကောက်ခွန်ကိစ္စဆွေးနွေးမှုများပြုလုပ်ရန် ဂျပန်ထိပ်တန်းညှိနှိုင်းရေးမှူး ဝါရှင်တန်သို့ ထွက်ခွာမည်




ဂျပန်ထိပ်တန်းညှိနှိုင်းရေးမှူး အာကာဇာဝ ရိုင်ယိုဆေး။

**တိုကျို မေ ၂၀**

အမေရိကန် ပြည်ထောင်စုနှင့် အကောက်ခွန်ကိစ္စဆွေးနွေးမှုများ ပြုလုပ်ရန် ဂျပန်ထိပ်တန်းစေ့စပ်ညှိနှိုင်းရေးမှူးသည် မေ ၂၃ ရက်တွင် ဝါရှင်တန်သို့ ထွက်ခွာရန် စီစဉ်ထားသည်။

ဂျပန်နိုင်ငံ၏ စီးပွားရေးပြန်လည်အားကောင်းလာစေရေးဝန်ကြီး အာကာဇာဝ ရိုင်ယိုဆေးသည် ဝန်ကြီးအဆင့် တတိယအကျော့ဆွေးနွေးပွဲကို မေ ၂၄ ရက်တွင် ပြုလုပ်ရန် မျှော်လင့်ထားသည်။

နှစ်နိုင်ငံလုံးအတွက် အောင်မြင်မှုရရှိမည့် သဘောတူညီချက်တစ်ခုရရှိရန် အရေးကြီးကြောင်း ၎င်းက ပြောသည်။ အစောဆုံး သဘောတူညီချက်ကို ဦးစားပေးခြင်းအားဖြင့် ဂျပန်နိုင်ငံ၏ အမျိုးသားအကျိုးစီးပွား ပျက်စီး၍မဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဂျပန်နိုင်ငံ၏ မော်တော်ယာဉ်များနှင့် အခြားထုတ်ကုန်များအပေါ် စည်းကြပ်ထားသည့် အကောက်ခွန်များအပေါ် ပြန်လည်သုံးသပ်ပေးရန် အမေရိကန်ကို နောက်တစ်ကြိမ် တောင်းဆိုသွားရန် အာကာဇာဝက မျှော်လင့်ထားသည်။

ဂျပန်သည် အမေရိကန်မှ ကုန်ပစ္စည်းများ ပိုမိုဝယ်ယူရန် အစီအစဉ်များကိုလည်း တင်ပြထားသည်။ အဆိုပါအစီအစဉ်တွင် အမေရိကန် ကားတင်သွင်းမှုများကို ပိုမိုလွယ်ကူစေရန် လုပ်ထုံးလုပ်နည်းများ ပြန်လည်သုံးသပ်မှုများ ပါဝင်သည်။

ပဲပုပ်နှင့် ပြောင်းတင်သွင်းမှု မြှင့်တင်ရန် ဂျပန်နိုင်ငံက အဆိုပြုခဲ့သည်။

တစ်ချိန်တည်းမှာပင် အမေရိကန်က ဂျပန်နိုင်ငံကို စည်းကြပ်ခွန်မဟုတ်သည့် ကုန်သွယ်ရေးဆိုင်ရာ အတားအဆီးများ အဖြစ်ယူဆရမည့် စာရင်းကို ပေးခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## အင်ဒိုနီးရှားနိုင်ငံ၌ ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုများကြောင့် ကိုးဦးသေဆုံး

**ဂျကာတာ မေ ၂၀**

အင်ဒိုနီးရှားနိုင်ငံ အနောက်ပါပူအာပြည်နယ်တွင် လွန်ခဲ့သော သီတင်းပတ်က လျှပ်တစ်ပြက်ရေကြီးရေလျှံနှင့် မြေပြိုကျမှုများ ဖြစ်ပွားခဲ့ပြီးနောက် ကယ်ဆယ်ရေးသမားများက နောက်ထပ် သေဆုံးသူ သုံးဦးအား ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ ယခုအခါ သေဆုံးသူ ကိုးဦးရှိလာပြီး ၁၁ ဦး ပျောက်ဆုံးနေကြောင်း အဆင့်မြင့်ကယ်ဆယ်ရေးအရာရှိတစ်ဦးက ပြောသည်။

ပျောက်ဆုံးသူများအား ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း အနောက်ပါပူအာရှာဖွေရေးနှင့် ကယ်ဆယ်ရေးရုံး အကြီးအကဲ ယီဖရီဆာဘာရူဒင်က ဆင်ဟွာသို့ ပြောကြားလိုက်သည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လျှပ်တစ်ပြက်ရေကြီးမှုနှင့် မြေပြိုမှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ပြောသည်။

ယခုအချိန်အထိ ဆက်သွယ်မှုများ ကန့်သတ်ထားသောကြောင့် ကယ်ဆယ်ရေးသမားများထံ သတင်းအချက်အလက် ထပ်ဆင့်ပေးပို့ခြင်းများ နှောင့်နှေးမှုများ ဖြစ်ပေါ်လျက်ရှိသည်။ **ဆင်ဟွာ**



# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးနှင့် ဦးသန်းဝင်း ငှက်အော်စမ်းလူငယ်သင်တန်းကျောင်း ကြည့်ရှုစစ်ဆေး



**နေပြည်တော်   မေ ၂၀**
မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးနှင့် ဦးသန်းဝင်းတို့ ဦးဆောင်သောအဖွဲ့သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်များနှင့်အညီ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ်ရှိ ငှက်အော်စမ်းလူငယ်သင်တန်းကျောင်းကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ သင်တန်းကျောင်းအတွင်းရှိ လက်ခံစောင့်ရှောက်သင်ကြားပေးလျက်ရှိသော လူငယ်များ၏ ကျန်းမာရေးစောင့်ရှောက်မှု၊ အစားအစာ ကျွေးမွေးမှုအခြေအနေ၊ သန့်ရှင်းသောသောက်သုံးရေ ရရှိအောင် ဆောင်ရွက်ပေးနေမှု၊ အိပ်ဆောင်များ ထားရှိမှုအခြေအနေ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိမှု၊ လူငယ်များအား စာရိတ္တပြုပြင်၍ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်လာစေရန် လေ့ကျင့်ပြုစုပေးခြင်းဖြင့် လူမှုပတ်ဝန်းကျင်တွင် ပြန်လည်ဝင်ဆံ့နိုင်အောင် ပြုစုပျိုးထောင်ပေးမှုအခြေအနေများနှင့် ပညာသင်ကြားခွင့်၊ အသက်မွေးဝမ်းကျောင်းပညာသင်ကြားခွင့်၊ မိသားစုနှင့်ဆက်သွယ်ခွင့်၊ မိသားစုနှင့်ပြန်လည်ပေါင်းစည်းခွင့်နှင့် လွတ်လပ်စွာကိုးကွယ်ယုံကြည်ခွင့် စသည့်အခြေခံလူ့အခွင့်အရေးများ ရရှိအောင် ဆောင်ရွက်ပေးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လူငယ်များ လေ့လာဖတ်ရှုနိုင်ရန်အတွက် ဗဟုသုတရဖွယ်စာအုပ်စာပေများကို ကော်မရှင်မှလှူဒါန်းသည်။

အဆိုပါအဖွဲ့သည် ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# လျှော့ချင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော်   မေ ၂၀**
မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ ပြည်နယ် (၆) ခုတို့တွင် မေ ၂၀ ရက်အထိ သေဆုံးသူ ၃၇၂၈ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၇၉ ဦး ရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်း၊ ပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦး ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၀၆ ဦး ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းမှုများအတွက် ဆက်လက်သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ကျိုင်းတုံမြို့နယ်အတွင်းရှိ သမဝါယမအသင်းများ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှု

**ကျိုင်းတုံ   မေ ၂၀**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် မိုင်းဇင်းကျေးရွာအုပ်စုရှိ မိုင်းဇင်းလယ်ယာနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းမှ အသင်းသားတောင်သူများ စိုက်ပျိုးထားရှိသည့် နွေစပါးစိုက်ဧက ၅၀ အား ပြည်နယ်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှု၍ ပန်းတိုင်အထွက်နှုန်းပြည့်မီစေရေး၊ လိုအပ်သောသွင်းအားစုများ ရရှိစေရေးတို့ကို သက်ဆိုင်ရာမြို့နယ်သမဝါယမအသင်းစုများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်နယ်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများသည် ကျိုင်းတုံမြို့နယ် သမဝါယမအသင်းစုမှ လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် ငါးမွေးကန်လုပ်ငန်းအား ကွင်းဆင်းကြည့်ရှု၍ မြို့နယ်သမဝါယမအသင်းစု အမှုဆောင်အဖွဲ့များနှင့်တွေ့ဆုံကာ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။ ထို့နောက် ကျိုင်းတုံမြို့နယ်သမဝါယမဦးစီးဌာနတွင် ဝန်ထမ်းများနှင့်တွေ့ဆုံပြီး သမဝါယမနှင့်ပတ်သက်သည့်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး/လုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ လုပ်ငန်းများကို ဆောင်ရွက်ကြရန် ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ပြည်ထောင်စုနယ်မြေ(နေပြည်တော်)နှင့် မန္တလေးမြို့များအတွင်း ဈေးကားများဖြင့် ကုန်မျိုးစုံများနှင့် ဟင်းသီးဟင်းရွက်များအား လျှော့လည်ရောင်းချပေးလျက်ရှိ

**နေပြည်တော်   မေ ၂၀**
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါး၊ ငါးပိ၊ အမဲသား၊ ဆိတ်သား၊ ကြက်သား၊ ဝက်သား၊ ကြက်ဥ၊ ဘဲဥ စသည့်ကုန်မျိုးစုံများနှင့်ဟင်းသီးဟင်းရွက်များအား ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ စစ်ကိုင်းနှင့်မန္တလေးမြို့များအတွင်း ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူများသို့ မတ် ၃၀ ရက်မှစ၍ သက်သာသောဈေးနှုန်းများ ဖြင့်ရောင်းချပေးလျက်ရှိပြီး မေ ၂၀ ရက်တွင် ၅၀ ရက်မြောက်အဖြစ် ဈေးကားများဖြင့် လျှော့လည်ရောင်းချပေးလျက်ရှိကြောင်း သိရှိရသည်။

မေ ၂၀ ရက်တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဝန်ထမ်းများနှင့် ပြည်သူများသို့ ဆန်ခြောက်ပြည် ပါ(မနောသုခ- Export Quality) အိတ် ၄၀၊ ဆန်ငါးပြည်ပါ (ဖျာပုံ ပေါ်ဆန်း) အိတ် ၂၀၊ ဆီပိဿာ ၁၃၂၀၊ ဆား ၁၀ ပိဿာ၊ ကုလားပဲ ၂၀ ကျပ်သားပါ အိတ် ၅၄ ထုပ်၊ ငါးပိ ၂ ပိဿာ ၆၀ ကျပ်သား၊ ငါးတံခွန် ၁၀ ကျပ်သားပါ ၂၁ ထုပ်၊ ငါးပုတ်သင် ၁၀ ကျပ်သားပါ ၁၉ ထုပ်၊ ငါးနီတူခြောက် ၁၀ ကျပ်သားပါ ထုပ် ၂၀ ၊ အာပဲခြောက် ၁၀ ကျပ်သားပါ ၁၄ ထုပ်၊ ငါးရောင်ခြောက် ၁၀ ကျပ်သားပါ ၁၂ ထုပ်၊ ကြက်ဥအလုံး ၃၈၀၊ ဘဲဥအလုံး ၅၀၊ ခေါက်ဆွဲခြောက် ၁၀ ထုပ်တို့ကို ရောင်းချပေးခဲ့ကြောင်းနှင့် နေ့စဉ် ဆက်လက်ရောင်းချပေးသွားမည် ဖြစ်သည်။

ထို့အတူ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်းစီစဉ်မှုဖြင့် မေ ၂၀ ရက်တွင် အမဲသား(အသား) ပိဿာ ၁၁၀၊ အမဲသား (အရိုးအသား)ပိဿာ ၂၀၀ တို့ကိုသက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ကြောင်းနှင့် အပတ်စဉ်အင်္ဂါနေ့တိုင်း သက်သာသောဈေးနှုန်းများဖြင့် လျှော့လည်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ထို့အပြင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ပူးပေါင်း၍ MSME ထုတ်ကုန်များ၊ လူသုံးကုန်များ၊ စားသောက်ကုန်များနှင့် မီးဖိုချောင်သုံးပစ္စည်းများ စသည့်ကုန်ပစ္စည်း ၁၀၇ မျိုးတို့ကို ပြည်ထောင်စုနယ်မြေ (နေပြည်တော်)အတွင်း ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူများသို့ ဈေးကားကြီး (အရောင်းယာဉ်)ဖြင့် မေ ၅ ရက်မှစ၍ သက်သာသောဈေးနှုန်းများဖြင့် လျှော့လည်ရောင်းချပေးလျက်ရှိသည်။

အလားတူ မေ ၂၀ ရက်တွင် မန္တလေးမြို့၌ ဆန် ၂၄ ပြည်ပါ (မနောသုခ) ၁၈ အိတ်၊ စားအုန်းဆီပိဿာ ၂၂၀၀ ၊ ဆား ၁ ပိဿာ ၅၀ ကျပ်သား၊ ကုလားပဲ ၂၅ ကျပ်သားပါ လေးထုပ်၊ ငါးပိ ၂၅ ကျပ်သားပါ နှစ်ထုပ်၊ ငါးနီတူခြောက် ၁၀ ကျပ်သား နှစ်ထုပ်၊ အာပဲခြောက် ၁၀ ကျပ်သား လေးထုပ်၊ ကြက်ဥအလုံး ၂၇၁၀၊ ဘဲဥအလုံး ၅၀၀ နှင့် ခေါက်ဆွဲခြောက်ထုပ် ၄၀ တို့ကို သက်သာသော ဈေးနှုန်းများဖြင့် လျှော့လည်ရောင်းချပေးပြီး နေ့စဉ် ဆက်လက် ရောင်းချပေးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



**○ ကျောဖုံးမှ**
ဂိုးပေါက်တည့်မတ်မှု (၁၂) ကြိမ်နှင့်အတူ လီဗာပူးအသင်းကို အကောင်းဆုံးတုံ့ပြန်ကစားကာ နိုင်ပွဲရလဒ်ကို ဖော်ဆောင်နိုင်ခဲ့သည်။

ဘရိုက်တန်အသင်းအတွက် သွင်းဂိုးများကို အယာရီ၊ မိတိုမာနှင့် ဟင်ရီဝုဒ်တို့က သွင်းယူပေးပြီး လီဗာပူးအသင်းအတွက် သွင်းဂိုးများကို အီလီအော့သ်နှင့် ဆာဘော့ဆလိုင်းတို့က သွင်းယူပေးခဲ့သည်။ လီဗာပူးအသင်းသည် ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သည့်အတွက် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် သုံးပွဲတွင် နိုင်ပွဲပျောက်ဆုံးထားပြီး ရှုံးပွဲနှစ်ပွဲရှိလာပြီ ဖြစ်သည်။

လီဗာပူးအသင်းသည် ပရီမီယာလိဂ်ပွဲစဉ် (၃၇) အပြီးတွင် ရမှတ် ၈၃ မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်ထားပြီး ပြိုင်ဘက်ဘရိုက်တန်အသင်းက ရမှတ် ၅၈ မှတ်ဖြင့် အဆင့် (၈) တွင် ရပ်တည်နေသည်။ ရာသီပိတ်ပွဲစဉ်တွင် ဘရိုက်တန်အသင်းက စပါးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး လီဗာပူးအသင်းက ခရစ္စတယ်ပဲလေ့စ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ **အောင်ဇော်**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**
**လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**

# ဘက်စုံအကျိုးဝင်ပညာရေးမှာ အနာဂတ်နိုင်ငံဖွံ့ဖြိုးဖို့ ကျောင်းအပ်နှံလို့ ကျောင်းတက်စို့

**ကိုကျော်စွာ(ကျိုက်ပိ)**

မေလရောက်ပြီဆိုလျှင် အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်တော့မည့်အရေး ပြင်ဆင်ကြရသည်။ စာသင်ကျောင်းများဘက်မှ ကျောင်းအပ်လက်မခံမီ မိမိတို့ကျောင်း ဥပမိရုပ်ကောင်းမွန်ရေး၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် ဆရာ၊ ဆရာမတို့ လှုပ်ရှားဆောင်ရွက်ကြရသည်။ မေလနောက်ဆုံးသီတင်းနှစ်ပတ်သည် ကျောင်းသားကျောင်းသူများ ကျောင်းအပ်နှံရေးအချိန်ကာလများဖြစ်သည်။ ယခု ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် မေ ၂၂ ရက်နေ့တွင် ကျောင်းစတင်အပ်နှံနိုင်ကြောင်းနှင့် ဇွန် ၂ ရက်တွင် အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း သိရသည်။ ယခင်နှစ်များကဲ့သို့ပင် နိုင်ငံတော်အစိုးရက ကျောင်းအပ်နှံမည့် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ ခဲတံ၊ ကျောင်းဝတ်စုံအစရှိသည်များကို အခမဲ့ပေးအပ်သွားမည်ဖြစ်သည်။



**စာသင်ကျောင်းဆိုသည်မှာ**

မြန်မာဝေါဟာရ "ကျောင်း"ဟူသည့် အဓိပ္ပာယ်က ထိန်းကျောင်းခြင်းဟူသည့် စကားရပ်မှ ဆင်းသက်လာသည်ဟု မှတ်သားရသည်။ တစ်နည်းအားဖြင့် ကလေးများ၏ ဘဝတိုးတက်မြင့်မားရေးအတွက် အလွန်အရေးပါသည့် ကာယ၊ ဉာဏ၊ စာရိတ္တ၊ စိတ်ဓာတ်နှင့် စည်းကမ်းစသည်တို့ ဖွံ့ဖြိုးတိုးတက်ကောင်းမွန်အောင် လေ့ကျင့်ပျိုးထောင်ထိန်းကျောင်းပေးရာနေရာဟု စာရေးသူကတော့ ယူဆပါသည်။ ပြဋ္ဌာန်းစာအုပ်ပါ စာပေများ ချည်းသက်သက် သင်ကြားပေးရာနေရာမဟုတ်ပါ။ စာကိုလည်း သင်၊ စိတ်ကိုလည်း ပြင်ဟူသည့် စကားရပ်ကဲ့သို့ပင် စာတတ်မြောက်စေရေးအတွက် စာပေသင်ကြားရသကဲ့သို့ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်အပြင် အခြားသော စိတ်ဓာတ်ရေးရာတို့ကိုပါ ပြုပြင်သင်ကြားရာ နေရာတစ်ခုလည်း ဖြစ်ပါသည်။ စာကိုသင်ကြားရင်းဖြင့် လူ့စွမ်းရည်၊ စွမ်းအားများ အစွမ်းကုန်ဖွံ့ဖြိုးအောင် လေ့ကျင့်ပေးသည့် နေရာလည်းဖြစ်သည်။ ကလေးများသည် မွေးဖွားစဉ်ကတည်းက တစ်ဦးနှင့်တစ်ဦး မတူညီသည့် စွမ်းရည်ကိုယ်စီ ပိုင်ဆိုင်လာစမြဲပင်။ အဆိုပါ စွမ်းရည်များကို ကလေးများ၏ အသက်အရွယ်နှင့်အညီ ထက်မြက်ဖွံ့ဖြိုးလာစေရေးအတွက် ဆရာတို့က လေ့ကျင့်သင်ကြားပေးကြရသည်။ နှိုးဆွပေးကြရသည်။ ထိုကဲ့သို့ စွမ်းရည်များ ဖွံ့ဖြိုးထက်မြက်လာစေရန် လေ့ကျင့်ပေးသည့်နေရာသည် စာသင်ကျောင်းပင်ဖြစ်ပါသည်။

ကျောင်းများသည် ပညာရေးမဏ္ဍိုင်ကြီး တစ်ခုလုံးကို ဦးဆောင်ဦးရွက်ပြု၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးရာနေရာလည်းဖြစ်သည်။ ထို့ကြောင့်ပင် မိဘတို့က မိမိတို့သားသမီးများကို အချိန်တန် အရွယ်ရောက်သည်နှင့်တစ်ပြိုင်နက် ကျောင်းသို့ ပို့ကြရသည်။ ပညာသင်ကြားရန်၊ ကျောင်းတက်ရန်အတွက် ကဗျာဆရာကြီး တင်မိုးက "စာမတတ်သူ၊ မောင်မင်းမူက၊ လူမပီသ၊ ဂုဏ်နိမ့်ကျ၏။ လူလိုသိ၍၊ လူ၏ဂုဏ်ရောင်၊ ထွန်းလင်းပြောင်ဖို့၊ အမှောင်ကိုခွာ၊ ကျောင်းတော်သာတွင်၊ ပညာသင်ကြ၊ စာဖတ်ကြ။" ဟု ရေးသားဖွဲ့ဆို၍ စာသင်ကျောင်းများတွင် ပညာသင်ယူကြဖို့အရေး တိုက်တွန်းနှိုးဆော်ခဲ့သည်။

**မြတ်သောပညာ ရတနာ**

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်။ များပြားလှသည့် နေ့စဉ်လုပ်ငန်းကိစ္စများ၊ စက်မှုလုပ်ငန်းများတွင်ပင် ခလုတ်တစ်ချက်နှိပ်ရုံဖြင့် အလုပ်ဖြစ်လာသည့် နည်းပညာခေတ်တွင် အသစ်အသစ်သောနည်းပညာများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပညာသည် အဓိက ဖြစ်လာသည်။ ပညာတတ်သည့် လူ့ဘောင်အဖွဲ့အစည်းအဖြစ် နည်းပညာခေတ်တွင် အမီလိုက်ပါနိုင်ရေး အလွန်အရေးကြီးလာသည်။ ပညာနှင့် ပတ်သက်သည့် ထင်ရှားသည့် မြန်မာဆိုရိုးစကား များစွာရှိသည်။ "ပညာရွှေအိုး လူမခိုး"၊ "ပညာရဲရင့်ပွဲလယ်တင့်"၊ "ပညာရှာ ပမာ သူဖုန်းစား"၊ "ပညာလို အိုသည်မရှိ" စသည့် ဆိုရိုးစကားများကို လူတိုင်းကြားဖူးကြမည်။ ထို့အတူ မြတ်ဗုဒ္ဓဟောကြားသည့် (၃၈) ဖြာ မင်္ဂလာတရားတော်တွင်လည်း "အကြားအမြင် ဗဟုသုတများခြင်း၊ အတတ်ပညာတစ်ခုခုကို တတ်မြောက်ခြင်း၊ လူမှုရေးရာကျင့်ဝတ်များ သင်ကြားထားခြင်း" တို့သည် မင်္ဂလာမည်ကြောင်း မိန့်ကြားထားခဲ့ပြီးဖြစ်သည်။ ပညာတတ်သူသည်သာ အကောင်းအဆိုး၊ အကြောင်းအကျိုးကို ဝေဖန်ပိုင်းခြားသိမြင်နိုင်စွမ်းရှိပြီး ပညာမတတ်ပါက မျက်မမြင်သူကန်းကဲ့သို့ စမ်းတဝါးဝါးဖြင့် လိုရာပန်းတိုင်ကို အလွယ်တကူရောက်ရှိနိုင်ဖို့ ခဲယဉ်းလှသည်။

**ဘက်စုံအကျိုးဝင်ပညာရေးမှ နိုင်ငံဖွံ့ဖြိုးရေးသို့**

ပညာသင်ကြားခြင်းသည် ကလေးများ၏ ကာယ၊ ဉာဏ၊ စာရိတ္တ၊ ယဉ်ကျေးမှု၊ အနုပညာ၊ စူးစမ်းလေ့လာမှုသဘော၊ လူမှုဘဝအတွက် နေထိုင်နည်းများအပြင် စိတ်ဓာတ်၊ စည်းကမ်း၊ ပညာစသည်ဖြင့် အကျိုးကျေးဇူးများရရှိပါသည်။ အထူးသဖြင့် နည်းပညာခေတ်တွင်ကလေးများအတွက်နည်းပညာများ၊ အသိပညာပိုင်းဆိုင်ရာများအပြင် အတွေးအခေါ်ပိုင်းများတွင်လည်း ပိုမိုဖွံ့ဖြိုးလာစေရန် သင်ရိုးညွှန်းတမ်းများကို နိုင်ငံတကာအဆင့်မီ ပြင်ဆင်ရေးဆွဲပြဋ္ဌာန်းပေးထားသည်။

ပညာရေးသည် နိုင်ငံတစ်နိုင်ငံ၏ အခြေခံအုတ်မြစ်ဖြစ်သည်။ ပညာရေးကောင်းမွန်ခြင်း၊ ပညာရေးအားနည်းခြင်းသည် နိုင်ငံအတွင်းရှိပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးစသည့် အရေးကိစ္စများတွင်လည်း အကျိုးဝင်ဆက်နွှယ်လျက်ရှိသည်။ ပညာရေးကို အသိပညာ၊ အတတ်ပညာ၊ သက်မွေးမှုပညာဟူ၍ အကြမ်းအားဖြင့် ခွဲခြားနိုင်သည်။ လက်ရှိအခြေခံပညာကျောင်းများတွင် စနစ်သစ်ပြဋ္ဌာန်းချက်များ၌ ဘာသာရပ် ၁၀ မျိုးခန့် သင်ကြားပို့ချပေးလျက်ရှိသည်။ ဘာသာရပ်များနှင့်ပတ်သက်၍ ကျွမ်းကျင်မှုရရှိစေရေးအတွက် အချက်ငါးချက်ဖြင့် ထိထိရောက်ရောက် သင်ကြားပေးနေခြင်းဖြစ်သည်။ ကလေးများအတွက် သင်ကြားနည်းအချက် ငါးချက်ရှိပြီး-

(၁) အုပ်စုလိုက် ပူးပေါင်းဆောင်ရွက်ခြင်း
(၂) ဆက်သွယ်ပြောဆိုခြင်း
(၃) လေးနက်စွာ ဆန်းစစ်ဝေဖန်ခြင်းနှင့် ပြဿနာဖြေရှင်းခြင်း
(၄) တီထွင်ဖန်တီးခြင်း
(၅) နိုင်ငံ့သားကောင်းစိတ်ဓာတ်ရှိခြင်း

စသည့်အချက်များနှင့် ပြည့်စုံစေရေးဖြည့်ဆည်းပေးလျက်ရှိသည်။

ပြဋ္ဌာန်းဖတ်စာများတွင် ပန်းချီ၊ ပန်းပု၊ ဂီတ၊ ကာယကဲ့သို့သော အနုပညာနှင့် ကိုယ်လက်လှုပ်ရှားမှု၊ ကျန်းမာသန်းစွမ်းမှုတို့အတွက် သင်ခန်းစာများကို ထည့်သွင်းထားရာ အနုပညာဇီဇများကို ဖော်ထုတ်ပေးနိုင်သကဲ့သို့ ကလေး၏ ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း လွန်စွာအကျိုးထူးစေသည့်အပြင် အများနှင့် စုပေါင်းလုပ်ဆောင်တတ်သည့် အလေ့အထကောင်းများကို ရရှိစေနိုင်သည်။

စာရေးသူတို့ ငယ်စဉ်ကပင် တည်ရှိခဲ့သည့် ကျောင်းကောင်စီကတိဆောင်ပုဒ်ကလေးကို သတိရမိသည်။

"မိမိကိုယ်ကို ကောင်းအောင်ကြိုးစားမည်၊
မိမိအတန်းကို ကောင်းအောင်ကြိုးစားမည်၊
မိမိကျောင်းကို ကောင်းအောင်ကြိုးစားမည်၊
မိမိတိုင်းပြည်အတွက် ကောင်းအောင် ကြိုးစားမည်။" ဟူ၍ဖြစ်ပါသည်။

ကျောင်းကောင်စီ ကတိဆောင်ပုဒ်သည် စာသင်ကျောင်းတိုင်းတွင် တက်ရောက် ပညာသင်ကြားကြသည့် ကျောင်းသား ကျောင်းသူများ အားလုံးကို ကိုယ်စားပြုသကဲ့သို့ ကျောင်းများ၌ ပညာသင်ယူခြင်းဖြင့် စည်းကမ်းပြည့်ဝသည့် လူတော်လူကောင်းများအဖြစ် ရပ်တည်လာနိုင်ကြမည်ဖြစ်ပါသည်။

**ကျောင်းအပ်နှံလို့ ကျောင်းတက်စို့**

မေ ၂၂ ရက်သည် မြန်မာတစ်နိုင်ငံလုံး ကျောင်းအပ်နှံရေး သီတင်းပတ် စတင်မည့်နေ့ဖြစ်ပါသည်။ ကျောင်းများအပ်နှံပြီးချိန် လာမည့် ဇွန် ၂ ရက်တွင် တစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းများအားလုံး တစ်ပြိုင်နက် စတင်ဖွင့်လှစ်ပါတော့မည်။ ယမန်နှစ် ကျောင်းအပ်ချိန်တွင် မြန်မာတစ်နိုင်ငံလုံး၌ အခြေခံပညာ ကျောင်းသား ကျောင်းသူ ပေါင်း ၆၃ သိန်းကျော် အပ်နှံခဲ့ကြသည်။ မိဘများအနေဖြင့် မိမိတို့ရင်သွေးရတနာများကို ကျောင်းအပ်နှံကြစေရေး တိုက်တွန်းလိုပါသည်။ နိုင်ငံတော်ဘက်မှလည်း ကျောင်းနေအရွယ်အားလုံး စာသင်ကျောင်းသို့ရောက်ရှိရေးကို ဦးတည်ဆောင်ရွက်နေပြီး အခမဲ့ပညာရေးအဖြစ် လိုအပ်သည့် စာအုပ်၊ ခဲတံနှင့် ဝတ်စုံများကိုလည်း ပံ့ပိုးပေးလျက်ရှိရာ နိုင်ငံ၏ရတနာ သားသမီးများ ဘဝမြင့်မားစေရေး၊ အသိအလိမ္မာတိုးစေရေးနှင့် လူတော်လူကောင်းများ ဖြစ်စေရေးအတွက် ဘက်စုံပညာရေးစနစ်ကို အမီလိုက်စေဖို့ ကျောင်းအပ်နှံကြပါစို့ဟု တိုက်တွန်းလိုက်ရပါသည်။ ။

> ❑ **ကလေးများသည် မွေးဖွားစဉ်ကတည်းက တစ်ဦးနှင့်တစ်ဦး မတူညီသည့် စွမ်းရည်ကိုယ်စီ ပိုင်ဆိုင်လာစမြဲပင်။ အဆိုပါ စွမ်းရည်များကို ကလေးများ၏ အသက်အရွယ်နှင့်အညီ ထက်မြက်ဖွံ့ဖြိုးလာစေရေးအတွက် ဆရာတို့က လေ့ကျင့်သင်ကြားပေးကြရသည်။ နှိုးဆွပေးကြရသည်။ ထိုကဲ့သို့စွမ်းရည်များ ဖွံ့ဖြိုးထက်မြက်လာစေရန် လေ့ကျင့်ပေးသည့်နေရာသည် စာသင်ကျောင်းပင်ဖြစ်**

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၃၁ ဦးအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၁၃ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

**နေပြည်တော်  မေ ၂၀**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့- ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် တောင်ကိုရီးယားနိုင်ငံသား တစ်ဦး၊ နိုင်ဂျီးရီးယားနိုင်ငံသား ခုနစ်ဦး၊ အိန္ဒိယနိုင်ငံသား ၁၀ ဦး၊ ရုရှားနိုင်ငံသားတစ်ဦးနှင့် ဖိလစ်ပိုင်နိုင်ငံသား ၁၂ ဦး စုစုပေါင်း ၃၁ ဦးတို့အား ယနေ့တွင် မြန်မာ-ထိုင်းအမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၁၃ ဦးအား ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။



အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းစဉ်များ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာဌာနအလိုက် တာဝန်ရှိသူများအား လိုအပ်သည့် စာရင်းဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ တောင်ကိုရီးယားသမ္မတနိုင်ငံသံရုံးမှ Counsellor Mr. Doosung Kim နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ နိုင်ဂျီးရီးယားသမ္မတနိုင်ငံသံရုံးမှ Counsellor Ms.Juliet Onyejiaka နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ Counsellor Mr. Pranav Ganesh နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံရုံးမှ Counsellor Mr. Ilyn Ilia နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံသံရုံးမှ Attache and Assistance to Nationals Officer Ms. Musetar C. Moso နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

ထို့အတူ မြဝတီမြို့- ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး (KK Park)နှင့် ကျောက်ခတ်နယ်မြေများသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် ဖိလစ်ပိုင်နိုင်ငံသား ခုနစ်ဦး၊ နိုင်ဂျီးရီးယားနိုင်ငံသား တစ်ဦး၊ အိန္ဒိယနိုင်ငံသား သုံးဦး၊ တရုတ်နိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၁၃ ဦးအား ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မေ ၂၀ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၀၉၉ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၄၆၉ ဦးအား ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၆၃၀ အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam) နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling)လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်သူများအားလုံးကို ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်လျက်ရှိပြီး အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စဉ်ဆက်မပြတ် တက်ကြွစွာ ဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိသည့်အပြင် အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဗန်းမော်မြို့နယ်အတွင်း တပ်မတော်မှ ရဟတ်ယာဉ်တစ်စင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများဆောင်ရွက်နေစဉ် စက်ချွတ်ယွင်း၍ ပျက်ကျမှုဖြစ်စဉ်ဖြစ်ပွား

**နေပြည်တော်  မေ ၂၀**

ယနေ့ မွန်းလွဲပိုင်းတွင် တပ်မတော်မှ သယ်ယူပို့ဆောင်ရေးရဟတ်ယာဉ်များသည် ဗန်းမော်မြို့နယ်အတွင်းရှိ နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးတာဝန်များ ထမ်းဆောင်နေသည့် တပ်မတော်ရှေ့တန်းလုံခြုံရေးစခန်းများရှိ တပ်ဖွဲ့ဝင်များအတွက် လိုအပ်သည့် အုပ်ချုပ်မှုဆိုင်ရာထောက်ပံ့ပစ္စည်းများ သွားရောက်ပို့ဆောင်ခဲ့ပြီး ပြန်လည်ထွက်ခွာလာစဉ် ရဟတ်ယာဉ်တစ်စင်းသည် ဗန်းမော်မြို့၏အနောက်တောင်ဘက် မီတာ ၁၄၀၀၀ ခန့်အကွာသို့ ရောက်ရှိစဉ် ရုတ်တရက် စက်ချွတ်ယွင်းမှုဖြစ်ပွားကာ မတော်တဆပျက်ကျမှုဖြစ်စဉ် ဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

အဆိုပါ ရဟတ်ယာဉ်ပျက်ကျခဲ့မှုအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ရဟတ်ယာဉ်ပျက်ကျသည့်နေရာတစ်ဝိုက်သို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ သွားရောက်ကာ ရှာဖွေကယ်ဆယ်ရေးနှင့် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




## မင်္ဂလာဒုံမြို့နယ်၌ ငွေကျပ် ၁၀၀၈ သိန်း တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော်  မေ ၂၀**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၈ ရက် ညနေ ၃ နာရီခွဲက မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်ကျေးရွာအုပ်စု ဘိုခြံရပ်ကွက်ရှိ ထက်လင်းဖြိုး (ခ) ပါကျဲနှင့် ဇင်ကိုကို တို့၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ်အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၈၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၉၈၀) ဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၃ နာရီ မိနစ် ၄၀ တွင် တစ်ရပ်ကွက်တည်းနေ ဖြိုးမင်းဦး(ခ)လေးသိန်း၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ်အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၀၀ (တစ်ပြားလျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂၈ သိန်း) ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် ထက်လင်းဖြိုး (ခ) ပါကျဲ (၂၄) နှစ်၊ ဇင်ကိုကို(၃၀)နှစ်နှင့် ဖြိုးမင်းဦး(ခ) လေးသိန်း (၃၀)နှစ်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## သထုံမြို့နယ်၌ လူငယ်ကဏ္ဍဆိုင်ရာကိစ္စရပ်များ အရှိန်တိုးမြှင့်ဆောင်ရွက်နိုင်ရေး ကျန်းမာရေးအသိပညာပေးသင်တန်းဖွင့်လှစ်

သထုံ  မေ  ၂၀

မွန်ပြည်နယ် သထုံမြို့နယ်၌ ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ နွေရာသီကျောင်းပိတ်ရက်ကာလတွင် လူငယ်ကဏ္ဍဆိုင်ရာကိစ္စရပ်များ အရှိန်တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ကျန်းမာရေးအသိပညာပေးသင်တန်းကို ယနေ့နံနက်ပိုင်းက ဇရစ်ချောင်ကျေးရွာရှိ သာယာကုန်းကျောင်းတိုက်၌ ပြုလုပ်သည်။

သင်တန်းတွင် ခရိုင်ပြည်သူ့ကျန်းမာရေးမှူး ဒေါက်တာသန်းဦးက အမှာစကားပြောကြားပြီး သင်တန်းနည်းပြ ၁၀ ဦးတို့က ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုဘဝပုံစံများ၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်ကျန်းမာရေး၊ အာဟာရအကြောင်းသိကောင်းစရာများ၊ ကူးစက်ရောဂါများနှင့် မကူးစက်တတ်သောရောဂါများ၊ မူးယစ်ဆေးဝါး စိတ်ကြွဆေးဝါးအန္တရာယ်ဆိုင်ရာသိကောင်းစရာများကို သင်ကြားပေးကာ သင်တန်းကို သထုံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၂၅၀ ခန့် တက်ရောက်ကြပြီး မေ ၁၉ ရက်မှစတင်ကာ တစ်ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်ရေယာဉ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် မေ ၂၀

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

မေ ၁၈ ရက်တွင် မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျိုက်မရော (မော်လမြိုင်) ပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ဟသ္သာအပိုင်း (မော်လမြိုင်) ပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၁၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀) ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်လေးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၄၁၀၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

မေ ၁၉ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ ဆင်ဖြူဂိတ်အကျော်လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့လုပ်ငန်းသုံးပစ္စည်း ၆၇ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၇၆၃၀၀)ကိုလည်းကောင်း၊ မယ်ယန်းပူးပေါင်းစစ်ဆေးရေးစခန်းအနီး တာချီလိတ် – ကျိုင်းတုံကားလမ်းမလိပါကောလမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၉၇၆၃၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ရန်ကုန်တိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ (၁၆) မိုင်ကျောက်ချောစစ်ဆေးရေးစခန်း၌ မန္တလေးမြို့မှ ပြင်ဦးလွင်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၁၇၅၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Caravan တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၀၀၀၀၀၀)တို့ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ အမရပူရမြို့နယ်အတွင်း၌ တရားမဝင် စက်သုံးဆီဒီဇယ်ဆီ ၇၂၃၂ ဂါလန်၊ ဓာတ်ဆီ ၁၁၂၄ ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၈၀၉၁၃၁)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၆၅၂၆၆၃၁ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မုတ္တမဆိပ်ကမ်း၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသည့် ရေယာဉ်တစ်စင်းပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၀၀၉၈၉၅)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် MV. Zwe Ayar ရေယာဉ်တစ်စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀၀၀) ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ တိုက်ကြီးမြို့နယ်၊ တွံတေးမြို့နယ်နှင့် မှော်ဘီမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ်သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၅၄၀၀၉၈၉၅ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၃၆၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည် သုံးဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လူသုံး ကုန်ပစ္စည်းငါးမျိုး၊ စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၈,၅၈၂,၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၂၅၁၈၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မေ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၅၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၆၄၄၄၀၈၂၆) ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းမှုများကြောင့် သွင်းကုန်အစားအထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက် ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**သတင်းစဉ်**

# မရမ်းကုန်းနှင့် တာချီလိတ်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် မေ ၂၀

မရမ်းကုန်းနှင့် တာချီလိတ်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၈ ရက် နံနက် ၁၀ နာရီခွဲတွင် မရမ်းကုန်းမြို့နယ် (၂)ရပ်ကွက် နှင်းဆီလမ်းနေ တင်အောင်မြင့်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ အိုက်စ်(မက်သ်အဖက်တမင်း) သုညဒသမ ဝ၆ ကီလို(ဒေသတန်ဖိုးငွေကျပ် ၁၅ သိန်း) နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀ (ဒေသတန်ဖိုး ငွေကျပ်သိန်း ၁၂၀)တို့ကို လည်းကောင်း၊ အလားတူ မေ ၁၇ ရက် ညနေ ၃ နာရီတွင် ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် ဝမ်လုံကျေးရွာအုပ်စု လွယ်စတုံ(အောက်)ကျေးရွာနေ တူးတူး(ခ)အားတူး၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀၀ (ဒေသတန်ဖိုး ငွေကျပ် ၁၂၆ သိန်း) ကို လည်းကောင်း သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**


တူးတူး(ခ)အားတူး အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# ၂၀၂၅ ခုနှစ် မေလ တတိယ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

နေပြည်တော် မေ ၂၀

### ဘင်္ဂလားပင်လယ်အော်အခြေအနေ

အနောက်တောင်မုတ်သုံလေသည် မေ ၂၁ ရက်မှ ၂၃ ရက်အတွင်း မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများသို့လည်းကောင်း၊ မေ ၂၄ ရက်မှ ၃၀ ရက်အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးသို့လည်းကောင်း အသီးသီး ဝင်ရောက်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားအသင့်အတင့်မှ အားကောင်းနိုင်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

### မိုးအခြေအနေနှင့် မိုးရွာရက်

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက် ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့်အရှေ့ပိုင်း) တို့တွင် ၇ ရက်မှ ၉ ရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၄ ရက်မှ ၆ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

### နေ့အပူချိန်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် မေလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်အောက် လျော့နည်းနိုင်ပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း) တို့တွင် မေလပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

### မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့နှင့် ကသာမြို့တို့တွင် နှစ်ပေခွဲမှ ငါးပေခန့်၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေမှ နှစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် တစ်ပေမှ တစ်ပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့နှင့် မော်လိုက်မြို့တို့တွင် လေးပေမှ ခြောက်ပေခွဲခန့်၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် တစ်ပေမှ သုံးပေခန့် လက်ရှိရေမှတ်အထက် မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် သုံးပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်မှ တစ်ပေခွဲခန့်၊ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် တစ်ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေဝက်ခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် နှစ်ပေခွဲခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် သုံးပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် တစ်ပေခွဲခန့်နှင့် သာပေါင်းမြို့တွင် ပေဝက်ခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် နှစ်ပေခွဲခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် တစ်ပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် နှစ်ပေခွဲခန့်နှင့် ငဝန်မြစ်ရေသည် ပုသိမ်မြို့တွင် နှစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

**မိုး/ဇလ**

## နမ့်စန်မြို့နယ်၌ ကျေးလက်ကုန်ထုတ်လမ်း / တံတားများ ဖောက်လုပ်ရန် မြေပြင်အကြိုကွင်းဆင်းစစ်ဆေး

**နမ့်စန် မေ ၂၀**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လယ်ယာကေမျာမှ ထွက်ရှိသည့် စိုက်ပျိုးသီးနှံများ ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာ ဖြင့် သယ်ယူပို့ဆောင်နိုင်ရန် ရည်ရွယ်၍ နမ့်စန်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးခွန်မြင့်သောင်းနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းက နမ့်ဆွယ်ကျေးရွာတွင် အရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ ထုမြေသား နှစ်ပေ၊ ထုကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်းနှင့် အလျားငါးပေ၊ အနံ ၂၂ပေ၊ အမြင့်ငါးပေရှိ Slab Culvert တံတားတစ်စင်း ဆောင်ရွက်ရန် အတွက် မြေပြင် Survey တိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ခရိုင်ဦးစီးမှူးက အဆိုပါကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး ကျေးရွာတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



နမ့်ဆွယ်ကျေးရွာ၌ အဆိုပါ ကျေးလက်ကုန်ထုတ်လမ်း/တံတားများ တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ်သန်း ၉၆ ဒသမ ၅၂၅၀ အကုန်အကျခံ၍ တင်ဒါအောင်မြင်သည့် ကုမ္ပဏီများက အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။

**မောင်ခိုင်**

## ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် လယ်ယာမြေအဆင့်မြှင့်တင်

**ပေါင် မေ ၂၀**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် မွန်ပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် လယ်ယာမြေအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်ပြီးစီးကြောင်း သိရသည်။ ထိုသို့ဆောင်ရွက်ရာတွင် ပေါင်မြို့နယ် စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် ရင်းငြိမ်မြောက်ကျေးရွာ ကွင်းအမှတ် (၇၄၄) ရှိ တောင်သူ ၁၁ ဦး၏ လယ်မြေဧက ၁၀၀၊ သဖြူချောင်ကျေးရွာ ကွင်းအမှတ် (၇၄၈) ရှိ တောင်သူကိုးဦး၏ လယ်မြေဧက ၁၀၀၊ ရွာတန်းရှည်ကျေးရွာ၊ ကွင်းအမှတ် (၇၆၇/၇၆၈) ရှိ တောင်သူ ၁၀ ဦး၏ လယ်မြေဧက ၁၀၀ စုစုပေါင်း လယ်မြေဧက ၃၀၀ ကို မိုးစပါးစိုက်ပျိုးချိန်အမီ အဆင့်မြှင့်လယ်မြေ ဖော်ထုတ်ခြင်းနှင့် စိုက်သမန်းထွန်ယက်ခြင်း လုပ်ငန်းကို ဆောင်ရွက်ပေးကြောင်း သိရသည်။ **မွန်မလေး(ပြန်/ဆက်)**




## လယ်ဝေးခရိုင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မိုးစပါးစိုက်ပျိုး စရိတ်ချေးငွေများ ထုတ်ချေးပေး

**လယ်ဝေး မေ ၂၀**

ပြည်ထောင်စုနယ်မြေ လယ်ဝေးခရိုင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၂၅ ခုနှစ် မိုးစပါးစိုက်ပျိုးစရိတ် ချေးငွေများကို ယမန်နေ့က စတင်၍ ထုတ်ချေးပေးလျက်ရှိသည်။

ထိုသို့ ထုတ်ချေးပေးရာတွင် နေပြည်တော် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ တိုင်းမန်နေဂျာ ဒေါ်ယဉ်နွဲ့၊ လယ်ဝေးခရိုင်မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် မန်နေဂျာနှင့် ဝန်ထမ်းများက ယမန်နေ့တွင် လယ်ဝေးမြို့နယ်၊



နောင်ဘိုကျေးရွာမှ တောင်သူ ၁၅၀ ၏ လယ်မြေဧက ၅၆၇ ဧကအတွက် တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့် ချေးငွေကျပ်သန်း ၈၅၀ ဒသမ ၅၀ တို့ကို ထုတ်ချေးပေးသည်။ ဆက်လက်၍ အချိန်စေ့ရောက်ပြီးသည့် ချေးငွေများ ကျေပွန်စွာ ပေးဆပ်ပြီးသည့် တောင်သူများအား မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများ ဆက်လက်ထုတ်ချေးပေးမည်ဖြစ်သည်။

ထို့နောက် ခရိုင်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၂၅ ခုနှစ် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများကို ကျေးရွာအုပ်စု ၇၂ အုပ်စုရှိ တောင်သူ ၁၀၆၄၀ သို့ ငွေကျပ်သန်း ၆၄၀၈၄ ဒသမ ၅၀ ထုတ်ချေးမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန် /ဆက်)**

## လွိုင်လင်ခရိုင် စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေး

**လွိုင်လင် မေ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် ၂၀၂၅ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို ယနေ့နံနက်ပိုင်းမှ စ၍ ထုတ်ချေးပေးလျက်ရှိသည်။

လွိုင်လင်ခရိုင်အတွင်းရှိ လွိုင်လင်၊ လဲချား၊ မိုင်းကိုင်မြို့နယ်များ၌ စပါး နှင့်ပြောင်းစိုက် တောင်သူ ၁၆၀၈ ဦးတို့၏ စပါးစိုက်ဧက ၁၀၃၈၈ နှင့် ပြောင်းစိုက်ဧက ၁၇၄ ဧကတို့အတွက် စပါးတစ်ဧကလျှင် ချေးငွေ ငွေကျပ် ၁၅၀၀၀၀၊ ပြောင်းတစ်ဧကလျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့် စုစုပေါင်းချေးငွေကျပ် ၁၅၇၅၆ သိန်းကို ထုတ်ချေးရန် လျာထားသည်။

မေ ၂၀ ရက်တွင် လွိုင်လင်မြို့နယ် လွိုင်လင်အရှေ့ကျေးရွာအုပ်စုမှ စိုက်ပျိုးတောင်သူ ၁၀၉ ဦးတို့၏ စပါး၊ ပြောင်းစိုက်ပျိုးဧက ၈၀၈ ဧကအတွက် ချေးငွေကျပ်သိန်း ၁၁၈၀ ကို ထုတ်ချေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**လွိုင်လင်မိုး**



## ဖျာပုံမြို့၌ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေး




**ဖျာပုံ မေ ၂၀**

ဖျာပုံခရိုင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ၌ ၂၀၂၅ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေးပေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါရုံးခန်းမ၌ စတင်ထုတ်ချေးပေးရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်)မှ အထွေထွေမန်နေဂျာ ဦးအောင်ကျော်ဦး၊ ဒုတိယအထွေထွေမန်နေဂျာ ဦးမျိုးမြင့်ဦး၊ ဒုတိယအထွေထွေမန်နေဂျာ ဦးမိုးဟိန်း၊ ဖျာပုံခရိုင်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ မန်နေဂျာ ဦးခင်မောင်ဝင်းနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်ဝင်းတို့က ဖျာပုံမြို့နယ် တင်ပုလွဲကျေးရွာအုပ်စုမှ တောင်သူ ၁၁၄ ဦး၊ စိုက်ပျိုးမြေ ၁၀၉၆ ဧကအတွက် တစ်ဧကလျှင် စိုက်ပျိုးစရိတ်ချေးငွေကျပ် တစ်သိန်းခွဲနှုန်းဖြင့် စုစုပေါင်းစိုက်ပျိုးစရိတ်ချေးငွေကျပ် ၁၆၄၄ သိန်းကို တောင်သူများ လက်ဝယ်အရောက်ထုတ်ချေးပေးသည်။

**အောင်ဝင်းနိုင် (ပြန်/ဆက်)**

## ရွှေပြည်သာမြို့နယ်၌ စက်ချုပ်နည်းပညာ သင်တန်းဖွင့်

**ရန်ကုန် မေ ၂၀**

ရန်ကုန်တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အသေးစားကုန်ထုတ် လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းလုပ်ငန်းဖြင့် စက်ချုပ်နည်းပညာသင်တန်းကို ယနေ့ နံနက်ပိုင်းက ရွှေပြည်သာမြို့နယ် သံဒင်း (၁၉) ရပ်ကွက် မေ့မေတ္တာအိမ်ရာရုံးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးကျော့ခိုင်က အမှာစကားပြောကြားသည်။ အဆိုပါ စက်ချုပ်နည်းပညာသင်တန်းကို တစ်လကြာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၅ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဇင်မင်းထိုက်(ပြန်ဆက်)**



## သာစည်မြို့၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးသီတင်းပတ် ဆိုင်းဘုတ်များစိုက်ထူ

**သာစည် မေ ၂၀**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ ကျောင်းနေအရွယ်ကလေးများအားလုံး ပညာသင်ယူခွင့်ရရှိစေရန် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေး သီတင်းပတ်ဆိုင်းဘုတ်များစိုက်ထူခြင်းကို မေ ၂၀ ရက်က မိတ္ထီလာ-တောင်ကြီးကားလမ်းမဘေး သာစည်မြို့မော်တော်ယာဉ်လမ်းဆုံမီးပွိုင့်အနီးနှင့် မြို့မဈေးကြီးအနီးတို့၌ ပြုလုပ်သည်။

ဆိုင်းဘုတ်စိုက်ထူပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်ပညာရေးမှူး ဦးလှထွန်းနှင့် ပညာရေးဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ မြို့နယ်အမျိုးသမီးရေးရာနှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ တက်ရောက်ကြပြီး ဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ရတနာသစ်တော ပြည့်သွေးကြော သစ်တောရတနာ ထိန်းသိမ်းပါ။

## နယ်စပ်ရေးရာဝန်ကြီးဌာန
## နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## ချင်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး(ဟားခါး)
## ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး၊ ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းတင်ဒါနှင့်ပစ္စည်းတင်ဒါများ ခေါ်ယူခြင်း(ဒုတိယအကြိမ်)

၁။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ချင်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (ဟားခါး) ၏ နယ်စပ်ဒေသဖွံ့ဖြိုးရေး၊ ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများ၏ လုပ်ငန်းတင်ဒါနှင့် ပစ္စည်းတင်ဒါများအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၁၄-၅-၂၀၂၅ရက်(ဗုဒ္ဓဟူးနေ့)
(ခ) **တင်ဒါလျှောက်လွှာ အရောင်းပိတ်မည့်ရက်** - ၂၇-၅-၂၀၂၅ရက် ညနေ (၄:၃၀)နာရီ အချိန်ထိ
(ဂ) **တင်ဒါအာမခံကြေး ၁%(မူရင်း) တင်သွင်းမည့်ရက်** - ၂၈-၅-၂၀၂၅ရက် ညနေ (၄:၃၀)နာရီ အချိန်ထိ
(ဃ) **တင်ဒါလျှောက်လွှာ နောက်ဆုံး တင်သွင်းရမည့်ရက်** - ၂၈-၅-၂၀၂၅ရက် နံနက် (၉:၃၀)နာရီ မှ (၄:၃၀)နာရီ
(င) **တင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာ** - ချင်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး လွှတ်တော်အပေါ်ထပ်၊ ဟားခါးမြို့
(စ) **တင်ဒါဖွင့်မည့် နေရာ/ရက်/အချိန်** - ထပ်မံကြေညာပါမည်။

၂။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို ချင်းပြည်နယ်ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံး(ဟားခါး)၊ ဖုန်း-၀၇၀-၂၁၅၈၅တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**တင်ဒါကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## တောင်ကြီးမြို့နယ်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၀

ဒေါ်သပြေခိုင်ဇာ နှင့် ဦးအေးမောင်
**တရားလို** **တရားပြိုင်**

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ (၁၀)ရပ်ကွက်၊ အမှတ်-၈၄ နေ ဦးအေးမောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဖြစ်သော ဒေါ်သပြေခိုင်ဇာက အိမ်မြေအရောင်း အဝယ်စာချုပ် မှတ်ပုံတင်ပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ ၊ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၃ ရက် (၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၈ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ မေလ (၂၀) ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အောင်ခိုင်ဖြိုး)
တွဲဖက်မြို့နယ်တရားသူကြီး(၃)
တောင်ကြီးမြို့နယ်တရားရုံး

## မိဘအမည်မှန်

တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမြို့နယ်၊ သရက်နှစ်ခွကျေးရွာနေ မောင်သူရိန်ဦး ၆/သရခ(နိုင်)၁၄၈၅၃၆၏ မိဘအမည်မှန်မှာ ဦးဖေအေး ၆/သရခ(နိုင်)၀၂၀၇၈၁၊ ဒေါ်သိန်းသိန်းအေး ၆/သရခ(နိုင်)၀၂၀၅၄၀ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

ထားဝယ်ခရိုင်၊ သရက်ချောင်းမြို့နယ်၊ သင်းကျွန်းရွာ၊ အာရုပတ်လမ်း၊ အမှတ်(၄၇၆) နေ မရွှေအိမ်လဝန်း၏ မိခင်အမည်မှန်မှာ ဒေါ်ငွေးအိခိုင် ၆/လလန(နိုင်)၁၀၈၀၀၅ ဖြစ်ပါကြောင်း။

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5J/3554 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

တာချီလိတ်မြို့၊ ဝမ်မိုင်၊ ဆန်ဆိုင်း(ခ)ရပ်ကွက်နေ ဒေါ်မီအော် ၁၃/ကတန(နိုင်)၁၀၉၆၅၃မှ **"အာခါမလေး"** အမည်ဖြင့် သောက်ရေသန့် ထုတ်လုပ်ရောင်းချရန် စီစဉ်ထားပြီးဖြစ်ပါသဖြင့် မြန်မာနိုင်ငံတစ်ဝန်းတွင်ရှိသော သောက်ရေသန့်စက်ရုံများမှအမည်တူရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြေငြာချက်ပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ဒေါ်မီအော်ထံသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက သတင်းစာကြေညာချက်နှင့်အတူ အသုံးပြုလိုသော အမှတ်တံဆိပ်အမည်ဖြင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ အစားအသောက် ထုတ်လုပ်ရန်ထောက်ခံချက် ဆက်လက်လျှောက်ထားမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်မီအော် ၁၃/ကတန(နိုင်)၁၀၉၆၅၃
ဖုန်း-၀၉-၄၂၈၂၁၇၃၉၆

## ရှမ်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## ၂၀၂၅-၂၀၂၆ခုဘဏ္ဍာရေးနှစ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ခု ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ကျေးလက်အိမ်ရာ၊ ကျေးလက်ကုန်ထုတ်လမ်းတံတား၊ ရေပေးရေးနှင့် အခြား တည်ဆောက်ရေးလုပ်ငန်းများ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်ကြေငြာအပ်ပါသည်-

(က) **တင်ဒါစတင်ရောင်းချမည့်ရက်** - ၂၃-၅-၂၀၂၅ရက် (သောကြာနေ့)
(ခ) **တင်ဒါရောင်းချမှုပိတ်သိမ်းရက်** - ၂-၆-၂၀၂၅ရက် (တနင်္လာနေ့) (၁၆:၃၀နာရီ)
(ဂ) **တင်ဒါ(နောက်ဆုံး) တင်သွင်းရမည့်ရက်** - ၃-၆-၂၀၂၅ရက် (အင်္ဂါနေ့) (၁၆:၃၀နာရီ)
(ဃ) **တင်ဒါဖွင့်မည့်ရက်** - ၅-၆-၂၀၂၅ရက် (ကြာသပတေးနေ့) (၀၉:၃၀)နာရီ
(င) **တင်ဒါရှင်းလင်းမည့်ရက်** - ၂၈-၅-၂၀၂၅ရက် (ဗုဒ္ဓဟူးနေ့) (၁၀:၀၀နာရီ)

၂။ တင်ဒါခေါ်ယူထားသည့် Lot စာရင်းများကို မြို့နယ်၊ ခရိုင်/ဒေသနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း/ မြောက်ပိုင်း/အရှေ့ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးများတွင် ကြော်ငြာကပ်ထားမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ် (၀၉-၂၅၉၃၇၅၉၀၈၊ ၀၉-၄၄၉၈၇၁၆၅၄၊ ၀၉-၄၂၁၇၄၉၅၈၇) နှင့် သက်ဆိုင်ရာမြို့နယ်၊ ခရိုင်/ဒေသနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း/ မြောက်ပိုင်း/အရှေ့ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံးများတွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## တောင်ကြီးမြို့နယ်တရားရုံးတော်
## ၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ် -၆၁

ဒေါ်မာမာခင် နှင့် ဦးစောအီနော့
**တရားလို** **တရားပြိုင်**

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ ရပ်ကွက်(၅)၊ အမှတ်(၃၃) နေ ဦးစောအီနော့ (ယခု နေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဖြစ်သော ဒေါ်မာမာခင်က အိမ်မြေ အရောင်း အဝယ်စာချုပ် မှတ်ပုံတင်ပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ခုနှစ်၊ ဇွန်လ ၃ ရက် (၁၃၈၇ခုနှစ်၊ နယုန်လဆန်း ၈ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူတရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ မေလ ၂၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အောင်ခိုင်ဖြိုး)
တွဲဖက်မြို့နယ်တရားသူကြီး(၃)
တောင်ကြီးမြို့နယ်တရားရုံး

## တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ နယ်မြေ(၇)၊ ဝါးပြားလမ်း၊ အိမ်အမှတ်(ဝတ/၂၆၃)နေ ဒေါ်ထက်ဆုနန္ဒာ ၁၃/တကန(နိုင်)၃၀၀၄၁၀၏ မိခင်ဖြစ်သူ ဒေါ်နိုင်နိုင်ဝင်း(ခ)နိုင်ဝင်းမော် ၁၃/တကန(နိုင်)၀၅၁၁၆၂ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## အများသိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ အလယ်ကုန်းရပ်ကွက်၊ တည်ဆောက်ရေး(၉)လမ်းနေ ဦးကိုကိုလတ်၏သမီး ဒေါ်တင်ဇာလတ် ၁၄/ပသန(နိုင်)၀၅၅၆၄၀သည် ၎င်းနံပါတ်အား မိမိတစ်ဦးတည်းသာ ကိုင်ဆောင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်တင်ဇာလတ် ၁၄/ပသန(နိုင်)၀၅၅၆၄၀**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်(၁၆)၊ ရွှေပေါက်ကံရပ်ကွက်၊ ဦးပေါ်ဦးလမ်း၊ အမှတ် (၉၇၉)ဟုခေါ်တွင်သော ဒေါ်နွယ်နွယ်လင်း အမည်ပေါက် နှစ်(၆၀)ဂရန်မြေအမျိုးအစား (၄၀X၆၀)ပေ၊ ဧရိယာ (၀.၀၅၅)ဧကအကျယ်ရှိ ယင်းမြေကွက်နှင့်မြေပေါ်မြေအောက် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောအထောက်အထားမူရင်းများနှင့် တကွ ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်၏ထံသို့ လာရောက် တင်ပြ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက် ကျော်လွန်ပါက မည်သည့် ကန့်ကွက်ချက်ကိုမျှ လက်ခံစဉ်းစားမည်မဟုတ်ကြောင်းနှင့် မြေကွက်အား ဆက်လက် အရောင်းအဝယ်ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးဇော်ဝင်းထွန်း | ဒေါ်ဇာမီခက် |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်-၁၅၂၁၃) | (စဉ်-၅၆၃၇၇) |
| ဖုန်း-၀၉-၂၆၆၆၃၅၈၉၆ | ဖုန်း-၀၉-၄၂၃၆၉၃၄၅၈ |

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျွန်ုပ်တို့၏မိတ်ဆွေက ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂၂)၊ မြေကွက်အမှတ် (၁၄၇)၊ ဧရိယာ (၀.၀၅၅)ဧက အကျယ်အဝန်းရှိ နှစ် (၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင်အမည် ပေါက်ပိုင်ဆိုင်သူ ဒေါ်ဖြူဖြူဇင်ဦး (ဘ) ဦးသန့်ဇင် (၁၂/ရကန(နိုင်)၀၇၁၂၂၃) အမှတ် (၁/က)၊ အဝေရာလမ်း၊ ၁၅-ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင်နေသူထံမှ ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါမြေကွက် အရောင်းအဝယ် ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့် တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| ဒေါ်ခင်ဝင်းမြင့် (B.Sc, PGDL) | ဒေါ်ခင်မြတ်သူ (H.G.P,LL.B,D.M.L) |
| တရားလွှတ်တော်ရှေ့နေ၊ စဉ်/၁၆၁၉၆ | တရားလွှတ်တော်ရှေ့နေ၊ စဉ်/၇၅၁၅ |
| ဖုန်း-၀၉-၅၁၇၁၄၃၃ | ဖုန်း-၀၉-၂၅၄၄၈၈၃၃၀ |

အမှတ် (၁၂၂)၊ ၂/လမ်းတောင်၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၃၅)၊ ငွေပုလဲလမ်း၊ မြေကွက်အမှတ်(၃၄၂/က)၊ဧရိယာ(၀ဒသမ ၀၂၇၅)ဧကရှိ မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို နှစ်(၆၀)ဂရန်အမည်ပေါက် ဦးဝေယံအောင် ၁၁/စတန(နိုင်) ၀၆၀၈၈၄မှ အပေါင်အနှံ အရှုပ်အရှင်းကင်းရှင်း၍ ၎င်းတစ်ဦးတည်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလာသောကြောင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထား ပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်း(မူရင်း)အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ငွေးငွေးဝင်း(LL.B,D.I.L, WIPO(Switzerland)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၃၁၆)
အမှတ်(၂၇)၊ နိဂြောဓလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၀၃၇၅၅၈၊ ၀၉-၇၈၅၀၃၇၅၅၈၊ ၀၉-၆၉၁၈၀၀၁၅၂၇

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ဈ/၃၃)၊ လူနေရပ်ကွက်အမှတ်(၁၀)၊ မြေကွက်အမှတ်(၇၇၀/ခ)၊ ညောင်ရွှေလမ်းဟုခေါ်တွင်သော ဧရိယာအကျယ်အဝန်း(၂၀X၆၇၀)ပေရှိ ဦးငွေးဦး(ဘ) ဦးထွန်းလှအောင် ၁၂/ရပသ(နိုင်)၀၇၃၅၁၅ ဂရန်အမည်ပေါက် ပိုင်ရှင်ထံမှ ဒေါ်ရွှေစင်(ဘ)ဦးမြင့်လွင် ၁၂/ရပသ(နိုင်)၀၄၇၄၆၃မှ အရပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဒေါ်ရွှေစင်မှ အထက်ဖော်ပြပါလိပ်စာ အိမ်ခြံမြေကွက်အား ဦးသူရအောင်သို့ အရပ်စာချုပ်ဖြင့် ထပ်မံရောင်းချခဲ့ပြီးဖြစ်ရာ ဦးသူရအောင်(ဘ)ဦးကံအေး ၁၂/မဘန (နိုင်)၁၄၉၁၆၆မှလည်း အိမ်ခြံမြေကွက် တရားဝင်လက်ရှိပိုင်ဆိုင်၍ စီမံခန့်ခွဲလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုရောင်းချရာတွင် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးဝင်း(ဘ)ဦးကံသီအောင် ၁၁/ရသတ(နိုင်)၀၆၀၉၄၈က (၂၀-၅-၂၀၂၅)ရက်တွင် အပြီးအပိုင်ဝယ်ယူထားပြီးဖြစ်ပါသည်။ အဆိုပါအိမ်ခြံမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍(၇) ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း မူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်အေးအေးဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်ဝေဝေဖြိုး အထက်တန်းရှေ့နေ(စဉ်-၅၆၅၀၁)
စုပေါင်းရုံးကြီး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၆၉၃၅၅၆၄၁၊ ၀၉- ၇၉၆၂၄၉၃၂၃

## အမည်မှန်

ဦးဇော်ထက် ၅/ပလန(နိုင်)၀၄၆၇၆၂၏သား တပ်ကုန်းမြို့နယ်၊ အထက MRTV G-2မှ မောင်အောင်ဘုန်မြင့်မိုလ်၏ အမည်မှန်မှာ မောင်အောင်ဘုန်းမြင့်မိုရ် ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်ဆုံးကြောင်းကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၅)၊ နယ်မြေ(၄)နေ မကျူထိုက်စုံ(ဘ)ဦးရွှင်ဖျင် ၁၃/လရန(နိုင်) ၂၂၁၈၅၉၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၃၈၇၂၆၄၆

## အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့၊ ပေါက်ကုန်းကျေးရွာနေ ဦးဝင်းဇော် ၁၄/မအပ(နိုင်)၁၉၂၄၂၃ ၏ သားဖြစ်သူ မောင်ညီညီလင်း၏ အမည်မှန်မှာ မောင်ဖြိုးထက်ဇော်ဖြစ်ပါကြောင်း။

**မောင်ဖြိုးထက်ဇော်**

## ဖခင်အမည်မှန်

ဖျာပုံမြို့နယ်၊ သလိပ်ကြီးအလက(ခွဲ)ကျောင်း Grade-7 တွင် ပညာသင်ကြားနေသော မခင်ဖုန်းစံ၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်နိုင် ၁၄/ဖပန(နိုင်)၁၄၇၄၁၉ ဖြစ်ပါကြောင်း။

**ဦးအောင်ကျော်နိုင်**
**၁၄/ဖပန(နိုင်)၁၄၇၄၁၉**

## ဖခင်အမည်မှန်

ဖျာပုံမြို့နယ်၊ သလိပ်ကြီးအလက(ခွဲ)ကျောင်း Grade-2 တွင် ပညာသင်ကြားနေသော မစံရတီဖြိုး၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်နိုင် ၁၄/ဖပန(နိုင်)၁၄၇၄၁၉ ဖြစ်ပါကြောင်း။

**ဦးအောင်ကျော်နိုင်**
**၁၄/ဖပန(နိုင်)၁၄၇၄၁၉**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/60995, Honda Wave 110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်တင်သန်း ၁၄/ပသန(နိုင်)၀၅၀၅၀၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့၊ ဒုစံပြရပ်ကွက်၊ သုဇနလမ်း၊ မြေကွက်အမှတ် (၈)ဟုခေါ်တွင်သော မြေကွက်ကြီးအနက်မှ မျက်နှာစာအလျား ၁၁ပေခွဲXအနံ ၇၀ပေ အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော တစ်ထပ်သွပ်မိုးကျောက်ပြားကာ နေအိမ်ငယ်(၂)လုံးနှင့် လျှပ်စစ် မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဆက်စပ်စာချုပ်စာတမ်းများဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်မြနန္ဒာကံမြင့်(ဘ)ဦးကံမြင့် ၁၂/မဂဒ(နိုင်)၀၀၀၄၀၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နွေးနွေးဝေ(ဘ)ဦးကံထူး ၁၂/လကန(နိုင်)၂၀၃၁၃၆မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးထားပြီးဖြစ်ပါ၍ အဆိုပါအိမ်ခြံမြေကွက်နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်မာသည့် တရားဝင်စာချုပ်စာတမ်း အထောက်အထား၊ စာရွက်စာတမ်း(မူရင်းများ)အပြည့်အစုံနှင့် ဤကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း ကျွန်ုပ်တို့ထံ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ပါ အိမ်ခြံမြေအရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နွေးနွေးဝေ(ဘ)ဦးကံထူး(၁၂/လကန(နိုင်)၂၀၃၁၃၆လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အေးစိုးဟန် ( LL.B )** | **ဒေါ်ချစ်ချစ်ဇော် ( LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **စဉ်-၁၉၅၃၅)( ၂၇- ၁၁-၂၀၂၄)** | **စဉ် -၁၇၀၇၂( ၂၇- ၁-၂၀၂၁)** |
| **ဖုန်း - ၀၉-၇၅၇၇၃၁၁၄၆ ၊** | **ဖုန်း-၀၉-၄၂၄၄၂၈၆၉၇၊** |
| **၀၉-၉၅၆၀၅၁၉၃၆၊** | **၀၉-၉၇၈၇၅၃၅၃၅** |

**(ရှေ့နေများနားနေခန်း၊ မှော်ဘီတရားရုံးဝင်း၊ မှော်ဘီမြို့နယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3G/7080 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဇော်အေး ၉/တကန(နိုင်)၀၀၂၃၈၄က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရမည်းသင်း)**

## အမည်မှန်

ဦးရန်အောင်၏သမီး မခြူး ထက်စံ၏ အမည်မှန်မှာ မကြည်လင်ရှင်းသန့် ဖြစ်ပါကြောင်းနှင့် မကွေးမြို့၊ အထက(၃)မှ Grade-8 အောင်မြင်ခဲ့သော မကြည်လင်ရှင်းသန့်၏ ဖခင် ဦးလင်းလင်း၏ အမည်မှန်မှာ အိမ်ထောင်စုဇယားနှင့် မှတ်ပုံတင်စာရင်းအရ ဦးရန်အောင် ၈/မကန(နိုင်)၁၆၈၂၉၇ ဖြစ်ပါကြောင်း။

**မကြည်လင်ရှင်းသန့်၊ ဦးရန်အောင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6P/5850, Sojen LFJ 1031SCGI, Pick Up ယာဉ်လက်ဝယ်ရှိသူ ဦးကောင်းမြတ်နိုင် ၁၄/လပတ(နိုင်)၂၉၇၆၈၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၃၂

| | | |
|---|---|---|
| ဦးခင်မောင်အေး | နှင့် | ဦးဇော်မြင့် |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ (၆၄)လမ်း၊ ၁၃၂x၁၃၃ လမ်းကြား၊ အကွက်အမှတ် (နန-၇)၊ ဦးပိုင် (၁၂)နေ ဦးဇော်မြင့် (ဘ)ဦးလှအောင် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

တရားပြိုင် ဦးဇော်မြင့် သင့်အပေါ်၌ တရားလို ဦးခင်မောင်အေးက ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ် (ဓဓ-၉)၊ ဦးပိုင်အမှတ် (၁၉)၊ ဧရိယာ (၀.၀၅၅)ဧကရှိ ဦးဇော်မြင့် အမည်ပေါက် ဂရန်မြေကွက်အား မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်း မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ မေလ ၂၉ရက် (၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၃ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်း ရမည်။

၂၀၂၅ခုနှစ်၊ မေလ ၁၅ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကြည်ပြာဆင့်)**
**မြို့နယ်တရားသူကြီး**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
## ၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၂၃

| | | |
|---|---|---|
| ဦးကျော် | နှင့် | ဦးကျော်သန်း |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်ကွက်နေ ဦးကျော်သန်း (ဘ)ဦးဘိုးစော (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဦးကျော်က မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်(က) ရပ်ကွက်၊ အကွက်အမှတ်(လ-၈)၊ဦးပိုင်အမှတ်(၇၆)၊ ဧရိယာ(၀ဒသမ၀၅၅၁)ဧကအကျယ်အဝန်းရှိ ဦးကျော်သန်း အမည်ပေါက် ဂရန်မြေကွက်အား အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ခုနှစ်၊ မေလ ၃၀ ရက် (၁၃၈၇ခုနှစ်၊ နယုန်လဆန်း ၄ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာ တမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ မေလ ၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဂျူးဂျူးစံ)**
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ- ၂၀)
## မိုးညှင်းမြို့နယ်တရားရုံးတော်၌
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၃

| | | |
|---|---|---|
| ဒေါ်သောင်းရီ | နှင့် | ၁။ ဦးရဲနောင် |
| | | ၂။ ဒေါ်သန်းသန်းလှ |
| | | ၃။ ဒေါ်ဆန္ဒမွန် |
| | | ၄။ ဒေါ်ဝါဝါဝင်း |
| | | ၅။ ဒေါ်နီနီဝင်း |
| **(တရားလို)** | | **(တရားပြိုင်များ)** |

ကချင်ပြည်နယ်၊ မိုးညှင်းမြို့၊ အောင်သပြေ(၁)ရပ်ကွက်နေ ဒေါ်ဆန္ဒမွန် (ဘ)ဦးအောင်သန်းကြီးနှင့် ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ ညောင်ကုန်းကျေးရွာနေ ဒေါ်ဝါဝါဝင်း(ဘ)ဦးတင်ရွှေ (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင်င်တို့အပေါ်၌ တရားလို ဒေါ်သောင်းရီက အရောင်းအဝယ်ပြုလုပ်ထားသော အိမ်ဝင်းခြံမြေအား မှတ်ပုံတင်စာချုပ် ပြုလုပ်ချုပ်ဆိုကာ လက်ရောက်ပေးအပ်စေလိုမှု(သို့မဟုတ်) ကာလပေါက်ဈေးဖြင့် အရောင်းအဝယ် ပြုလုပ်ထားသော ရောင်းကြေးငွေ(၆၅)သိန်းကျပ်နှင့် နစ်နာကြေးငွေ(၄၃၅)သိန်းကျပ် စုစုပေါင်း သိန်း(၅၀၀)ကျပ်ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ်၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါ၍ဖြစ်စေ ၂၀၂၅ခုနှစ်၊ မေ ၂၇ရက်၊ (၁၃၈၇ခုနှစ်၊ နယုန်လဆန်း ၁ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန်အတွက် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် လာရောက်ရမည်။ သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ မေလ ၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်မိုး)**
**မြို့နယ်တရားသူကြီး**
**မိုးညှင်းမြို့နယ်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 58W/44869, Honda Wave 100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးရဲမင်းဦး ၁၄/ငဆန(နိုင်)၀၀၇၂၈၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ထန်းတပင်ကွင်း၊ ကွင်းအမှတ်(၂၅၇/ခ)၊ မြေကွက် အမှတ် ၆၇ဟုခေါ်တွင်သော မြေအမည်ပေါက် ဦးစန်းကျင် ပိုင်ဆိုင်သော မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေ အကျယ်အဝန်းဖြစ်သည့်ပေ (၄၀ပေX ပေ၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သီးပင်စားပင် မြေပေါ်မြေအောက် အကျိုးခံစားခွင့် အရပ်ရပ်များအားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု မြွက်ဟကြေညာသူများဖြစ်သော ဦးစန်းကျင်၊ ဦးအောင်ဇေယျတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေသည် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက် အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာ ပါသည့်ရက်မှ(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန် ပြီးနောက်ပိုင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ယဉ်မင်းစိုး ၁၂/ကမရ(နိုင်)၀၄၆၅၂၆၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရီလေးမော် (LL.B)၊ တရားလွှတ်တော်ရှေ့နေ(စဥ်-၁၄၇၀၇)**
**ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးကြီး၊ အင်းစိန်မြို့၊ ဖုန်း-၀၉-၄၂၀၀၈၉၃၈၀**

## မြေငှားဂရန်/မြေပေးမိန့်လျှောက်ထားချက်အပေါ် ကန့်ကွက်နိုင်ပါကြောင်း

| စဉ် | လျှောက်ထားသူအမည် | လျှောက်ထားသည့်မြေ၏ မြို့နယ်/မြို့ | ရပ်/ကျေး | အကွက်အမှတ်/အမည် | ဦးပိုင်အမှတ် | ဧရိယာ (ဧက) | အကြောင်းအရာ |
|---|---|---|---|---|---|---|---|
| ၁ | ဦးနန္ဒာကံထွန်းပါ(၂)ဦး | ပုသိမ် | အမှတ်(၆) | ၁၀၉/ရွှေဘိုတပ် | ၈၄ | ၀.၀၄၀ | အမည်ပြောင်း |
| ၂ | ဦးမြင့်ဝင်း | ပုသိမ် | အမှတ်(၃) | ၄၁-ခ/အိုးဘိုတန်း | ၉၅ | ၀.၀၆၈ | သက်တမ်းတိုး |
| ၃ | ဒေါ်အေးအေးမင်း | ပုသိမ် | အမှတ်(၁၃) | ၅၂/ကင်မလင်းကျွန်း | အက်ဖ်-၃၅ | ၀.၀၅၅ | အမည်ပြောင်း |
| ၄ | ဒေါ်မီမီကျော်ကျော် | ပုသိမ် | အမှတ်(၆) | ၁၁၀/ရွှေဘိုတပ်တောင် | ၁၇၁ | ၀.၀၅၄ | တိုး/ပြောင်း |
| ၅ | ဦးကျော်ဝင်းလှိုင် | ပုသိမ် | အမှတ်(၃) | ၇၀/ဈေးချောင်းတောင် | ၄၄၃၊ ၄၄၂၊၄၄၁ | ၀.၁၆၅ | အမည်ပြောင်း |
| ၆ | ဦးလင်းလင်း | ပုသိမ် | အမှတ်(၈) | ၂၈/ကသဲစု | ၁၀၃-ခ၊၁၀၄ | ၀.၀၅၃ | အသစ် |

ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့် နေ့ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက် ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။

**ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ သုခဒီပရပ်ကွက်မှ မြေဧရိယာ (၀.၀၅၅) ဧကရှိ ဦးလှမင်းထွန်း ၁၂/ကတန(နိုင်)၁၆၀၉၅၆(ဘ)ဦးလှထွန်း အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ် မြေကွက်အမှတ် (ပ-၃၂၉၆၅)ကို နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၃၀၅/၂၀၂၃ (၂၁-၇-၂၀၂၃)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်စန္ဒာဦး ၉/ပမန(နိုင်)၂၂၈၀၄၈၊ (ဘ) ဦးစိုးသိန်းမှ ဒေါ်ဇင်မျိုးနွယ် ၁၁/တကန(နိုင်)၀၆၅၃၉၇ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ် စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက် အမှတ် ၁၀/မြို့မမြောက်ရပ်၊ ရတနာဒီပရပ်ကွက်မှ မြေဧရိယာ ၀ဒသမ ၂၂၀ဧကရှိ ဒေါ်ဖြိုးဆုဝင်း ၁၀/ကထန(နိုင်)၀၇၆၂၁၆(ဘ)ဦးဝင်းမြင့် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အမှတ် (ပ-၁၅၆၈)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၄၄၅၀/၂၀၂၂(၁၅-၉-၂၀၂၂)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်ခင်မာလာ ၁၂/မရက(နိုင်)၁၃၁၄၄၈(ဘ) ဦးသန်းလှိုင် မှ ဒေါ်ဝင်းပပခိုင် ၁၄/ဟသတ(နိုင်)၀၀၄၀၀၁နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ဤကြေညာချက်ပါရှိသည့်ရက်မှစ၍(၁၅)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## မွေးသက္ကရာဇ်အမှန်

မကွေးမြို့နေ ဦးတိုးအောင်မြင့် ၈/မကန(နိုင်)၀၅၃၄၅၁၏ သမီး မဆောင်းဝေဝေအောင် ၈/မကန(နိုင်)၂၅၄၆၂၇ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၀-၆-၁၉၉၅ ဖြစ်ပါကြောင်း။

**မဆောင်းဝေဝေအောင်**

## မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ နယ်ခြားကျေးရွာနေ ဦးဝင်းဆွေ ၉/မခန(နိုင်)၁၁၅၃၅၆ ၏ မွေးသက္ကရာဇ် အမှန်မှာ ၂-၁၂-၁၉၆၉ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ထားဝယ်မြို့၊ ဝဲကျွန်းထိန်သစ်ရပ်နေ ဦးတူးတူးနိုင်၏ သမီးဖြစ်သူ ထားဝယ်မြို့၊ အထက(၇)Grade-2 မှ မချစ်ရတီနွေးအား မယသော်လဝန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မယသော်လဝန်း**

## ဖခင်အမည်မှန်

မြိတ်မြို့၊ အမက ရွာသစ်ကျောင်းတွင် ပဥ္စမတန်းအောင်မြင်ခဲ့သော မောင်ကောင်းခန့်ကျော်၏ ဖခင်အမည်မှန်မှာ ဦးမောင်မောင်ကျော် ၆/မမန(နိုင်)၂၀၃၆၀၇ ဖြစ်ပါကြောင်း။

**ဦးမောင်မောင်ကျော်**

## အများသိစေရန်ကြေညာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ကန်ဖျားရပ်၊ မေတ္တာရေစင်လမ်းနေ ဦးချစ်သန်း ၆/မအရ(နိုင်)၀၄၆၁၁၄ နှင့်ဇနီး ဒေါ်သန်းသန်းဦးတို့ အမည်ပေါက်ပိုင်ဆိုင်သည့် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ ကွင်း/အကွက်အမှတ် ၃၇၊ ဘုရားကိုင်ကွင်း၊ မြိတ်တောင်နယ်မြေ၊ ဦးပိုင်အမှတ်(၄၄၃/၆၀၁)၊ ဧရိယာ ၀.၀၂၉ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မြိတ်မြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့ရုံး၊ အိမ်ခွန်ပြေစာဘီလ်အမှတ်(၂၅၀၄)နေအိမ်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အကျိုးခံစားခွင့်ရှိသူ ဦးချစ်သန်းနှင့် ဇနီး ဒေါ်သန်းသန်းဦးတို့ အမည်ပေါက်ပိုင်ဆိုင်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ဦးချစ်သန်းနှင့် ဇနီး ဒေါ်သန်းသန်းဦးတို့ အမည်ပေါက်ပိုင်ဆိုင်လျက်ရှိသည့် ဖော်ပြပါမြေကွက်နှင့်နေအိမ်တို့အား ဦးချစ်သန်းနှင့် ဇနီး ဒေါ်သန်းသန်းဦးတို့၏ သဘောတူညီချက်၊ ခွင့်ပြုချက်ရယူခြင်းမရှိဘဲ အခြားတစ်ပါးသူများအား ရောင်းချခြင်း၊ အမည်ပြောင်းလဲခြင်း၊ ပေါင်နှံခြင်း၊ စွန့်ကျဲပေးကမ်းလှူဒါန်းခြင်းများ မပြုလုပ်ကြပါရန် သတိပေးတားမြစ်အပ်ပါသည်။ အကယ်၍ ပြုလုပ်ဆောင်ရွက်ခဲ့ခြင်းများရှိခဲ့ပါက တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးချစ်သန်းနှင့်ဇနီး ဒေါ်သန်းသန်းဦး**

## ဒေါ်ခင်ခင်ချိုသိရှိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ထောက်ကြံ့မြို့နယ်၊ ဗိုလ်တေဇလမ်း၊ အမှတ် ၂/၇၅နေ ဦးဟန်သိန်းမြင့် (၁၁/စတန(နိုင်)၀၅၀၆၅၀) ၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်ခင်ခင်ချို(၁၁/စတန(နိုင်)၀၆၃၂၂၅) (ယခုနေရပ်လိပ်စာမသိ) သိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏အမှုသည် ဦးဟန်သိန်းမြင့်နှင့် ဒေါ်ခင်ခင်ချိုတို့မှာ ယခင်က အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြပြီး တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်းတိုက်ဆိုင်မှုမရှိတော့၍ စမ်းချောင်းမြို့နယ်တရားရုံးတွင် (၃-၅-၂၀၁၉) ရက်ကပင် တရားဝင်ကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်ကြောင်းသိရှိရသည်။

ယခုဒေါ်ခင်ခင်ချိုမှ ကျွန်ုပ်၏အမှုသည် ဦးဟန်သိန်းမြင့်နှင့်တစ်စုံတစ်ရာ သက်ဆိုင်ပတ်သက်မှုမရှိတော့ပဲ ကျွန်ုပ်၏အမှုသည် ဦးဟန်သိန်းမြင့်အပေါ် ဂုဏ်သိက္ခာကျစေရန်စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်စေရန်၊ နေအိမ်သို့လာရောက်ကာ အမျိုးမျိုးခြိမ်းခြောက်ပြောဆိုမှုများပြုလုပ်နေကြောင်းလည်း သိရှိရသည်။

သို့ဖြစ်ပါ၍ဒေါ်ခင်ခင်ချိုအနေဖြင့်ယခုသတင်းစာကြေညာပါသည့်ရက်မှစ၍ ကျွန်ုပ်အမှုသည် ဦးဟန်သိန်းမြင့် အပေါ်ဂုဏ်သိက္ခာကျစေရန် စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်စေရန် နေအိမ်သို့လာရောက်ကာ ခြိမ်းခြောက်ပြောဆိုမှုများ ထပ်မံပြုလုပ်လာခဲ့ပါက ဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း ဒေါ်ခင်ခင်ချိုသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ကြည်နိုင်(L.L.B) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်သက်မာလှိုင် (LL.B) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၁၈)၊ အင်းစိန်လမ်းမကြီး၊ (၁၃)ရပ်ကွက်၊လှိုင်မြို့နယ်၊**
**ဖုန်း-၀၉-၄၅၈၄၂၇၈၄၄၀၊ ၀၉-၄၀၂၉၂၇၃၇၇**

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်ကိုကိုလတ် ၉/ပဥလ(နိုင်)၀၅၂၀၂၊ အမှတ်(၁ဏ/၅၁)၊ ပြည်သာယာလမ်း၊ ရပ်ကွက်ကြီး(၁၀)၊ ပြင်ဦးလွင်မြို့နေထိုင်သူထံမှ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အမှတ်(၁၂)ရပ်ကွက်၊ အမှတ်(၁၅၅)၊ မြေညီထပ်(၂၂x၅၈)ပေ အကျယ်အဝန်းရှိ မြေညီတိုက်ခန်းနှင့် မြေအချိုးကျပိုင်ဆိုင်မှု အကျိုးခံစားခွင့် အရပ်ရပ်အားလုံး အပါအဝင် ယင်းတိုက်ခန်း၏ စာရွက်စာတမ်း မူရင်းများအား အာမခံထားရှိကာ ဒေါ်အိအိထွေး ၁၃/လလန(နိုင်)၀၅၀၁၉၁က ငွေကြေးများ ချေးယူကာ ယနေ့ထက်ထိ ပြန်လည်ပေးဆပ်ခြင်းမရှိဘဲ ရှောင်တိမ်းနေပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ဒေါ်အိအိထွေးအပြင် အခြားမည်သူတစ်ဦးဦးမှ ပိုင်ဆိုင်မှု အမည်ပြောင်းလဲခြင်း၊ အရောင်းအဝယ်ပြုလုပ်ခြင်း၊ အာမခံထားခြင်း၊ ပေါင်နှံခြင်း၊ အခြားနည်းတစ်နည်းနည်းဖြင့် ပေးကမ်းစွန့်ကြဲခြင်းများ မပြုလုပ်ပါရန်နှင့် ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးအောင်ကိုကိုလတ်၏ လွှဲအပ်ညွှန် ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** | |
| **ဦးအောင်ကိုကိုလတ်** | **ဒေါ်သီသီစိမ့်(LL.B)** | **ဒေါ်မွန်မွန်အောင်** |
| **(၉/ပဥလ(နိုင်)၀၅၂၀၂)** | **(စဉ်-၁၁၅၉၉)** | **(စဉ်-၁၇၃၆၇)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(ရ-၁/၇၃-၈၈)၊ ငွေတော်ဝင်(၂)လမ်း၊**
**ကျောက်စိမ်းလမ်းနှင့်ပုလဲလမ်းကြား၊ ရပ်ကွက်ကြီး (၈)၊ ပြင်ဦးလွင်မြို့၊ ဖုန်း-၀၉-၄၀၂၅၄၅၅၀၉**

## ခင်ပွန်းအဖြစ်မှ မသက်ဆိုင်တော့ကြောင်းအများသိစေရန် ကြေညာခြင်း

ဒေါ်သီရိစိုး ၁၂/လသယ(နိုင်)၀၆၅၅၇၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်သီရိစိုး၏ခင်ပွန်းဖြစ်သူ ဦးထွန်းလင်းအောင်သည် ဇနီးနှင့်သားအား အဆက်အသွယ်ပြုလုပ်ခြင်း၊ ကလေးစရိတ်ပေးအပ်ခြင်းများ ( လုံးဝ) မရှိတော့ပါ။ ထို့ကြောင့်ဇနီး ဖြစ်သူမှာစိတ်၊ ကိုယ်ဆင်းရဲရပြီး (၁-၇-၂၀၂၄) ရက်မှစတင်၍ စွန့်ပစ်ခဲ့သဖြင့် လုံးဝသက်ဆိုင်ခြင်း မရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သီရိစိုး၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ချိုလှဲ့သန္တာ တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၄၂၀)**
**ဖုန်း-၀၉-၉၆၅၃၉၈၂၇၂**

## အများသိစေရန် ကြေညာခြင်း

မိုးညှင်းမြို့နယ်၊ ဟိုပင်မြို့၊ မြဇေယျာရပ်ကွက်တွင် နေထိုင်သူ ဦးကျော်စိန်နှင့်ဒေါ်အေးခိုင် တို့၏သားဖြစ်သူ မောင်စစ်ငြိမ်းအေး ၁/ဟပန(နိုင်)၀၂၃၅၂၉ သည် မိဘများနှင့် ညီအစ်ကိုမောင်နှမများကို စိတ်ဆင်းရဲအောင် အကြိမ်ကြိမ် လုပ်ဆောင်သောကြောင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

နောက်နောင်မောင်စစ်ငြိမ်းအေးနှင့်ပတ်သက်သော ကိစ္စအဝဝအား လုံးဝ(လုံးဝ)တာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်စိုးမိုးဝင်း တရားလွှတ်တော်ရှေ့နေ စဉ်-၁၆၄၅၁၊**
**အမှတ်(၁၈)၊ ကျွန်းပင်သာရပ်ကွက်၊ မြစ်ကြီးနားမြို့၊**
**ဖုန်း-၀၉-၂၅၂၇၅၅၄၃၅**

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်ပိုက်ပိုက် (၉/မခန(နိုင်)၀၂၉၄၆၉) အမည်ပေါက်သော မင်္ဂလာဒုံ ဥယျာဉ်မြို့တော်၊ ဇေကမ္ဘာဝင်းအတွင်းရှိ ကုံကော်အိမ်ရာမှ အမှတ် (၇၁၊ ၇၂) ငွေချေးရန် (၁၀၅မူရင်း) အဟောင်းသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဒေါ်ပိုက်ပိုက် ဖုန်း-၀၉-၄၂၀၁၁၂၄၃၈

## အမည်မှန်၊ ဖခင်အမည်မှန်နှင့်မွေးသက္ကရာဇ်အမှန်

ဖြူးမြို့နယ်၊ ဝဲကြီးကျေးရွာအုပ်စု၊ လေးအိမ်စုကျေးရွာနေ မရွှေစင်ထွေး၏ အမည်မှန်မှာ မရွှေစင်ဖြစ်ပြီး ဖခင်အမည် ဦးမောင်ငွေး၏ အမည်မှန်မှာ ဦးငွေးဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၂၁-၅-၂၀၀၁ ဖြစ်ပါကြောင်း။

မရွှေစင်

## ပြင်ဆင်မှုလျှောက်လွှာကို ကြားနာစစ်ဆေးရန် ချိန်းဆိုသည့်နေ့ရက်ကို လျှောက်ထားခံရသူထံသို့ အကြောင်းကြားစာ (တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၅) ပြည်ထောင်စုတရားလွှတ်တော်ချုပ် ၂၀၂၅ခုနှစ်၊ တရားမပြင်ဆင်မှု အမှတ် ၁၈၃

ဦးထင်မော်ထွန်း **နှင့်** ဦးကျော်စွာစိုးပါ ၂
**လျှောက်ထားသူ** **လျှောက်ထားခံရသူများ**

ရန်ကုန်တိုင်းဒေသကြီး၊ တရားလွှတ်တော်၏ တရားမပြင်ဆင်မှု အမှတ် ၅၀၅/၂၀၂၄၏ ၂၀၂၄ခုနှစ်၊ အောက်တိုဘာလ ၂၅ရက်စွဲပါ အမိန့်ကို ပြင်ဆင်မှု လျှောက်လွှာနှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချုပ်ရပ်ကွက်၊ ငါးထပ်ကြီးဘုရားလမ်း၊ အင်ကြင်းမြိုင်အိမ်ရာ၊ အမှတ်(၁၀/ဘီ)(ယခုနေရပ်လိပ်စာမသိ)နေ အမှတ်(၂)လျှောက်ထားခံရသူ ဦးသက်ဆွေ(ခ)ဦးသန့်စင်အောင် တို့သိစေရမည်။

ဤအမှုတွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၏ အမိန့်ကို ပြင်ဆင်မှု လျှောက်လွှာတစ်စောင်ကို တရားလွှတ်တော်ရှေ့နေ ဒေါ်ခင်ဖြူဖြူမြင့်က တင်သွင်း၍ ဤရုံး၌ မှတ်ပုံတင်ခဲ့ပြီးကြောင်းနှင့် ထိုပြင်ဆင်မှုလျှောက်လွှာကို ၂၀၂၅ခု နှစ်၊ ဇွန်လ ၁၁ရက် နံနက် ၁၀နာရီ တွင် ချိန်းဆိုရန် ဤရုံးတော်က ချိန်းဆို လိုက်သည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင်ရှေ့နေဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၅ခုနှစ်၊ မေလ ၁၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။ **(ထွန်းမျိုးဌေး)**

**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမတရားစီရင်ရေးဌာန**
**ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး**

## ဒေါ်သင်ဇာမိုး (၁၄/ဒဒရ(နိုင်)၁၄၉၄၂၅) နှင့်အများသိစေရန် ကြေညာခြင်း

ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်၊ ဥဿာ(၁၂)လမ်း၊ (ခေတ္တကိုရီးယား)တွင် နေထိုင်သူ ဦးဝင်းကျော်(ဘ)ဦးကျော်ဇင်ထိုက် ၇/ပခန(နိုင်)၃၅၅၇၂၆၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဝင်းကျော်နှင့် ဒေါ်သင်ဇာမိုးတို့သည် ယနေ့တိုင်အကြင်လင်မယားများ ဖြစ်ကြပြီး သမီးမချောစန္ဒီလွင် အား မွေးဖွားခဲ့ပါ သည်။ လွန်ခဲ့သော (၆)နှစ်ကျော်က ဦးဝင်းကျော်သည် ကိုရီးယားနိုင်ငံသို့ အလုပ်သွားရောက်လုပ်ကိုင်ခဲ့၍ အောက်ပါပစ္စည်း များအား လင်မယားသဘောတူ ဝယ်စေခဲ့ပါသည်။

(၁) ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်၊ အလင်းရောင်(၂)၊ ခရေလမ်းရှိ (၁၅)ပေx (၅၅)ပေရှိ ခြံမြေ(၁)ကွက်။
(၂) ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်၊ ဥဿာ ၁၂လမ်းရှိ(၄၀x၆၀)ပေခြံမြေ (၁)ကွက်နှင့် မီတာ+သစ်သား အဆောက်အအုံ(၁)လုံး။
(၃) ပဲခူးမြို့၊ မဟာစေတီဘုရားအနောက် မဇင်းတိုးချဲ့(၁)ရပ်ကွက်၊ (၅)လမ်းရှိ(၄၀x၆၀)ပေရှိခြံမြေ(၁)ကွက်။
(၄) ပဲခူးမြို့၊ မဟာစေတီဘုရားအနီး၊ ကျိုက်ပေါ ၉လမ်းရှိ(၄၀x၆၀) ပေခြံမြေ(၂)ကွက်။
(၅) ဒေးဒရဲမြို့၊ ကုလားကုန်းတန်းကျေးရွာရှိ(၅၅x၆၀)ပေခြံမြေ(၁)ကွက် နှင့် အဆောက်အအုံ(၁)လုံး။
(၆) ဒေးဒရဲမြို့၊ အောင်မင်္ဂလာကွက်သစ်၊ သာသနာ့ဗိမ္မာန်လမ်းရှိ(၄၀x၆၀) ပေရှိခြံမြေ(၁)ကွက်။
(၇) ဆိုင်ကယ်(၂)စီး

ယခုအခါ ဦးဝင်းကျော်နှင့် ဒေါ်သင်ဇာမိုးတို့၏ အိမ်ထောင်ရေး မသင့်မြတ်သည့် အကြောင်းတရားများရှိလာပါသောကြောင့် အထက်ပါပစ္စည်းများအား ကျွန်ုပ်၏မိတ်ဆွေမသိရှိဘဲ ဒေါ်သင်ဇာမိုးအနေဖြင့် ရောင်းချခြင်း၊ လွှဲပြောင်းပေးအပ်ခြင်းများ အပါအဝင်အခြားတစ်နည်းနည်းဖြင့် ပြုလုပ်ခွင့်မရှိပါကြောင်းနှင့် အကယ်၍ ဒေါ်သင်ဇာမိုးမှ လိုက်နာရန် ပျက်ကွက်ပါက ၎င်းနှင့်သာ သက်ဆိုင်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းကျော်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကြည်နိုင်(LL.B) အထက်တန်းရှေ့နေ(စဥ်-၂၅၁၄၉/၃၁-၈-၂၀၀၆)**
**အမှတ်(၂၈၈၁)၊ အင်းဝင်(၈)လမ်း၊ နန်းတော်ရာရပ်ကွက်၊ ပဲခူးမြို့**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ခေမာသီရိရပ်ကွက်၊ အိမ်အမှတ် (၈/၈၀၂)နေ ဦးယူချန်း ၁/ဝမန(ဧည့်) ၀၀၀၁၀၉၊ဒေါ်လောဖမ်း(ခ)လေဖမ်း၁/ဝမန(ဧည့်)၀၀၀၁၀၇၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေ၏ သားဖြစ်သူ မောင်ဆီးချောင် ၁/မညန(ဧည့်) ၀၀၀၅၂ သည် မိဘနှစ်ပါး၏ ဆိုဆုံးမစကားကို မနာခံဘဲ စိတ်ဆင်းရဲအောင်ဆောင်ရွက်ပြီး မိမိသဘောဆန္ဒအလျောက် နေအိမ်မှ ဆင်းသွင်းပါသဖြင့် ဤကြေညာပါသည့် ရက်မှစ၍ ကျွန်ုပ်မိတ်ဆွေများက မောင်ဆီးချောင်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလင်းဖေ**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၈၉၈)**
**အမှတ်(၁၈/၄၁)၊ ရမ်ပူရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန (ခုတင်-၅၅၀)ဆံ့ကလေးဆေးရုံကြီး၊ မန္တလေးမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၅-၂၀၂၆ခုနှစ် ဘဏ္ဍာရေးနှစ်အတွက် ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေး ဦးစီးဌာန၊ မန္တလေးမြို့၊ (ခုတင်-၅၅၀)ဆံ့ကလေးဆေးရုံကြီးတွင် တက်ရောက်ဆေးဝါးကုသမှုခံယူသော လူနာများအတွက် လိုအပ်သည့်(FDA)အသိအမှတ်ပြုဆေးဝါးများ၊ ဆေးနှင့်ဆေးပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံးဆေးပစ္စည်းများ၊ ဓာတ်မှန်ခန်းသုံးပစ္စည်းများ၊ Consumable များ၊ Consumable For Speciality များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အစိုးရအသိအမှတ်ပြု ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၂၂-၅-၂၀၂၅ရက် (ကြာသပတေးနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၆-၆-၂၀၂၅ရက်(သောကြာနေ့) ညနေ (၄:၀၀)နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များအား အသေးစိတ်သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံးသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**(ခုတင်-၅၅၀)ဆံ့ကလေးဆေးရုံကြီး၊ မန္တလေးမြို့**
**ဖုန်း-၀၂-၄၀၂၄၉၁၆**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ စျ ရပ်ကွက်၊ အကွက်အမှတ် လလ.၂၂၊ ဦးပိုင်အမှတ် ၁-င၊ ၆၆x၆၇ကြား၊ ၁၄၂x၁၄၃လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ကျန်ချင်းဟို ၉/မရမ(နိုင်) ၀၆၄၇၁၁၏ အထူးကိုယ်စားလှယ် လွှဲစာအမှတ်(၆၉၄၇/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဆန်ဒစ်ဆင် ၁/မကန(နိုင်)၁၁၇၃၄၂ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ (၁၀၁)လမ်း၊ အမှတ်(၃၇)၊ ပထမထပ် (တိုက်မျက်နှာမူလျှင်ဝဲဘက်)တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရှုပ်အရှင်းကင်းကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဦးခင်မောင်ဝင်း (၁၂/ကတတ(နိုင်)၀၁၈၈၅၈)ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သော ဦးချစ်မြ(၁၂/ဥကမ(နိုင်)၀၂၇၉၇၃)က ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေဝယ်ယူထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအရောင်း အဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤသတင်းစာ ကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကောင်းမြတ်သူ(LL.B.,LL.M.) အထက်တန်းရှေ့နေ(စဉ်-၅၅၂၂၇)**
**အမှတ်(၅၄/၅၆)၊ မာလာမြိုင်(၅)လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၅၈၀၀၂၈၅၈**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၄၀)၊ သိန်းတရာလမ်း၊ မြေကွက်အမှတ်(၁၇၉၁/ခ)၊ မြေအမျိုးအစား-ပါမစ်မြေ၊ မြေအကျယ်အဝန်း(၂၀ ပေ x ၆၀ ပေ)ရှိ မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ပါမစ်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်မွန်သစ် (ISN-၅၁၅၇၅၆) ထံမှ အရောင်းအဝယ် စာချုပ်စာတမ်း အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးတင်လင်းအောင် (၅/စကန(နိုင်)၁၅၄၀၁၇)ထံမှဆက်လက်၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မိုးစန္ဒာ (၁၀/ပမန(နိုင်)၁၈၉၂၉၆)က အပြီးအပိုင်လက်ရောက် ဝယ်ယူရန်စရန်ငွေ (တန်ဖိုး၏တစ်စိတ်တစ်ဒေသငွေ) ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသော (စာရွက်စာတမ်းမူရင်းများ) အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ထိုနေ့ရက်ကျော်လွန်သည့်တိုင် လာရောက်ကန့်ကွက်မှုများမရှိပါက ဤမြေကွက်အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်မိုးစန္ဒာ၏ လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးအာကာလင်း (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၄၃၄/၂၀၂၁)**
**အမှတ်(၈၅၈)၊ အင်းဝလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-၀၉-၂၆၄၁၉၂၈၈၊ ၀၉-၂၆၀၃၉၉၀၃၅**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ ရှမ်းတဲကျေးရွာအုပ်စု၊ ရေတွင်းဖြူကျေးရွာနေ ဦးအောင်စိုး ၉/မထလ(နိုင်) ၀၁၀၂၈၃နှင့်ဒေါ်ခင်လှိုင် ၉/မထလ(နိုင်) ၀၆၃၄၁၉တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးအောင်စိုးနှင့် ဒေါ်ခင်လှိုင်တို့၏ သမီးကြီး၊ မအေးပပအောင် ၉/မထလ(နိုင်) ၁၇၇၂၈၃သည် မိဘများ၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်ခြင်း၊ မိဘများ ဂုဏ်သိက္ခာကျဆင်းအောင် ပြုလုပ်ခဲ့ခြင်း၊ ခွင့်မလွှတ်နိုင်သည့် အပြုအမူများ လုပ်ဆောင်ခြင်းတို့ကြောင့် ဤသတင်းစာကြော်ငြာပါရှိသည့်ရက်မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်၎င်းနှင့် ပတ်သက်သောကိစ္စအဝဝတို့အား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လှလှမျိုး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၂၃၅)**
**ပြည်သာယာ(မ)ရပ်၊ မိတ္ထီလာမြို့၊ ဖုန်း-၀၉-၄၀၂၇၃၆၆၁၀**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ (တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ- ၂၂) မဟာအောင်မြေခရိုင်တရားရုံးတော် ၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ် -၂၉နှင့် ဆက်နွှယ်သည့် ၂၀၂၄ခုနှစ်၊ တရားမဇာရီမှုအမှတ် -၂၄၀

မန်းမေတ္တာရောင်းဝယ်ရေး ကုမ္ပဏီလီမိတက် **နှင့်** ဦးသန်းထွန်းဦး
MANN MYITTAR TRADING COMPANY LIMITED
(၎င်းကိုယ်စား မန်နေဂျင်းဒါရိုက်တာ
ဒေါ်အေးကြည်စမ်း)
**(တရားနိုင်)** **(တရားရှုံး)**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီ အရှေ့ရပ်ကွက်၊ ၇၇x၇၈လမ်းကြား၊ ၁၁x၁၂ လမ်းကြား၊ (၂၅/၁၉)နေ ဦးသန်းထွန်းဦး (ယခုနေရပ်လိပ်စာမသိသူ)အား သိစေရမည်။

၂၀၂၄နှစ်၊ တရားမကြီးမှုအမှတ် ၂၉ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင်ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၅ခုနှစ်၊ ဇွန်လ ၆ ရက်(၁၃၈၇ခုနှစ်၊ နယုန်လဆန်း ၁၁ရက်) မွန်းမတည့်မီ ၉:၃၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၅ခုနှစ်၊ မေလ ၁၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သူဇာဦး)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**မဟာအောင်မြေခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်။

**ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၆ဧ၅၊ မြေကွက်အမှတ်-၁၁၄အင်န်/၁ဘီ၊ ဧရိယာ-၀.၁၃၄ဧကအကျယ်အဝန်းရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ကမ္ဘောဇလမ်း၊ အမှတ်-၁၁(က) ဟုခေါ်တွင်သည့် နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်လက်ရှိ အမည်ပေါက်ပိုင်ဆိုင်သူများဖြစ်ကြသော ဒေါ်ခင်စိုးစိုးလှိုင် (၁၂/ဗဟန(နိုင်)၀၄၇၄၁၁)၊ ဒေါ်ခင်အေးအေးလှိုင် (၁၂/ဗဟန(နိုင်) ၀၄၇၄၀၇)၊ ဒေါ်ခင်ထွေးထွေးလှိုင် (၁၂/ဗဟန(နိုင်)၀၄၇၄၀၉)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေများအနက်မှ တစိတ်တဒေသကိုပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေနှင့်အဆောက်အအုံအပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို အရောင်းအဝယ်ကိုကန့်ကွက်လိုပါက ယနေ့မှစ၍(၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံလူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။**

**ညွှန်ကြားချက်အရ**
**သင်းကြူစိုး LL.B., LL.M.**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၅၅၆)**
**ရုံး-အမှတ်-၅၅၊ အခန်း-၅၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၁-၈၃၇၈၇၉၉၊ ၀၉-၅၀၁-၆၃၅၂၊ ၀၉-၅၅၀-၆၅၅၆။**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၉၃၊ မြေကွက်အမှတ် ၁၄၄/က၊ ဇော်ဂျီလမ်း၊ အကျယ်အဝန်း(၂၀ပေx ၆၀ပေ)ရှိ ဦးထိန်လင်း အမည်ပေါက် ပါမစ်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိ အဆက်အစပ်စာချုပ်ဖြင့် တရားဝင်ဝယ်ယူ ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူ ဦးဝင်းအောင် ၇/သနပ(နိုင်) ၀၃၇၆၅၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စုမြတ်ကျော် ၁၂/ကမတ(နိုင်) ၀၅၈၀၈၉မှ အပြီးအပိုင်ဝယ်ယူထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အပြီးအပိုင် အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစောကျော်စွာထွဋ်(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**တိုက်(၉/၁၁)၊ မြေညီထပ်၊ (၃၆)လမ်းအောက်၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး ဖုန်း-၀၉-၄၄၀၆၅၅၇၃၈**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ကျော်ဖံကျေးရွာ၊ အိမ်အမှတ်(၁၀၅)နေ ဦးဝင်းနိုင်(၁၄/မမက(နိုင်)၀၂၁၇၂၂)၊ ဒေါ်ကြည်ထွေး(၁၄/မမက(နိုင်)၀၉၂၂၂၄)တို့၏သားဖြစ်သူ ကိုထက်လင်းနိုင်(ခ)ကိုထက် (၁၄/မမက(နိုင်)၂၈၁၀၄၅)သည် မိဘ၏ဆိုဆုံးမမှုကို နာခံမှုမရှိဘဲ ခွင့်မလွှတ်နိုင်သောအပြုအမူများဖြင့် မိဘနှစ်ပါးအား ကိုယ်စိတ် နှစ်ပါးဆင်းရဲအောင်၊ စိတ်ငြိုငြင်အောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့ပါသဖြင့် ကိုထက်လင်းနိုင်(ခ)ကိုထက် (၁၄/မမက(နိုင်) ၂၈၁၀၄၅)အား သားအဖြစ်မှ ရာသက်ပန်အမွေပြတ် စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝတို့အား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးဝင်းနိုင်(၁၄/မမက(နိုင်)၀၂၁၇၂၂)နှင့်ဒေါ်ကြည်ထွေး(၁၄/မမက(နိုင်)၀၉၂၂၂၄)**
**တို့၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးမွန် ( LL.B ) အထက်တန်းရှေ့နေ(စဉ်-၅၅၉၅၈)**
**ဖုန်း၊ ၀၉-၆၈၃၈၅၄၉၁၅**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်၊ အမှတ် (၄၀)၊ (၈)လမ်း၊ (၁၀) ရပ်ကွက်နေ (ဘ) ဦးရဲချစ် ၁၄/ဖပန(နိုင်)၀၀၁၆၄၄နှင့် အမိ ဒေါ်တင်ဥ ၁၄/ဖပန(နိုင်)၀၀၇၁၈၇တို့၏သမီးဖြစ်သူ မကေခိုင်မိုး ၁၄/ဖပန(နိုင်)၁၀၀၆၉၄သည် မိဘ၏ဆိုဆုံးမမှုတို့အား နားမထောင်ဘဲ မိဘများအပေါ် စိတ်သောကရောက်အောင် အကြိမ်ကြိမ်ပြုလုပ်သည့်အပြင် ကိုယ်စိတ်နှစ်ပါး ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်ခဲ့သဖြင့် မကေခိုင်မိုးအား ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း၊ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးရဲချစ်-ဒေါ်တင်ဥ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

သထုံမြို့နယ်၊ သုဝဏ္ဏဝတီမြို့သစ်၊ (က)ရပ်ကွက်၊ (၄)လမ်းနေ ဦးအောင်ကိုမင်း၏ ဇနီးဖြစ်သူ ဒေါ်ညိုဝင်း(ခ) ဒေါ်ခင်ညိုဝင်း ၈/ပမန(နိုင်)၀၆၄၀၀၅မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဒေါ်ညိုဝင်း(ခ)ဒေါ်ခင်ညိုဝင်း**
**၈/ပမန(နိုင်)၀၆၄၀၀၅**

## အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့နယ်၊ တီတွဒ်ကျေးရွာ၊ ထမကောက်အုပ်စု၊ ရေနံမြေစခန်းဝင်းနေ (ဘ)ဦးမြတ်ကို ၏သား မောင်ရဲဝင်းကျော်၏ အမည်မှန်မှာ မောင်ရဲဝင့်ကျော် ၇/ပမန(နိုင်) ၁၁၆၂၇၈ ဖြစ်ပါကြောင်း။

**မောင်ရဲဝင့်ကျော်**
**၇/ပမန(နိုင်)၁၁၆၂၇၈**

## အမည်ပြောင်း

တောင်ငူခရိုင်၊ အုတ်တွင်းမြို့၊ ပဲခူးလမ်းရပ်ကွက်၊ ရှင်စောပုလမ်းနေ ဦးထွန်းထွန်းဦး ၏ သမီးဖြစ်သော ပညာမြင့်မိုရ် ကိုယ်ပိုင်အထက်တန်းကျောင်း Grade-5 မှ မလဝန်းအိမ်အား မရတနာထွန်းဟု ပြောင်းလဲခေါ်ပါရန်။

**မရတနာထွန်း**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၈-၅-၂၀၂၅ရက်နေ့ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၃၁) ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်းကြော်ငြာတွင် ဒေါ်သန္တာဝင်း အထက်တန်းရှေ့နေ (စဉ်-၄၆၃၅၆)အစား ဒေါ်သဉ္ဇာဝင်း အထက်တန်းရှေ့နေ (စဉ်-၄၆၃၅၆) ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ပါကြောင်း

မိုးညှင်းမြို့၊ မြို့မရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၇/မြို့မ)၊ ဦးပိုင်အမှတ်(၆.က)၊ မြေကွက်အမှတ်(8)၊ မြို့မြေ၊ မြေဧရိယာ ၀.၁၁၈ ဧကရှိ မြေကွက်သည် ဒေါ်မြမြသန်း အမည်ဖြင့် ၇-၉-၂၀၂၂မှ ၆-၉-၂၀၃၇ အထိ (၁၅)နှစ် မြေငှားဂရန် ရရှိ ပြီး ဖြစ်ပါသည်။ အဆိုပါမြေကွက်အား ဦးတင်ဦးမောင် (ဘ)ဦးလှမောင်သန်း ၁၁/ပတန(နိုင်)၀၄၆၃၀၇နှင့် ဒေါ်ဖြူဖြူမိုး (ဘ)ဦးရွှေမြိုင်သိန်း ၁/မညန(နိုင်)၁၃၀၅၉၃ အမည်ဖြင့် တရားဝင်ရောင်းဝယ်စာချုပ်ချုပ်ဆိုဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်၍ အမည်ပြောင်းမြေငှားဂရန် ပြန်လည် လျှောက်ထားမည်ဖြစ်ပါသဖြင့် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည် သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည်အထိ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတင်ဦးမောင်**
**၁၁/ပတန(နိုင်)၀၄၆၃၀၇နှင့်**
**ဒေါ်ဖြူဖြူမိုး**
**၁/ မညန(နိုင်)၁၃၀၅၉၃၊**
**မြို့မရပ်ကွက်၊မိုးညှင်းမြို့**

**မူးယစ်ကိုပစ်**
**ပန်းတိုင်သစ်**
**စိတ်သစ် လူသစ်**
**ဘဝသစ်**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
လယ်ဝေးမြို့နယ်တရားရုံးတော်
၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅

မဇင်သရဖီခိုင် **နှင့်** ကိုငြိမ်းချမ်း
**(တရားလို)** **(တရားပြိုင်)**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး-၁၊ ဒေါ်ခင်ရီ (ရှမ်းခေါက်ဆွဲဆိုင်)၌နေထိုင်သူ တရားပြိုင် ကိုငြိမ်းချမ်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို မဇင်သရဖီခိုင်က အစ္စလာမ်တရား ဥပဒေအရ လင်မယားကွာရှင်း ပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၀ရက် (၁၃၈၇ ခုနှစ်၊ နယုန်လပြည့် ၁၅ ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ မေလ ၂၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စုသဲမြတ်)
**တွဲဖက်မြို့နယ်တရားသူကြီး**
**လယ်ဝေးမြို့နယ်တရားရုံး**

## ကုန်အမှတ်တံဆိပ်အသိပေးကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ မိုးညိုမြို့၊ ရွှေဥဒေါင်းရပ်ကွက်၊ အောင်ဇေယျလမ်းတွင်နေထိုင်သော ဦးစန်းသွင် ၇/မညန(နိုင်) ၀၀၀၃၆၆ သည် အောက်တွင်ဖော်ပြထားသော အမှတ်တံဆိပ်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မူပိုင်ခွင့်ဦးစီးဌာန၏ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်မှတ်ပုံတင်အမှတ် (Registration No)ဖြင့် ကုန်အမှတ်တံဆိပ် အမည်အမှတ်အသား မူပိုင်ရှင်ဖြစ်ပါသည်။




အထက်ဖော်ပြပါ Pure Life အမှတ်တံဆိပ်အမှတ်အသားဖြင့် သောက်ရေသန့်အား မိမိကိုယ်တိုင်ထုတ်လုပ်၍ လက်လီလက်ကားဖြန့်ဖြူးရောင်းချခြင်း၊ မိုးညိုမြို့၊ မြို့မရပ်ကွက်၊ ရွှေမကျီးပင်လမ်းတွင် ဆိုင်ခန်းဖွင့်လှစ်၍ ရောင်းချခြင်းများတို့တွင် မိုးညိုမြို့နယ် တစ်မြို့နယ်လုံးရှိ လူအများအသုံးပြုလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ Pure Life အမှတ်တံဆိပ်အား မည်သည့်ပုံစံဖြင့်မဆို မှီငြိမ်းတုပသုံးစွဲခြင်း၊ အမည်၊ စားသားပုံစံတူ ထုတ်လုပ်ရောင်းချခြင်း၊ တစ်နည်းနည်းအားဖြင့် ထင်ယောင်ထင်မှားဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးပြုခြင်းမျိုး မပြုလုပ်မဆောင်ရွက်ကြရန် အသိပေးတားမြစ်ပါသည်။ အတုအပ ဆင်တူယိုးမှားပြုလုပ်သုံးစွဲနေသည်ကို တွေ့ရှိပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဦးစန်းသွင် ၇/မညန(နိုင်)၀၀၀၃၆၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်ဝင်းထွန်း LL.B(စဉ်-၁၁၀၀၅)**
**တရားလွှတ်တော်ရှေ့နေ**
**မိုးညိုမြို့၊ ရွှေဥဒေါင်းရပ်ကွက်၊ မနောသုခလမ်း၊ ပဲခူးတိုင်းဒေသကြီး**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၁၃)၊ ကုန်းဘောင်လမ်းသွယ် (၃)လမ်း၊ အောင်ဇေယျကြိုးတံတားအနီး၊ စက်မှုဇုန်(၇)၊ လှိုင်သာယာမြို့နယ်တွင် ကျွန်မ ဒေါ်ဝင်းဝင်းမော်မှမိုးရတီအမည်အမှတ်တံဆိပ်ဖြင့် သောက်ရေသန့် ထုတ်လုပ်ရောင်းချရန် စီစဉ်ထားရှိပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတစ်ဝန်းတွင်ရှိသော သောက်ရေသန့်စက်ရုံများမှ အမည်တူရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်မ မဝင်းဝင်းမော်ထံသို့ လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ၊ Viber ဖြင့်ဖြစ်စေ ဆက်သွယ်၍ ခိုင်လုံသော အထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါသည်။ လာရောက်ကန့်ကွက်ခြင်းမပြုပါက သတင်းစာကြော်ငြာချက်နှင့် အတူအသုံးပြုလိုသော အမှတ်တံဆိပ်ဖြင့် မူပိုင်ခွင့်အား ဆက်လက်လျှောက်ထားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ဝင်းဝင်းမော် ၁၂/ဗဟန(နိုင်)၀၀၁၁၁၉**
**အမှတ်(၁၃)၊ ကုန်းဘောင်လမ်းသွယ်(၃)လမ်း၊ စက်မှုဇုန်(၇)၊**
**လှိုင်သာယာမြို့နယ်**
**ဖုန်း-၀၉-၅၅၅၁၁၁၉၊ ၀၉-၇၉၃၃၂၂၃၃၀**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘတ်ဂျက်ဖြင့်ဆောင်ရွက်မည့် အောက်ဖော်ပြပါလုပ်ငန်းများအတွက် ပစ္စည်းများနှင့် လုပ်ငန်းများအား မြန်မာကျပ်ငွေ (Kyat) ဖြင့် ဝယ်ယူ၊ လုပ်ငန်းအပ်နှံလိုပါသည်-

(က) ပဲခူးတိုင်းဒေသကြီး(အရှေ့)၊ တောင်ငူမြို့သစ်စီမံကိန်းနှင့် မလွတ်ကင်းသည့် တောင်ငူ-ရခိုင်စု ၃၃ ကေဗွီလိုင်း (၃.၃) မိုင်အား လမ်းအူကြောင်း အသစ်တည်ဆောက်ခြင်းအတွက် ဓာတ်အားလိုင်းဆက်စပ်ပစ္စည်းများ ဝယ်ယူရန်

(ခ) ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဆီဆိုင် (နောင်ရင်းဒုံ) ခွဲရုံ၊ 33 kV Outgoing Switch Bay (1 Bay)၊ ပိုးအယ်ခွဲရုံ၊ 33/11 kV (5 ) MVA Transformer Bay (1 Bay) နှင့် ကလော(သရက်ပင်) 33/11 kV (10) MVA (3 Bays)အတွက် လိုအပ်သော ဓာတ်အားခွဲရုံဆက်စပ်ပစ္စည်းများ ဝယ်ယူရန်

(ဂ) ရေဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်း-အိမ်မဲ ၃၃ ကေဗွီလိုင်း ACSR 70 $mm^2$ (၁၄.၂) မိုင်အား ACSR 477 MCM ဖြင့် အဆင့်မြှင့်တင်တည်ဆောက်ခြင်းလုပ်ငန်းအား (ပစ္စည်း+လုပ်အားခ)စနစ်ဖြင့် လုပ်ငန်းအပ်နှံခြင်း

(ဃ) ပဲခူးတိုင်းဒေသကြီး(အရှေ့)၊ ကဝမြို့နယ်တွင် အင်းတကော်ခွဲရုံမှ ကဝခွဲရုံအထိ လက်ရှိ ၃၃ ကေဗွီလိုင်း ACSR 70 $mm^2$ (၉.၃၂) မိုင်အား ၁၂ မီတာ ကွန်ကရစ်တိုင်၊ သံလက်တန်း၊ ACSR 477 MCM, Overhead Earth Wire ဖြင့် အသစ် တည်ဆောက်ခြင်းလုပ်ငန်းအား (ပစ္စည်း+လုပ်အားခ)စနစ်ဖြင့် လုပ်ငန်းအပ်နှံခြင်း

(င) မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်တွင် ကျိုက်ထီးရိုးဘုရားအား ဓာတ်အားပြတ်တောက်မှုမရှိစေရေး ၃၃ ကေဗွီ သီးခြားဖီဒါဖြင့် ဓာတ်အားပေးနိုင်ရေးအတွက် ကျိုက်ထို (ဆောင်နိုင်ကြီး)ခွဲရုံမှ ဝင်းကလောလမ်းဆုံအထိ ၃၃ ကေဗွီ AW/O-C လိုင်း (၅.၅)မိုင် တည်ဆောက်ခြင်းလုပ်ငန်းအား (ပစ္စည်း+လုပ်အားခ) စနစ်ဖြင့် လုပ်ငန်းအပ်နှံခြင်း

(စ) ရေဝတီတိုင်းဒေသကြီး၊ ရေကြည်-ခနုဖြူ ၃၃ ကေဗွီလိုင်း ACSR 70 $mm^2$ (၄၀.၃၄) မိုင်မှ ပထမအဆင့် (၂၇.၅) မိုင်အတွက် ACSR 477 MCM ဖြင့် အဆင့်မြှင့်တင် တည်ဆောက်ခြင်းလုပ်ငန်းအား (ပစ္စည်း+ လုပ်အားခ) စနစ်ဖြင့် လုပ်ငန်းအပ်နှံခြင်း

(ဆ) ရေဝတီတိုင်းဒေသကြီး ဆားမလောက်-ညောင်တုန်း ၃၃ ကေဗွီလိုင်း ACSR 70 $mm^2$ (၆) မိုင်အား ACSR 477 MCM ဖြင့် အဆင့်မြှင့်တင်တည်ဆောက်ခြင်းလုပ်ငန်းအား (ပစ္စည်း+လုပ်အားခ) စနစ်ဖြင့် လုပ်ငန်းအပ်နှံခြင်း

(ဇ) ပဲခူးတိုင်းဒေသကြီး(အရှေ့)၊ ဝေါမြို့နယ်တွင် ၃၃ ကေဗွီ ဝေါဖီဒါ (ကလိလေးတိုင်စင်မှ ဘုရားကြီးမြို့အဝင် ဆည်မြောင်းတာဘောင်အထိ)လက်ရှိ ၃၃ ကေဗွီ ဓာတ်အားလိုင်း (၆.၇၁၆) မိုင်အား ၁၂ မီတာ ကွန်ကရစ်တိုင်၊ သံလက်တန်း၊ ACSR 477 MCM, Overhead Earth Wire ဖြင့် အသစ်တည်ဆောက်ခြင်းလုပ်ငန်းအား (ပစ္စည်း+ လုပ်အားခ) စနစ်ဖြင့် လုပ်ငန်းအပ်နှံခြင်း

**တင်ဒါစတင်ရောင်းချမည့်ရက်** - (၂၁-၅-၂၀၂၅)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - (၄-၆-၂၀၂၅) ရက်နေ့၊ မွန်းတည့်(၁၂:၀၀) နာရီ

၂။ တင်ဒါပုံစံနှင့် အချက်အလက်များကို သတ်မှတ်နှုန်းထားအတိုင်းဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။
၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အင်ဂျင်နီယာချုပ်ရုံး၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ပျဉ်းမနားမြို့နယ်တရားရုံးတော်၌
၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၃

ဦးဒီးဒီး **နှင့်** ဒေါ်နွယ်မွန်ဦး
**(တရားလို)** **(တရားပြိုင်)**

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ရန်-မန်းလမ်းဟောင်းဘေး၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ "ဝင်း" ကားပစ္စည်းအရောင်းဆိုင်၊ အမှတ်(ဗ-၆၇၆)နေ ဒေါ်နွယ်မွန်ဦး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ် တရားလို ဦးဒီးဒီးက ငွေကျပ်(၁၉၃)သိန်းရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂ ရက် (၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၇ရက်) မွန်းမတည့်မီ နံနက်(၁၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ပါဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များ ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြ အမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ် မေလ ၁၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နှင်းသီတာထက်)**
**ဒုတိယမြို့နယ်တရားသူကြီး(၂)**
**ပျဉ်းမနားမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
ကျုံပျော်မြို့နယ်တရားရုံးတော်
၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် -၁၇

ဦးဝင်းခင် **နှင့်** ၁။ ဦးသန်းဇော်လတ် (ခ) ပေါက်ဖော်
၂။ ဒေါ်သင်းသင်းရီ (ခ)သင်းသင်း
**(တရားလို)** **(တရားပြိုင်များ)**

ရေဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နယ်၊ ယခင်ကအစုကြီးအုပ်စု၊ ညောင်ပင်ကွင်းကျေးရွာနေ ဦးသန်းဇော်လတ်(ခ)ပေါက်ဖော် (ဘ)ဦးဝင်းမောင်နှင့် ဒေါ်သင်းသင်းရီ(ခ)သင်းသင်း (ဘ)ဦးဂေါ်ပြား (အတူနေလင်မယား) (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုဖြစ်သော ဦးဝင်းခင်က ငွေကျပ်(၁၂၅၀၀၀၀၀) (ကျပ်တစ်ရာနှစ်ဆယ့်ငါးသိန်းတိတိ)ရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကိုချေပ ပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပ ပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၆ရက် (၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင်အထက်ပါနေ့ရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်တို့၏မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ မေလ ၁၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်ငြိမ်းသာ)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ကျုံပျော်မြို့နယ်တရားရုံး**

## MR.WANG YUE PENG (Director)
## Passport No EG-5839968,
## Asia Surpass Co.,Ltd သိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ River View Garden ပင်လုံအိမ်ရာအပိုင်း(၄)၊ အမှတ်(၄၂/၆) တွင် နေထိုင်သည့် ကျွန်ုပ် မိတ်ဆွေ ဦးကျော်မင်းထွန်း(ဒါရိုက်တာ)Golden Union International Trading Co.Ltd. ၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်။

MR. WANG YUE PENG သည် ရန်ကုန်မြို့ရှိ The Central ပရောဂျက်တွင် Building R8" စီမံကိန်းကန်ထရိုက်တာအဖြစ် လုပ်ငန်းလုပ်ကိုင်စဉ် Mottama Co.,Ltd သို့ ပေးချေရမည့် သံမဏိပစ္စည်းများတန်ဖိုးငွေ US $ 225700 ကို ပေးချေနိုင်ခြင်းမရှိ၍ ကျွန်ုပ်မိတ်ဆွေကုမ္ပဏီမှ စိုက်ထုတ်ပေးချေရန်၊ ဝန်ဆောင်မှုစရိတ်အဖြစ် US $ 50690 စုစုပေါင်း US $ 276390 ပေးအပ်ရန် သဘောတူညီပြီး ၂၂-၁၁-၂၀၂၃ ရက်တွင် ငွေပေးချေမှု ဝန်ဆောင်ခြင်း ကတိစာချုပ်ကို ချုပ်ဆိုခဲ့ကြပါသည်။

MR. WANG YUE PENGမှ ကျွန်ုပ်မိတ်ဆွေအား ငွေပြန်လည်ပေးဆပ်ခြင်းမရှိ၍ ရန်ကင်းမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ ၂၉-၁၂-၂၀၂၄ ရက်နှင့် ၂-၁-၂၀၂၅ ရက်တို့တွင် နှစ်ဖက်တွေ့ဆုံဖြေရှင်းစဉ် MR. WANG YUE PENG မှ ၁၂-၁-၂၀၂၅ရက်၌ US $ 276390 ၏ လေးပုံတစ်ပုံပေးသွင်းမည်ဟု ပြောဆိုခဲ့သော်လည်း လာရောက်ခြင်းမရှိဘဲ ရှောင်တိမ်းနေသည်မှာ ယနေ့ချိန်ထိဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်မိတ်ဆွေမှ MR. WANG YUE PENG အား ရန်ကင်းမြို့မရဲစခန်းတွင် (ပ)၄၅/၂၀၂၅၊ ရာဇသတ်ကြီးပုဒ်မ-၄၂၀ ဖြင့် အမှုဖွင့်တိုင်ကြားထားပြီးဖြစ်ပါသည်။ MR. WANG YUE PENG အနေဖြင့် ဤကြော်ငြာစာပါရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်မိတ်ဆွေထံ လာရောက်ညှိနှိုင်းလိုသည့်ဆန္ဒရှိပါက ညှိနှိုင်းနိုင်ကြောင်းနှင့် လာရောက်ဆက်သွယ်ခြင်းမရှိပါက ကျွန်ုပ်မိတ်ဆွေ၏ ကုန်ကျစရိတ် အားလုံးသည် MR. WANG YUE PENG ၏ တာဝန်သာဖြစ်ပါကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနန္ဒ ( LL.B, D.B.L, D.I.L ) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၅၄၂/၁၇)**
**အခန်း(၅) သမာဓိလမ်း၊ ဆ/ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် (တရားရုံးအနီး)**
**ဖုန်း-၀၉-၄၄၄၆၇၀၇၀၇**

## အမည်မှန်နှင့်ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ လေ့ကျင့်ရေးအလယ်တန်းကျောင်း၊ Grade-6 အောင်မှ မဂျင်းနီဂျာဆိုင်းမြတ် ၏ အမည်မှန်မှာ မလဖိုင်ဂျာဆိုင်းမြတ် ဖြစ်၍ Grade-5 အောင်မှ မစင်ဒီနန်ထွယ်မိုင် ၏ အမည်မှန်မှာ မလဖိုင်နန်ထွယ်မိုင်ဖြစ်ပြီး ၎င်းတို့၏ဖခင်အမည်မှန်မှာ ဦးအယ်ခွန်နောင် ၉/ပသက(နိုင်)၀၆၀၉၇၅ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(ဃ)၊ ဝေပုလ္လ(၈)လမ်း၊ မြေကွက်အမှတ် (၆၂၂ ဘီ/၂)ဟုခေါ်တွင်သော အကျယ်အဝန်းအလျားပေ ၂၀ xအနံ ပေ၆၀မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ထပ်နေအိမ်နှင့် ရေ+မီးအပါအဝင် သီးပင်၊ စားပင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် မြေငှားစာချုပ်အမှတ်-မဥ/ဃ-၄၃၉/၉၃၊ အမှုတွဲအမှတ်-ရကစ/မြေရာ(မဥ/ဃ၊ ၄၃၉/၉၃)ဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးဘဌေး(CE-046803)၊ ဒေါ်ဝင်းမြိုင် (CE-074021) အမည်ဖြင့် တည်ရှိသော နှစ်(၆၀)ဂရန် မြေအမျိုးအစားမြေကွက်ဖြစ်ပါသည်။ အဆိုပါအိမ်ခြံမြေအား (၁၆-၁၂-၂၀၁၈)ရက်စွဲပါ မိသားစု စီမံမှုကတိစာချုပ်ဖြင့် ဖခင်ဦးဘဌေးနှင့် မိခင် ဒေါ်ဝင်းမြိုင်တို့မှ သားဖြစ်သူဦးမျိုးဝင်းအားပေးအပ်ထားသည့် အိမ်ခြံမြေဖြစ်ပြီး၊ ဦးမျိုးဝင်းမှာ ၈-၁၀-၂၀၂၀ရက်တွင်ကွယ်လွန်သွားခဲ့ပါသည်။ ၎င်းကွယ်လွန်သွားပြီးနောက် ဇနီးဒေါ်ဥမ္မာမှ အမွေဆက်ခံပိုင်ဆိုင်ခွင့်အရ ၎င်းအိမ်ခြံမြေအားပိုင်ဆိုင်ခဲ့ပြီး၊ ဒေါ်ဥမ္မာမှ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း၊ မိမိသာလျှင် စီမံခန့်ခွဲ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြု၍ ရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးလွင် ၉/ပမန(နိုင်) ၁၅၃၆၈၁မှ ဝယ်ယူရန် အတွက် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါရောင်းချသော အိမ်ခြံမြေနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ယခုကြော်ငြာပါသည့်ရက်မှစ၍ (၁၀)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း(မူရင်း) အထောက်အထားများဖြင့် လူကိုယ်တိုင် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

